103

အမရပူရ

မဟာဂန္ဓာရုံဆရာတော်

အရှင်ဇနကာဘိဝံသ ၏

# သိပ္ပံအမြင်နှင့် ဗုဒ္ဓအဘိဓမ္မာအဖြေများ

သာသနာရေး ဦးစီးဌာန
အရှင်ကောဝိဒ မှ
လှူဒါန်းပါသည်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန။

သာသနာ ၂၅၂၅ ကောဇာ ၁၃၄၃ ၁၉၈၁

၂၄၇၁၉

အမရပူရ

မဟာဂန္ဓာရုံ-ဆရာတော်

အရှင်ဇနကာဘိဝံသ ၏

# သိပ္ပံအမြင်နှင့် ဗုဒ္ဓအဘိဓမ္မာအဖြေများ


ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန

သာသနာ ၂၅၂၅    ၁၃၄၃ ခု သီတင်းကျွတ်    ၁၉၈၁ ခု

# "သိပ္ပံအမြင်နှင့် ဗုဒ္ဓအဘိဓမ္မာအဖြေများ"

ပထမအကြိမ်ရိုက်နှိပ်ခြင်း
အုပ်ရေ-၁၀၀၀၀ (တသောင်း)
၁၉၈၁-ခုနှစ်၊ အောက်တိုဘာလ

ရန်ကုန်မြို့၊ကမ္ဘာအေး၊သာသနာရေးဦးစီးဌာနအတွက် ကန်တော်ကလေး၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်-၁၅၂ (ခ) ဒေါင်းစာပုံနှိပ်တိုက်တွင် ဦးခင်မောင်(၀၂၆၁၀)က ပုံနှိပ်၍ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင် (မှတ်ပုံတင်အမှတ်-၁၂၅၂၇)က ထုတ်ဝေသည်။





အပေါ်ပုံ။ ။၁၃၃၅-ခု၊ ပြာသိုလဆန်း၈-ရက် တနင်းလာနေ့(၃၁-၁၂-၇၃) ညနေတွင် ဂါဒီယံ ဦးစိန်ဝင်းနှင့် ဒကာအချို့က တောင်မြို့ဆရာတော် အရှင်ဇနကာဘိဝံသနှင့် စကားပြောနေကြပုံ။

အောက်ပုံ။ ။ရန်ကုန်မြို့၊ စိတ်ရောဂါအထူးကုဆေးရုံ၊ ဆေးရုံအုပ်ကြီး ဦးနေဝင်းနှင့် ဂါဒီယံဦးစိန်ဝင်းတို့က ရဟန်းပရိသတ်၊ လူပရိသတ်များရှေ့တွင် လျှောက်ထားဆွေးနွေးနေကြပုံ။

အရှင်ဇနကာဘိဝံသ၏

# ဘဝသံသရာ ဖြစ်စဉ်အကျဉ်း

၁။ အရှင်ဇနကာဘိဝံသ ဆရာတော်လောင်း သူငယ်ကို စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ် သရိုင်ရွာ ဦးဇောတိ ဒေါ်အုန်းလှိုင်တို့မှ ၁၂၆၁-ခုနှစ် ဘပို့တွဲ လပြည့်ကျော်(၁၄) ရက် (၁၉၀၀-ပြည့်၊ ဖေဖော် ဝါရီလ ၂၇-ရက်)အင်္ဂါနေ့တွင် ဖွားမြင်သည်။

၂။ ၁၂၆၆-ခုနှစ်၌ ပဌမအကြိမ် ရှင်သာမဏေ ပြုတော်မူသည်။

၃။ ၁၂၇၅-ခုနှစ်၌ ဒုတိယအကြိမ် ရှင်သာမဏေပြုတော်မူသည်။

၄။ ၁၂၇၉-ခုနှစ်၌ သက်တော် ၁၈-နှစ် အရွယ်တွင် ပဌမကြီးတန်း စာမေးပွဲကို အောင်တော်မူသည်။

၅။ ၁၂၈၀-ပြည့်နှစ် တပေါင်းလပြည့်နေ့၌ ပဌမအကြိမ် ရဟန်းအဖြစ် ခံယူတော်မူသည်။

၆။ ၁၂၈၁-ခုနှစ် နယုန်လပြည့်နေ့၌ ဒုတိယအကြိမ်၊ ၁၂၈၁-ခုနှစ် တပေါင်းလပြည့်နေ့၌ တတိယအကြိမ် ရဟန်းအဖြစ် ခံယူတော်မူသည်။

၇။ ၁၂၈၇-ခုနှစ်၌ "ပဌမကျော်" အောင်မြင်တော် မူသည်။

၈။ ၁၂၈၉-ခုနှစ်၌"သကျသီဟစာမေးပွဲ(ခေါ်)ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ"ဘွဲ့ ရရှိ အောင်မြင်တော်မူသည်။

၉။ ၁၃၀၃-၁၃၀၄-ခု၊ဝါဆိုဦး(၁၉၄၁-၄၂)ဂျပန်စစ်ဘေးများ

မြန်မာပြည်သို့ ဝင်ရောက်သိမ်းပိုက်မည့်နှစ်တွင် ယခု လက်ရှိ အမရပူရ မဟာဂန္ဓာရုံ ကျောင်းတိုက်နေရာသို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူသည်။ ပြောင်းရွှေ့လာစဉ်က သံဃာတော် ငါးပါးမျှသာရှိ၍ ပျံလွန်တော်မူချိန်တွင် သံဃာတော် ငါးရာကျော်မျှ သီတင်းသုံးလျက်ရှိသည်။

၁၀။ (လွတ်လပ်ရေး ရရှိပြီးနောက်) ၁၃၁၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၏ (ရှေးဦးစွာ) "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ် ဆက်ကပ်ခြင်းကို ခံယူရသည်။

၁၁။ ရင်းနှစ်မှာပင် နိုင်ငံတော်စာသင်ကျောင်းများ၌ သင်ကြားရန် မူလတန်း ဗုဒ္ဓဘာသာလက်စွဲခေါ် သင်ခန်းစာများကို ရေးသားခဲ့သည်။

၁၂။ ၁၃၁၅-ခုနှစ်၌

(က) ဆဋ္ဌသံဂီတိ ဩဝါဒါစရိယ သံဃနာယက၊

(ခ) ဆဋ္ဌသံဂီတိဘာရနိတ္ထာရက၊

(ဂ) ဆဋ္ဌသံဂီတိပဋ္ဌိပဋ္ဌိဝိသောဓက၊

(ဃ) ဆဋ္ဌသံဂီတိ ဩသာနသောဓေယျ ပတ္တာပဋ္ဌက အဖြစ်တင်မြှောက်တော်မူခြင်းကိုခံယူရပါသည်။

၁၃။ ၁၃၃၇-ခု ပဲခူးမြို့၌ ကျင်းပအပ်သော ဂိုဏ်းလုံးကျွတ် သံဃာ အစည်းအဝေးကြီးက ရွှေကျင် ဂိုဏ်းကြီး၏ ဥပဥက္ကဋ္ဌ (ဒုတိယသာသနာပိုင်)အဖြစ် တင်မြှောက်ခြင်းကို ခံယူတော်မူသည်။

# ဗုဒ္ဓအဘိဓမ္မာအဖြေများ

၁၄။ ၁၂၉၁-ခု၊ သက်တော်(၃၀)မှာ၍ ကျမ်းစာများကို စတင်ပြုစုတော်မူခဲ့ရာ ၁၂၉၃-ခုနှစ်တွင် ပဌမဦးဆုံး ကျမ်းစာကို ရေးသားပြီးစီးတော်မူ၍ ၁၃၃၈-ခု၊ တန်ဆောင်မုန်းလတွင် "နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ" ကျမ်းစာကို ရေးသားပြီးလျှင် "တဘဝသံသရာ" အမည်ဖြင့် ထေရုပ္ပတ္တိကို ကိုယ်တိုင် ရေးတော်မူခဲ့သည်၊ ပဋ္ဌာနပကရဏဘာသာဋီကာနှင့် မူလဋီကာ နိဿယ၊ ပါဠိတော်နိဿယများကို ၁၃၃၆ ခု၊ တန်ဆောင်မုန်းလဆန်း ၅ ရက် (၁၈-၁၁-၇၄) တနင်္လာနေ့ ၁-နာရီ အချိန်တွင် စတင်ပို့ချရေးသား၍ ၁၃၃၉-ခု၊ ဝါခေါင်လဆန်း ၁၂ ရက်နေ့မှာ ပြီးဆုံးခဲ့ပါသည်။ သုတ်မဟာဝါ ဘာသာဋီကာကို ၁၃၃၇-ခု၊ ဝါဆိုလပြည့်ကျော် ၂ ရက်၊ ကြာသပတေးနေ့(၂၄-၇-၇၅)၌ စတင်ပို့ချ ရေးသား၍ ၁၃၃၉-ခု၊ နတ်တော်လဆန်း ၁၃ ရက်(၂၃-၁၂-၇၇) သောကြာနေ့ ပျံလွန်တော် မမူမီ ၅ ရက်အလို တွင် ပြီးတော်မူခဲ့ပါသည်၊ ပါထေယျဘာသာဋီကာ ကိုပင် တရက်မျှသာ ရေးသားပို့ချခဲ့ပါသေးသည်။

၁၅။ ၁၃၃၉-ခုနှစ်၊ သက်တော် (၇၈)နှစ် အရောက် နတ်တော် လပြည့်ကျော် ၂ ရက် (၁၉၇၇-ခု၊ ဒီဇင်ဘာလ ၂၇ ရက်) အင်္ဂါနေ့ညနေ(၄)နာရီ မိနစ် (၃၀)တွင် တဘဝအတွက် ငြိမ်းတော်မူပါသည်။

# အမှာစာ

အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ ဆရာတော်သည် ၁၃၃၅ ခု၊ ပြာသိုလဆန်း ၈ ရက် တနင်္လာနေ့၊ (၁၉၇၃ ခု ဒီဇင်ဘာလ ၃၁ ရက်နေ့)တွင် ရန်ကုန်မြို့၊ ဗဟန်း ဝိသုဒ္ဓါရုံစာသင်တိုက်၌ ခေတ္တ သီတင်းသုံးလျက် ရှိပါသည်။ ဆရာတော်၏ ကျမ်းစာအုပ်များကို ဖတ်ရှုရသဖြင့် ဆရာတော်၏ ပရိယတ္တိဟတ်မြောက်မှုနှင့် အရေးအသားရှင်းလင်းမှုတို့ကြောင့် ဆရာတော်အား ရိုသေ လေးစားလျက် ရှိကြသော ရန်ကုန်မြို့၊ တံတားကလေး၊ စိတ်ရောဂါ အထူးကု ဆေးရုံအုပ်ကြီး ဦးနေဝင်းနှင့် ဂါဒီယံသတင်းစာဆရာ ဦးစိန်ဝင်းတို့သည် ဆရာတော် ရန်ကုန်ရောက်ခိုက် မိမိတို့ မရှင်းလင်းသည့် တရားသဘောများကို မေးလျှောက် နာကြားရန် ဆရာတော်မြတ်၏ ခြေတော်ရင်းသို့ သွားရောက် ဆည်းကပ်ခဲ့ကြပါသည်။

ဆရာတော်နှင့် ဒါယကာနှစ်ဦးတို့သည် အာလာပ သလ္လာပ စကားအနည်းငယ် ပြောကြားပြီးသောအခါ ဆရာဝန်ကြီး ဦးနေဝင်းက ဘာသာရေးစာအုပ်များကို ဖတ်၍ ဘဝင်မကျခဲ့သော ဗုဒ္ဓအဘိဓမ္မာဆိုင်ရာ ပြဿနာတို့ကို ဖြေကြား ရှင်းလင်းပြတော်မူရန် တခုပြီးတခု ဆက်တိုက် လျှောက်ထားခဲ့လေသည်။ ဆရာတော်ကလည်း ကျမ်းကိုးကျမ်းကားမပြ၊ ပါဠိပါဌ်သား မရွတ်ပဲ ဗုဒ္ဓအဘိဓမ္မာကို ကိုယ်တိုင်သဘောပေါက် ခံယူထားသည့်အတိုင်း စိတ်ရှည်လက်ရှည် ဖြေကြားတော်မူခဲ့ပေသည်။

# ဗုဒ္ဓအဘိဓမ္မာအဖြေများ

ဆရာတော် ကြွရောက်သမျှ နေရာဒေသတိုင်းသို့ ရဟန်းပညာရှိ လူပညာရှိတို့ ကြွလာချဉ်းကပ်၍ ပိဋကတ်ဆိုင်ရာ ဘာသာရေးပုစ္ဆာ ပြဿနာများကို မေးမြန်းလျှောက်ထားလေ့ရှိကြသည်။ ဆရာတော်ကလည်း မှတ်လောက်သားလောက်အောင် အာဂမ သဘာဝယုတ္တိများဖြင့် ဖြေကြားပေးလေ့ရှိသည်။ ထိုဆွေးနွေးချက် ပြဿနာနှင့် အဖြေလွှာများမှာ လာရောက်ဆွေးနွေးသူ တဦးတယောက်နှင့်သာ ဆိုင်သည်မဟုတ်။ ဗုဒ္ဓဘာသာဝင်အားလုံးတို့ သိမှတ်လိုက်နာ ကျင့်ကြံစရာများ ဖြစ်လေ့ရှိသည်။ထို့ကြောင့် ဆရာတော်၏ တပည့်ဒါယကာတို့က ဆရာတော်နှင့် ပညာရှင်တို့ ဆွေးနွေးချက်များကို ကတ်ဆက်အသံဖမ်းကြိုးခွေများဖြင့် ဖမ်းယူသားလေ့ရှိသည်။

ဆရာဝန်ကြီး ဦးနေဝင်း၏ မေးလျှောက်ချက်နှင့် ဆရာတော် ဖြေကြားချက်များကိုလည်း ကတ်ဆက်ဖြင့် အသံဖမ်းယူထားခဲ့သည်။ မေးဖြေထားသော အကြောင်းအရာများမှာ ဗုဒ္ဓဘာသာဝင်များသာ မဟုတ်။ ဘာသာမရွေး၊ လူမျိုးမရွေး သိသင့်သော အကြောင်းအရာများဖြစ်၏။ စိတ်အကြောင်း၊ ရုပ်အကြောင်း၊ သေပြီး နောက်ဘဝ ကူးပုံအကြောင်း၊ ကမ္မသတ္တိအကြောင်း၊ စိတ်ဝေဒနာအကြောင်း၊ စိတ်ညှို့၍ အတိတ်ဘဝဖြစ်စဉ်များ စုံစမ်းပုံအကြောင်း၊ သေခါနီး သတိထားစရာ အချက်များ၊ မေတ္တာပို့၊ ဆုတောင်း၊ အမျှဝေခြင်း ဆိုင်ရာ သိစရာများ စသည်တို့ဖြစ်၍ ဗုဒ္ဓဘာသာ မဟုတ်သူတို့ပါ ကက်ဆက်ခွေကို အဆင့်ဆင့်ကူးယူ နားထောင်ကြသည်။ဆရာတော်ကလည်း ဗုဒ္ဓအဘိဓမ္မာကို ဘာသာရေးအနေဖြင့် မဟုတ်ပဲ ပညာရပ်တခုအနေဖြင့် လေ့လာလိုက်စားကြစေ်းပါဟု ကြော်ငြာ တိုက်တွန်းထားသည်။

ဆရာတော်၏ဆန္ဒအတိုင်း ဘာသာမရွေး၊ လူမျိုးမရွေး၊ ဗုဒ္ဓအဘိဓမ္မာကို ပညာရပ်တခု အနေဖြင့် လေ့လာလိုက်စားနိုင်ကြစေရန်

## သိပ္ပံအမြင်နှင့်

အတွက် ဆရာတော်၏စာပေများ ပုံနှိပ်ဖြန့်ချိရေးအဖွဲ့မှ တာဝန်ခံ ဦးထိန်ဝင်းက အသံသွင်းကြိုးခွေမှ တဆင့် စာမူအဖြစ် ရေးကူးကာ စာအုပ်ငယ်အဖြစ် ပုံနှိပ်ဖြန့်ချိခြင်းဖြစ်ပါသည်။

ဤစာအုပ်ငယ်၏ မူလအမည်မှာ "အဂ္ဂမဟာပဏ္ဍိတ အရှင် ဇနကာဘိဝံသနှင့် ဆရာဝန်ကြီး ဦးနေဝင်းတို့ ဆွေးနွေးခန်း" ဖြစ်သည်။ "အရှင်ဇနကာဘိဝံသ၏ စာပေဖြန့်ချိရေးအဖွဲ့"မှ ဦးထိန်ဝင်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွှန့်၊ ညွှန်ကြားရေးမှူး ဦးတင်ထွေးနှင့် ဤအမှာစာရေးသူတို့က စာအုပ်ငယ် အမည်ကို "သိပ္ပံအမြင်နှင့် ဗုဒ္ဓအဘိဓမ္မာအမြင်များ"ဟု ပြင်ဆင်မှည့် ခေါ်ခဲ့ကြပါသည်။

ဆရာဝန်ကြီး ဦးနေဝင်းသည် သူတဦးတည်း၏ ပုဂ္ဂလိကဆိုင်ရာ သိချင်စရာများကို မေးမြန်းလျှောက်ထားခြင်းမဟုတ်ပဲ၊ ဗုဒ္ဓဘာသာဝင်အများစု၊ သို့မဟုတ် ဘာသာမရွေး၊ လူတိုင်း သိသင့်သိထိုက်သော ပြဿနာများကို သိပ္ပံအမြင်ရှုထောင့်မှ မေးမြန်းခဲ့၍ ဆရာတော်က ဗုဒ္ဓ အဘိဓမ္မာအမြင်ရှုထောင့်မှ ဖြေကြားထားသော စာအုပ်ငယ်ဖြစ်ပါသည်။ မေးသူ ဦးနေဝင်းအတွက်သာ ဖြေဆိုခြင်းမဟုတ်ပဲ၊ ဗုဒ္ဓဘာသာ ပရိသတ်ကြီးအတွက် ဖြေဆိုထားကြောင်းကို စာမျက်နှာ ၃၃ တွင် ဆရာတော်ကိုယ်တိုင် အမိန့်ရှိထားပေသည်။

ဦးနေဝင်းသည် စိတ်ဖက်ဆိုင်ရာနှင့် ဦးနှောက်အာရုံကြော ဆိုင်ရာ သိပ္ပံပညာရပ်များကို ပြည်တွင်းပြည်ပ ဆေးတက္ကသိုလ်များ၌ နှစ်ပေါင်းများစွာ သင်ယူ တတ်မြောက်ပြီးသူ ဖြစ်သည်။ စိတ် အကြောင်း၊ ဦးနှောက်အကြောင်း၊ ရုပ်အကြောင်းတို့ကို သိပ္ပံအမြင် ဖြင့် သဘောပေါက်ပြီးသူ ဖြစ်သည်။ ဗုဒ္ဓအဘိဓမ္မာအမြင်ဖြင့် မည်သို့ လက်ခံယူဆသည်ကို သိရန် မေးမြန်းလျှောက်ထားခြင်းဖြစ်သည်။

# ဗုဒ္ဓအဘိဓမ္မာအဖြေများ

ဆရာတော်သည် သိပ္ပံဘာသာ အဆိုအမိန့် ရှင်းလင်းချက်
ဘို့ကိုလည်း မလေ့လာ၊ သိပ္ပံအမြင်နှင့် ဗုဒ္ဓအဘိဓမ္မာအယူအဆတို့ကို
သည်း နှိုင်းယှဉ်၍ ဟောလေ့ ရေးလေ့မရှိ။ ဗုဒ္ဓအဘိဓမ္မာသက်သက်
ကိုသာ ယုံကြည် လေ့လာသည်။ ယခု ဆရာဝန်ကြီး ဦးနေဝင်း၏
အမေးများကိုလည်း ဗုဒ္ဓအဘိဓမ္မာအမြင် သက်သက်ဖြင့်သာ ဖြေဆို
ထားပါသည်။ ဖြေဆိုရာ၌ မည်သည့်ကျမ်းက မည်သို့ဆိုထားသည်ဟု
ကျမ်းဂန် အကိုးအကား အထောက်အထားများဖြင့် မဖြေ။ ဆရာ
တော်၏ အသည်းနှလုံး၌ စိမ့်ဝင်နေသော၊ တနည်းအားဖြင့် ဆရာ
တော်ကိုယ်တိုင် သဘောပေါက် လက်ခံထားသော အဘိဓမ္မာတရား
များကိုသာ ဖြေဆိုထားပေသည်။

ပုံစံအားဖြင့် သေပြီး နောက်ဘဝ မည်သို့ ကူးသနည်းဟူသော
အမေးကို စာမျက်နှာ ၄၀ မှ ၅၄ အထိ ၁၅ မျက်နှာခန့်ဖြေသည်။ကမ္မ
သတ္တိအကြောင်းပေါ်လွင်အောင်ဖြေဆိုထားတော်မူသည်။ဗုဒ္ဓပွင့်တော်
မမူမီက အိန္ဒိယပြည်တွင် လွှမ်းမိုးခဲ့သော ဗြာဟ္မဏတို့၏ အတ္တဝါဒအရ
အတ္တကောင် ဝိညာဉ်ကောင်ကလေးသည်။ ဤဘဝ ရုပ်ဟောင်းမှ
စွန့်ခွာ၍ နောင်ဘဝရုပ်သစ်တခု၌ ဝင်စားရှင်သန်သဖြင့် သတ္တဝါသည်
မြဲ၏။ ဘယ်တော့မှ မသေဟူသော သဿတဒိဋ္ဌိတဖက်စွန်းနှင့်၊ သေပြီး
နောက် ဘာမှမဖြစ်ဟူသော ဥစ္ဆေဒဒိဋ္ဌိ တဖက်စွန်း၊ ဤအစွန်း
နှစ်ပါးမှလွတ်အောင် ကမ္မသတ္တိစွမ်းအားကို ကြိုးစားရှင်းပြတော်
မူသည်။

ဤသို့မေးသူက သိပ္ပံအမြင်နှင့်မေး၍ ဖြေသူက ဗုဒ္ဓအဘိဓမ္မာဖြင့်
ဖြေဆိုထားသောကြောင့် ဤစာအုပ်ငယ်ကို **"သိပ္ပံအမြင်နှင့် ဗုဒ္ဓ
အဘိဓမ္မာအဖြေများ"**ဟု အမည်တပ်ပေးလိုက်ခြင်း ဖြစ်ပါသည်။

**သောင်းလွင်(ဘီအေ)**
သိရီပဝရ ဓမ္မာစရိယ၊ သကျသီဟ ဝဋံ့သကာ

# သိပ္ပံအမြင်နှင့် ဗုဒ္ဓအဘိဓမ္မာအမြေများ
## မာတိကာ

အကြောင်းအရာ | စာမျက်နှာ


ဘဝသံသရာဖြစ်စဉ်အကျဉ်း

အမှာစာ

မေးခွန်း (၁) ၁

၁။ စိတ်ရဲ့သဘော ၂

၂။ အစေးအာရုံ လှမ်းပြီးယူနိုင် ၃

၃။ ကုဋေရှတသိန်းမက ဖြစ်ပျက် ၄

၄။ အသည်ကိုယ် မရှိ ၅

၅။ ရုပ်ရဲ့သဘော ၅

၆။ ဓာတ်ကြီးလေးပါး ၆

၇။ အဆင်း၊ အနံ့၊ အရသာ ၇

၈။ ဩဇာ ၇

၉။ ဓာတ်ကြီးလေးပါးရဲ့သတ္တိ ၈

၁၀။ လေထဲမှာ မြေ၊ ရေ၊ မီးဓာတ်ပါ ၉

၁၁။ ရေထိလို့ရပုံ ၁၀

၁၂။ တေဇောနှစ်မျိုး ၁၀

၁၃။ အဆင်းစသည် ၁၀

၁၄။ အပြင်ဘက်ကရုပ် ၁၁

၁၅။ ကံကြောင့်ဖြစ်တဲ့ရုပ် ၁၂

၁၆။ အမိဝမ်းထဲ ရုပ် စဖြစ်ပုံ ၁၃

၁၇။ ကံချင်းကွဲဇာ ၁၄

၁၈။ သင်္ချာနည်းနဲ့တွက်ကြည့် ၁၅

၁၉။ ဖြစ်တိုင်းတော့ပျက်တယ် ၁၅
၂၀။ ဥတုခေါ်တဲ့ အငွေ့ ၁၆
၂၁။ လူ့ခန္ဓာဖြစ်စဉ် ၁၆
၂၂။ ဗုဒ္ဓက အသေးစိတ်ဟော ၁၇
၂၃။ စိတ်က သိတာ ၁၈
၂၄။ ပညာရှိမျက်စိနဲ့ကြည့်တော့ ၁၈
၂၅။ နာမည်ကြီးအမွှာပူး ၁၉
၂၆။ အမွှာမွေးတောင်မှ မတူ ၁၉
၂၇။ သိလို့ ကျန်းမာရေးလိုက်စား ၂၀
၂၈။ စိတ်ကြောင့် မျက်နှာပြောင်း ၂၁
၂၉။ နောက်တော့ မျက်နှာကြည်လာ ၂၁
၃၀။ နေထိုင်မကောင်းယင် ၂၂
၃၁။ ဘယ်ဘာသာပဲ ကိုးကွယ်ကိုးကွယ် ၂၃
၃၂။ မကိုးကွယ်ချင်နေပါ ၂၄
မေးခွန်း (၂) ၂၅
၃၃။ ရုပ်ထက် စိတ်ကမြန် ၂၅
၃၄။ လောပီဘခေတ်အားဥပမာ ၂၆
မေးခွန်း (၃) ၂၇
၃၅။ လက်တွေ့သိရ ၂၈
၃၆။ မှန်းကြည့်လို့သိရ ၂၈
၃၇။ အမူအရာကြည့်ပြီးသိရ ၂၉
၃၈။ ဘုရားကိုယ့်ကြည့်ပြီးသိရ ၃၀
မေးခွန်း (၄) ၃၁
၃၉။ ပစ္စည်းပျက်လို့ရှုံး ၃၁

၄၁။ ပတ်ဝန်းကျင်ကြောင့်ရှုး ၃၂
၄၁။ ကံခတာ့မကောင်းဘူး ၃၃

မေးခွန်း (၅) ၃၃

၄၂။ သဌေးသမီး ပဋာစာရာ ၃၄
၄၃။ ယောကျာ်းကိုမြွေကိုက် ၃၄
၄၄။ သားငယ်စွန်ချီ၊ သားကြီးရေနစ် ၃၅
၄၅။ မိဘနှစ်ယောက်ရော မောင်ရောသေ ၃၆
၄၆။ တရားဟောလို့ ရဟန္တာဖြစ် ၃၆
၄၇။ ကံ၊ ပတ်ဝန်းကျင်၊ စိတ် ၃၇

မေးခွန်း (၆) ၃၇

၄၈။ အဖန်ငါးရာဆိုတဲ့ လှန့်လုံးလေး ၃၈
၄၉။ ဗမာတွေသတ်ခဲ့တာနဲ့ ၃၈

မေးခွန်း (၇) ၃၉

၅၀။ အထည်ကိုယ်မရှိ ၃၉
၅၁။ ဘုန်းကြီးတို့က သနားမိ ၄၀

မေးခွန်း (၈-၉) ၄၁

၅၂။ စိတ်တွေရုပ်တွေဖြစ်ပျက် ၄၁
၅၃။ စိတ်ပြောင်းလွဲပုံ ၄၁
၅၄။ ဘုန်းကြီးကြိုးစားပြောနေတယ် ၄၂
၅၅။ ကံလို့ဆိုတာဘာတုံး ၄၃
၅၆။ ကံဘာရှားလဲပျက် ၄၃
၅၇။ ကမ္မသတ္တိ ၄၄
၅၈။ သတ္တိချင်းမတူဘူး ၄၅
၅၉။ သတ္တိတွေက ဘယ်လိုလုပ်လိုက်နေတုံး ၄၅
၆၀။ ဒေါက်တာနှစ်ဦးမတူ ၄၆

၆၁။ ဘဝများစွာက သတ္တိတွေလိုက်လာ ၄၇

၆၂။ ကလေးကို ငယ်ငယ်ကပြုစု ၄၇

၆၃။ ဆေးသတ္တုက ပါခဲ့ ၄၈

၆၄။ အယုအယနှင့်ပစ်စလက်ခတ် ၄၉

၆၅။ ကျန်းမာ၊ မကျန်းမာ ၄၉

၆၆။ ဘာကွာသလဲ ၅၀

၆၇။ အတတ်ချင်းမတူ ၅၀

၆၈။ ပါရမီပြည့်ပြီဆိုတာ ၅၁

၆၉။ သေခါနီးမှာ ၅၁

၇၀။ အကျိုးပေးမယ်လို့အဖော်စောင့် ၅၂

၇၁။ ထင်တဲ့အာရုံအလိုက် ၅၂

၇၂။ သေဝမှာကပ်နေတဲ့ကံ ၅၃

၇၃။ သေခါနီးမှာသတိယား ၅၄

မေးခွန်း (၁၀) ၅၄

၇၄။ ကံကြောင့်ရုပ်သစ်ဖြစ် ၅၄

၇၅။ ဒီဘက်ကဓာတ်ခုတ်ရာ ဟိုဘက်မှာပါနေ ၅၅

၇၆။ ရုပ်ချင်းကျေးဇူးပြု ၅၅

မေးခွန်း (၁၁) ၅၆

၇၇။ အဝိဇ္ဇာဖုံးတော့မှမေ့ ၅၇

၇၈။ ဇာတိသာရေညာဏ် ၅၇

၇၉။ ရှတ်နိုင်သလောက်ညာဏ်မကြီး ၅၈

၈၀။ ကြာယင်မေ့တဲ့သုံးစံ ၅၈

မေးခွန်း (၁၂) ၅၉

၈၁။ စိတ်ငြိမ်တယ်လို့ဆိုတာ ၆၀

မေးခွန်း (၁၃) ၆၀
၈၂။ သမာဓိရလျှင်စိတ်ငြိမ် ၆၁
မေးခွန်း (၁၄-၁၈) ၆၁-၆၄
၈၃။ ဗုဒ္ဓဘာသာက မကန့်ကွက် ၆၅
မေးခွန်း (၁၉) ၆၆
၈၄။ ဗုဒ္ဓ၏မေတ္တာတော် ၆၆
၈၅။ စာသင်သားဘဝက ၆၇
၈၆။ နွားမကြီး၏ မေတ္တာ ၆၇
၈၇။ အမျှဝေတယ်ဆိုတာ ၆၈
၈၈။ သိသမရှိသူကိုလှူပြီး အမျှမဝေနဲ့ ၆၈
၈၉။ သံဃာလှူပြီး အမျှဝေပါ ၆၉
၉၀။ တောင်သမန်ကျောင်းအမကြီး ၆၉
၉၁။ သေဝါနီးငိုကြလို့ တစ္ဆေဖြစ် ၇၀
၉၂။ ရေတံခွန်တောင် ခေါ်သွားလို့ ၇၁
၉၃။ အမျှရလို့ ကျွတ်သွား ၇၁
၉၄။ စနစ်တကျ အမျှဝေ ၇၂
၉၅။ ဆုမတောင်းပါဘူး၊ မိဋ္ဌာန်တာပါ ၇၂
၉၆။ ဆုလဲတောင်း၊ အလုပ်လဲလုပ် ၇၃
၉၇။ ယခုသာစရာ၏ ရှေးကောင်းမှု ၇၄
၉၈။ စိတ်က ညွတ်နေတယ် ၇၄
၉၉။ ဆုတောင်းချည်းအားမကိုးနဲ့ ၇၅
မေးခွန်း (၂၀) ၇၅
၁၀၀။ ဆရာရှိလို့ တပည့်ကြီးပွားသလို ၇၆
၁၀၁။ ဒီလိုသာယူဆ ၇၆

၁၀၂။ ဆရာကို တပည့်ကမှီတဲ့သဘောမျိုး ၇၇
၁၀၃။ ဦးနှောက် ၇၇
၁၀၄။ ဘုန်းကြီးတို့ လက်ခံထား ၇၈
၁၀၅။ အကုသိုလ်မပြုဖို့လိုတာပါ ၇၈

မေးခွန်း (၂၁) ၇၉
၁၀၆။ ဆာပတ်နှစ်မျိုး ၈၀
၁၀၇။ အဲဒီလိုဟာကြောက်လို့ ၈၀

မေးခွန်း (၂၂) ၈၁
၁၀၈။ ကုသိုလ်ဝီရတိ ၈၁
၁၀၉။ ညစာမစားပဲနေရှာင်တဲ့စိတ် ၈၁

မေးခွန်း (၂၃-၂၄) ၈၂
၁၁၀။ ရဟန္တာမှန်းသိဖို့သိပ်ခက် ၈၃
၁၁၁။ ကမ္မဋ္ဌာန်းဆရာလဲမသိ ၈၃

မေးခွန်း (၂၅-၂၉) ၈၃-၈၅
၁၁၂။ ပရိနိဗ္ဗာန်စုတိစိတ် ၈၅
၁၁၃။ ဥတုဇရုပ်ကျန်နေ ၈၆
၁၁၄။ ဇီဝိတဆိုတဲ့အသက်ကျန်နေသမျှခသ ၈၆

မေးခွန်း (၃၀) ၈၇
၁၁၅။ ပုဂ္ဂလိကကျောင်း ဝယ်နိုင်ရောင်းနိုင် ၈၇
၁၁၆။ သံဃိကကို မဝယ်နဲ့ ၈၇
၁၁၇။ မျက်စိအောက်ကို ရောက်နေသလိုမြင် ၈၉

မေးခွန်း (၃၁-၃၃) ၈၈-၈၉

၁၁၈။ မရှိနိဗ္ဗာန်မဟုတ် ၉၀

၁၁၉။ ဒီနိဗ္ဗာန်ပဲ၊ ပျောက်မသွားပါဘူး ၉၁

မေးခွန်း (၃၄-၃၅) ၉၁

၁၂၀။ ကိုယ့်စိတ်ကို ဆုံးဖြတ် ၉၂

၁၂၁။ ဆိုးဆိုးဝါးဝါး ဘုရားလက်ထက်က ရှိခဲ့ ၉၂

၁၂၂။ မြတ်စွာဘုရားက နှင်ထုတ်ခိုင်း ၉၃

၁၂၃။ မသန့်ရှင်းတဲ့ကိုယ်ဘော်ပါလို့ ဩဝါဒမပေး ၉၃

၁၂၄။ ရှင်မောဂ္ဂလာန်ကဆွဲထုတ်ပစ် ၉၄

၁၂၅။ အခရေးရှိ်ယင် ခပ်ကြမ်းကြမ်းလုပ်ရမှာပဲ ၉၅

မေးခွန်း (၃၆-၃၇) ၉၅-၉၆

၁၂၆။ ပြုစုတော်မူခဲ့သော ကျမ်းစာများစာရင်း ၉၇






ရန်ကုန်မြို့၊ ဗဟန်း၊ မဟာဝိသုဒ္ဓါရုံတိုက်တွင် လျှောက်ထားမေးမြန်းချက်များကို တောင်မြို့ဆရာတော်ဘုရားက ပြန်လည်ဖြေကြားတော်မူနေပုံနှင့် တရားနာပရိသတ်များ ပုံ။

အမရပူရ

မဟာဂန္ဓာရုံကျောင်းတိုက်

ဆရာတော် အရှင်ဇနကာဘိဝံသ-၏

# သိပ္ပံအမြင်နှင့် ဗုဒ္ဓအဘိဓမ္မာအဖြေများ

## မေးခွန်း (၁)

**မေး။** ။ ရုပ်ဖြစ်ပျက်တွေနဲ့ စိတ်ဖြစ်ပျက်တွေမှာ အဆပေါင်းများစွာ လျင်မြန်တယ်လို့ ဆိုတယ်။ စိတ်ဖြစ်ပျက်နေပုံကို ထင်ရှားအောင် ရှင်းပြပါဘုရား။

**ဖြေ။** ။ ဘုန်းကြီးတို့ ဗုဒ္ဓမြတ်စွာက ရုပ်တခါပျက်တဲ့အချိန်မှာ စိတ်က (၁၇)ချက် ပျက်တယ်လို့ ဆိုပါတယ်။ ဒီဟာက စိတ်(၁၇)ချက်ပျက်တယ်ဆိုတာ လူများအတွက်က နားလည်ဖို့ သိပ်မလွယ်လှပါဘူး။ ဘာဖြစ်လို့ မလွယ်တုံးလို့ ဆိုတော့ကာ ပထမဆုံးမေးဖို့ကောင်းတာက စိတ်ဆိုတာ ဘယ်လိုသဘောပါတုံး။ ဒီလိုမေးမှ အဖြစ်အပျက်ကို ရောက်သွားမယ်။ ကိုယ်မေးချင်တဲ့အရာဝတ္ထုပစ္စည်းတခုကို ဘယ်လိုပစ္စည်း၊ ဒီလိုသိပြီးတော့မှ အဲဒီဟာ ဘယ်လောက်မြန်သလဲ၊ ရုပ်က ဘယ်လိုသဘောလဲ

ဒီဟာကိုကြည့်ပြီးတော့မှ အဖြစ်အပျက်ကို ရှင်းဖို့ကောင်းတယ်။ ခုတော့ တဆင့်လွန်ပြီးတော့ ရောက်သွားတယ်။ ဒီတော့ကာ ဒီအချိန်မှာ ဘုန်းကြီးတို့က ဗုဒ္ဓရဲ့တရားတော်မှာ ပြဿနာက မပြည့်စုံသေးလို့ရှိယင် မေးနည်းကိုပြင်ပေးတဲ့နည်း ရှိပါတယ်။ ပြီးတော့ ပြင်ပေးလိုတာက စိတ်ဆိုတာ ဘယ်လိုသဘော ပါလဲ။ ဒီလိုမေးယင် သာ-ကောင်းတယ်။ ဒီတော့ ဒီလိုပဲ မေးတယ်ဆိုပါတော့။ စိတ်ဆိုတာ ဘယ်လိုသဘောပါတုံး။

**စိတ်ရဲ့ သဘော**

ဒီတော့ကာ ဘုန်းကြီးတို့ ဗုဒ္ဓမြတ်စွာက စိတ်သဘောဟာ အဝေးအာရုံကိုလဲ ယူနိုင်တယ်။ နှစ်စိတ်တပြိုင်တည်း ဖြစ်ရိုးမရှိဘူး။ တစိတ်စီ တစိတ်စီ ဖြစ်တယ်။ အဖြစ်အပျက် မြန်တယ်။ ဘယ့်လောက် မြန်လဆိုတော့ လက်ဖြောက်တချက်တီးတဲ့ အချိန်မှာ ကုဋေ များစွာ ဖြစ်ပျက်တယ်။ စိတ်ချင်းတော့ တူချင်မှ တူမယ်။ အာရုံလိုက်ပြီးတော့ အမျိုးမျိုးဘော့ ရှိတယ်။ အဲဒီစိတ်ရဲ့ အဖြစ်အပျက်ကတော့ လက်ဖြောက်တချက်လောက် တီးလိုက်ယင် ကုဋေတသိန်းမက ဖြစ်ပျက်နေတယ်။ ဒီစိတ်ဟာ အကောင်အထည် အရာဝတ္ထု အထည်ကိုယ် ရှိသလားလို့ ဆိုတော့ အထည်ကိုယ် မရှိဘူး။ အထည်ကိုယ်မရှိယင် စိတ်မရှိဘူးလား၊ မဟုတ်ဘူး။ စိတ်ဆိုတဲ့ သဘောက ရှိတယ်။ အကောင်အထည်တော့ မရှိဘူး။ ဒီစိတ်ဟာ ဘယ်လိုနေရာမှာ အဖြစ်များတုံးလို့ဆိုယင် ဘုန်းကြီးတို့ ဒီဘုံမှာဆိုတော့ မဟာဘုတ်ဆိုတဲ့ ဟဒယ-လိုဏ်ဂူမှာ။ လိုဏ်ဂူဆိုတာ တင်စား

သုတေသန [illegible] ကြည့်တိုက်
သာသနာ့ [illegible] ဦးစီးဌာန
ဗုဒ္ဓအဘိဓမ္မာ အဖြေများ [illegible] ကုန်။ ၃

ပြောတာ။ တကယ့်ဂုလ် မဟုတ်ပါဘူး။ ဟဒယမှာ အဖြစ် များတယ်။ အဖြစ်များတယ်ဆိုတော့ အကောင်အထည်မှ မရှိပဲနဲ့။ အဲဒီအပေါ်မှာ သူက ကပ်ပြီးတော့ ဖြစ်နေတဲ့ သဘော မဟုတ်ဘူး။ သူရှိလို့ ဖြစ်နိုင်တာ။ သူမရှိလို့ရှိယင်- မဖြစ်ဘူးဆိုတဲ့အနေမျိုး။ဒီတော့ကာ စိတ်သဘာဝကို ပထမဆုံး စဉ်းစားကြည့်ယင် ဘယ်လောက် သိမ်မွေ့သွားသလဲ။ ဒါကို နားမလည်ယင် ထပ်မေး။ ဒီတော့ ဗုဒ္ဓမြတ်စွာက ဆက်ပြီးတော့ စိတ်သဘာဝကိုသာ အမိန့်ရှိရုံတင် မဟုတ်ဘူး။ အဲဒီစိတ်ကို ထိန်းနိုင်လို့ရှိယင် ဒုက္ခအမျိုးမျိုးက လွတ်တာပဲ။ ဒီထိအောင် ဟောချင်လို့ ခုနက စိတ်ရဲ့သဘောကို အစချီပြီးတော့ ဟောတော်မူပါတယ်။

**အဝေးအာရုံ လှမ်းပြီးယူနိုင်** ဒီဟာကို ဘုန်းကြီးပြောမယ် ထပ်ပြီးတော့၊ စိတ်ဆိုတဲ့သဘောဟာ အဝေးအာရုံကို လှမ်းပြီး တော့ ယူနိုင်တယ်။ ဥပမာ-ဒကာနေဝင်းပဲ၊ မိမိအလုပ်လုပ်တဲ့နေရာကို စိတ်ညွတ်လိုက်ယင် ထင်နေတာ ပဲ။ မှားသလား၊ မှန်သလားဆိုတာတော့ မပြောနိုင်ဘူး။ ဘာပြုလို့တုံး။ ဟိုနားမှာ ကုလားထိုင်ထားခဲ့မယ်။ ရွှေ့သွား တဲ့သူက ရွှေ့သွားမယ်။ သို့ပေမယ်လို့ ကိုယ်က မြင်နေတာ ကတော့- အဲဒီနေရာမှာ ကုလားထိုင်မြင်နေတယ်။ ဒီအဝေးကို သွားနိုင်တယ်ဆိုတာ ဘယ်လောက်များ မြန်သလဲလို့ဆိုတာ တော့ မပြောနဲ့တော့။ မိမိအလုပ်လုပ်တဲ့နေရာကို ဒီနားက နေပြီးတော့ ရောက်သွားလိုက်တာ၊ သိပ်မြန်တာပဲ။ သိပ်မြန်

တော့ စိတ်က ခုန်ဆွ ခုန်ဆွ သွားနေသလား၊ မဟုတ်ဘူး။ ဒီမှာဖြစ်ပျက်ပြီးနေယင်းက ဟိုမှာအာရုံယူနိုင်တယ်။ ဆန်းလိုက်တဲ့ဖြစ်ခြင်းကတော့ မပြောနဲ့တော့၊ မပြောနဲ့တော့။ ဒါမဟုတ်ဘူးလားဆိုတော့ ကိုယ့်စိတ်ကို ကိုယ်ပြန်စဉ်းစားကြည့်လေ။ အဝေးအာရုံကို ယူနိုင်တယ် မယူနိုင်ဘူးဆိုတာ ကိုယ့်စိတ်ကို ကိုယ်ပြန်စဉ်းစားကြည့်လေ။ စိတ်ကူးနဲ့ ဘုရားဟောသွားတာ မဟုတ်ဘူး။ ကိုယ့်စိတ်ကို ကိုယ်ပြန်စဉ်းစားကြည့်ယင် သိပ်ပြီးတော့ကို ကိုယ်က "တော်တော်ဆန်းတဲ့ သဘော တရားတမျိုးပါလား"လို့၊ ဒီလိုသဘောပေါက်မယ်။

**ကုဋေတသိန်းမက ဖြစ်ပျက်** ပြီးတော့ နှစ်ခုတွဲမဖြစ်ဘူး။ လက်ဖျစ်တချက်တီးမှာ ကုဋေတသိန်း တခုပြီးတခု–တခုပြီးတခု–တခုပြီးတခုဖြစ်နေတာပဲ၊ ကုဋေတသိန်းမကတဲ့ အဖြစ်အပျက် ဘယ်လောက် မြန်သလဲဆိုတဲ့ဟာ ဘယ်လောက်မြန်သလဲ၊ ဘာလဲ နောက်တော့ ထပ်မေးနိုင်တယ်။ လက်ဖျောက်တချက်တီးမှာ ကုဋေတသိန်းမက ဖြစ်ပျက်–ဖြစ်ပျက်–တမျိုးစီ တမျိုးစီ၊ တခုတည်းက ကုဋေတသိန်းမက ဖြစ်နေတာမဟုတ်ဘူး။ ဖြစ်ပျက်–ဖြစ်ပျက်–ဖြစ်ပျက်–ဖြစ်ပျက်၊ သူဟာ အကောင်အထည် အရာဝတ္ထုမရှိ။ မျက်စိနဲ့မြင်လို့လဲမရ။ မျက်စိနဲ့ မြင်ကောင်းတဲ့ အရာဝတ္ထုကို မဟုတ်ဘူး။ ဒါဖြင့် မရှိလို့လား–ရှိတယ်။ မနောနဲ့ သူ ငါ့ကိုမကောင်းကြံနေတယ်၊ အဲဒီစိတ်ကို မှတ်လို့၊ တစိတ်တည်း မှတ်လို့မရဘူး။

**အတည်ကိုယ် မရှိ**

သူရဲ့စိတ်အစဉ်ဟာ ငါ့ကို မကောင်းကြံနေတာ။ ဘာဖြစ်လို့တုံး၊ သူရဲ့စိတ်ခေတ်ဟာ မျက်နှာမှာ ပေါ်နေတယ်။ သူနဲ့ငါ ကြာကြာစကားပြောယင် ရန်ဖြစ်ရလိမ့်မယ်။ ရှောင်မှပဲ။ ဟောဒါ သိတယ်။ မိမိတို့ ချစ်ခင်တဲ့သူချင်း စကားပြောလဲ မျက်နှာက ပြုံးလို့ ဆိုတော့ အကောင်အထည်တော့ မရှိဘူး။ သူ့စိတ်ကိုတော့ဖြင့် မှန်းလို့ ရတယ်။ ဒါက အလေ့အထများမှ။ အလေ့အထများမှ မှန်းလို့လဲ ရတယ်။ ဒါကြောင့် ဒီဗုဒ္ဓမြတ်စွာက အထည်ကိုယ်တော့ မရှိဘူးတဲ့။ "မရှိသောပစ္စည်းလား"လို့ ဆိုတော့ ရှိလိုက်တာမှ သေသေချာချာရှိ။ အဲဒါက ဗုဒ္ဓပွင့်တော်မူမှ သိလာတာဖြစ်တော့ ဘုန်းကြီးတို့ကလေ ဗုဒ္ဓရဲ့ဉာဏ်တော်၊ ဗုဒ္ဓရဲ့ဉာဏ်တော် သိပ်ပြီးတော့ ကြီးတော်မူတာပဲ။ မိမိတို့က နောက်က လိုက်တာတောင် ဒီဗုဒ္ဓသိသလို အမှီမလိုက်နိုင်ဘူး။ စာတွေကို အများကြီး လေ့လာနေတာတောင်မှ အမှီမလိုက်နိုင်ဘူး။ ဒါမှန်းပြီးတော့ ဟုတ်တယ်၊ ဟုတ်လောက်တယ်။ ဒီလို....ဒီလို....ဒီလို မှန်းသွားရတယ်။

**ရုပ်ရဲ့ သဘော**

ပြီးတော့ စိတ်ရဲ့သဘောကို ခုနဲ့နဲ၊ နဲနဲတော့ သိပြီနော်။ ရုပ်စားမိပြီနော်။ ဒီတော့ကာ တခါ ရုပ်ရဲ့သဘောကို မေးဖို့ကောင်းတယ်။ တော်တော်ကြာတော့ ရုပ်နဲ့စိတ်နဲ့ ရောလာမှာကိုး။ ရုပ်က ဘယ်လိုသဘောတုံး။ ဒီရုပ်ကျတော့ကာ နဲနဲကလေး၊ ခုနက စိတ်နဲ့စာလို့ရှိယင် တော်တော်ထင်ရှားလာပြီ၊ ကံကြောင့်

ဖြစ်တဲ့ရုပ်တဲ့။ စိတ်ကြောင့်ဖြစ်တဲ့ရုပ်တဲ့။ ဥတုကြောင့်ဖြစ်တဲ့ ရုပ်၊ အစာအာဟာရကြောင့် ဖြစ်တဲ့ရုပ်လို့ ဒီဘုန်းကြီးတို့ ကိုယ်ထဲမှာ ရုပ်အမျိုးအစား လေးမျိုးရှိတယ်။ ဒီရုပ်က ရုပ်တခုလို့ဆိုလိုက်ယင်ပဲ အနည်းဆုံး ရုပ်ကလေးတွေရှစ်ခု လောက်ပေါင်းရတယ်။ ရှစ်ခုလောက်ပေါင်းတဲ့ဥစ္စာကို တစု တကလာပ်လို့ ခေါ်တယ်။ ၉-ခုလောက်ပေါင်းတာ-၁၀-ခုလောက်ပေါင်းတာ၊ သူ့ဟာနဲ့သူ အမျိုးအစားစားရှိတယ်။

**ဓာတ်ကြီး လေးပါး** ရုပ်ကျတော့ နှဲ့နဲ့အထည်ကိုယ် ပေါ်လာပြီး ဘာဖြစ်လို့ပေါ်လာတုံး ဆိုတော့ကာ ခုနက ရုပ်ရှစ်ခုထဲမှာပဲ ပထဝီဓာတ်ဆိုတဲ့ မာမာ သဘောမျိုးလေး ရှိနေတယ်။ အာပေါဓာတ်ဆိုတဲ့ အတူတူ ရုပ်ကလေးတွေကို ရေက မုန့်မှုန့်ကလေးတွေကို စုပေါင်းပြီး ဖွဲ့ထားသလို အဲဒီအာပေါဓာတ်ကလဲ သူနဲ့တကွ ရုပ်မှုန့်ကလေး ရှစ်ခုကို တတွဲဖြစ်အောင် စသံပေသံအားဖြင့် တကလာပ် ဖြစ်အောင် ဖွဲ့။ သူက ဖွဲ့ပြီးတော့ ထားတယ်။ တေဇော ဓာတ်တဲ့။ အာပေါဓာတ်ကြောင့် ပျော့စိစိကြီး ဖြစ်မသွား အောင် သူက အငွေ့ကလေး။ အငွေ့ဓာတ်ကလေး၊ သေးသေး လေးပေါ့။ ပြောသာပြောနေရတာပါ။ သူတို့ကတော့ သေးသေး မှုန်မှုန်လေးတွေ။ ပြီးတော့ ဝါယောဓာတ်တဲ့။ ဒီရုပ်ရှစ်ခုကို တခုနှင့်တခု ဖိညှပ်ထောက်ကန်နေအောင်။ ဒီဓာတ်ကြီးလေးပါး ဆိုတာဒါပါပဲ။ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်။ အဲဒီဓာတ်ကြီးလေးပါးက

ရုပ်ကလေးတွေကို ဖိညှပ်ပြီးတော့ အကြားမှာ ဘာမှ မရှိဘူး။

**အဆင်း**၊ **အနံ့**၊ သူတို့လေးခု ဖိညှပ်ပြီးတော့ နေပြီးတော့က၊ **အရသာ** တခါ ဒီထဲမှာ အရာဝတ္ထုတော့ ခုနက လောက်ကြီးကြီးမားမား မရှိဘူး။ အဆင်း ဓာတ် ပါလာတယ်။ ဒါကြောင့် အဆင်းတွေ မြင်နေရတာ။ အနံ့ဓာတ်များယင်တော့ ဘုန်းကြီးတို့နှာခေါင်းနဲ့ ရတယ်၊ တော်တော်တန်ခိုးကြီးတဲ့ သူကဆိုယင် ဒီလောက်အနံ့မများ တောင် ဒါထက်သင်းနေတဲ့အနံ့ ရတယ်။ အဲဒီအနံ့ဓာတ်ဆိုတဲ့ အရာ ရှိတယ်။ ပြီးတော့ ရသဓာတ် ရှိတယ်၊ ရေမှာလဲ ရေနဲ့အလိုက် ရသဓာတ်ရှိတယ်။ ထမင်းမှာလဲ ထမင်း အလိုက် ရသဓာတ်ရှိတယ်။

**ဩဇာ** ပြီးတော့ ဘယ်ပစ္စည်းမျိုးမဆို ဩဇာဆိုတာ နောက်ဆုံး ကျောက်ခဲပင် ဝါးအုံးတော့၊ ဒီဩဇာဟာ ရှိနေတာပဲ။ ဒီဩဇာကို အဆီ အနှစ်လို့ ဆိုတယ်။ ကျောက်ခဲလဲ ကျောက်ခဲအလိုက် ဒီဩဇာရှိတယ်။ ရေမှာလဲပဲ ရေအလိုက် ဩဇာဓာတ်ရှိတယ်။ ဒါကြောင့် တော်တော်လေး များများလေးကို မြီးကြည့်ယင် ဘယ်လိုအရသာရှိတယ်။ ခုနက ဒီရသနဲ့ ဩဇာနဲ့၊ နောက် ဆုံးတော့ ဘုန်းကြီးတို့ ဘာမှ မစားနိုင်ဘူးဆိုယင် ရေသောက် နေယင်ပဲ ရေရဲ့ဩဇာက တော်တော်ကြာကြာ ခံသေးတယ်။ လူမမာဟာ ဆန်ပြုတ်၊ ကစီရည်ဆိုတဲ့ ဆန်ပြုတ်ကလေးကို

အရည်ချည်းသက်သက် သောက်နေလဲပဲ ဒီဩဇာဓာတ်ရှိသို့မို့ သူ့မှာ ရုပ်သစ်ကလေးတွေ ဖြစ်နေလို့မို့ အတော်ခံနိုင်တယ်။ ဆိုပါတော့ ရှုတ်တရက် မသေနိုင်ဘူး။ အဲဒီလို သတ္တိရှိတယ်။

**ဓာတ်ကြီးလေးပါးရဲ့သတ္တိ** ဒီတော့ကာ ရုပ်ဆိုတဲ့သဘောဟာ ဘယ်လို တုံးလို့ဆိုယင် ခုနက ရုပ်ကလာပ်ကလေးတခု မှာ အနည်းဆုံး ရုပ်ရှစ်ခုရှိတယ်၊ အမာခံ ရုပ်က-ပထဝီ-အာပေါ-တေဇော-ဝါယော-ပါဠိလို၊ ဗမာလို တော့ မြေဓာတ် တင်စားပြောထားတာ၊ ဘုရားမို့လို့ ပထဝီတို့ ဘာတို့ နာမည်တပ်နိုင်တာ။ ဘုန်းကြီးတို့ အသွတ် ဆိုသို့ရှိယင် ဘုန်းကြီးလဲ ဒီနာမည် မတပ်နိုင်ဘူး။ ဗုဒ္ဓ မြတ်စွာဘုရားက ဒီမြေကြီးကို ဥပမာပြောပြီးတော့ ဒီနဲ့နဲ့ မာမာခိုင်ခန့်တဲ့ ဓာတ်တခုရှိတယ်။ ဒါကို ပထဝီဓာတ်။ မြေကြီး မာနေတာလဲ ဒီဓာတ်တွေများနေတာ။ ဒီဓာတ်တွေများ နေတော့ မြေကြီးဟာခိုင်ခိုင်မာမာနဲ့ နင်းလို့ ဘာလို့ခံနေတာ။ ကျောက်ခဲတွေမှာ မာနေတာလဲ ဒီပထဝီဓာတ်။ သူ့သတ္တိ များနေတာ။ အဲဒီတော့ အဲဒါကို အကြောင်းပြုပြီးတော့ ဗုဒ္ဓမြတ်စွာက ပထဝီဓာတ် နာမည်တပ်ထားတယ်။ ပြီးတော့ အာပေါဓာတ်က ဒီရုပ်ကလာပ်ရှစ်ခုရှိယင် ရှစ်ခုကို စုစည်းပြီး တော့ ရေက မုန့်မှုန့်ကလေးတွေကို ရေနဲ့လောင်းလိုက်တော့ တခါထဲ တွဲသွားသလိုပဲ။ ဒီအာပေါဓာတ်ကြောင့် ရုပ်ကလေး တွေ တွဲသွားတာ။ တွဲတာမှ ပိုညပ်ပြီးတော့ နဲနဲမှအကြား

ရှိအောင် တွဲဘာ။ ရုပ်ကလေးတွေကို အာပေါဓာတ်နဲ့တွဲထား သင် စိုထိုင်းထိုင်းကြီးဖြစ်နေမှာပေါ့ဆိုတော့ မဟုတ်ဘူး။ တေဇောဓာတ်က အခိုးအငွေ့ ရှိနေပြန်ရော။ သူ့အလိုက်၊ သူ့အလိုက်။ ကလာပ်ဆိုလဲ သူ့အလိုက်၊ ဒီဟာတွေကို စိုထိုင်း မသွားအောင်အခိုးအငွေ့ကလေးတွေကရှိနေပြန်ရော။ ဝါယောဓာတ်ကလဲ ဒီပထဝီနဲ့အာပေါဟာမကွဲအောင် သူက တွန်းကန် ပြီးတော့ ထားသလိုပဲ။ တခါထဲ ပိညပ်နေတဲ့ဥစ္စာ။ ဒီဝါယောရဲ့ သတ္တိကြောင့်ဖြစ်ပါတယ်။ ဒီတော့ဓာတ်ကြီးလေးပါးလို့ ဒါ ခေါ်တာပေါ့။

**လေထဲမှာ မြေရေမီးဓာတ်ပါ** လောကကြီးထဲမှာ ကြီးကျယ်ပြီး နေတာ ဓာတ်ကြီးလေးပါးပါပဲ။ အဲဒီလို လောကကြီးထဲမှာ ကြီးကျယ်ပြီးနေတဲ့ ဓာတ်ကြီးလေးပါးဟာ ဒီထဲမှာပဲ တခုစီတခုစီထဲမှာလဲ သူတို့အကြီးကျယ်ဆုံးပဲ။ ဘာတုံး ပါဠိလို ပထဝီ-အာပေါ-တေဇော-ဝါယော-မြေဓာတ်၊ ရေဓာတ်၊ မီးဓာတ်၊ လေဓာတ်။ ဒီလောကကြီးထဲမှာလဲ ဒီဓာတ်ကြီးလေးပါး ကြီးကျယ်နေတာပဲ။ ဒီဓာတ်ကြီးတွေက လွှန်ကဲနေလို့ ဝါယောဆိုတဲ့ လေဓာတ်မှာလဲပဲ ပထဝီလဲပါတယ်၊ အာပေါလဲပါတယ်၊ တေဇောလဲပါတယ်။ ဒါပေမယ့်လို့ ဝါယောဓာတ်လွန်ကဲတယ်။ ဒါကြောင့်လဲ အလှုပ်အရှားတွေ၊ ပြီးတော့ သူက တွန်းတွန်းပေးနေတာ မဟုတ်လား။ သစ်ပင်တပင်ကို သူကတွန်းပေးနေယင် သစ်ခက်တွေဘာလုပ်လုပ်နဲ့။ ဒီအပေါ်ကတိုက်နေတဲ့ လေထဲမှာလဲဒီဓာတ်ကြီး

လေးပါးပါတယ်။ လေတိုက်ရာကို သူတို့ သတ္တိဆောင်နေ ကြတယ်။

**ရေသိလို့ ရပုံ** ပြီးတော့ ရေထဲမှာလဲ ဒီ ပထဝီတို့ ပါတာပဲ။ ဒါကြောင့် ဘုန်းကြီးတို့ ထိလိုက်တယ်ဆိုယင် ရေပုတ်လိုက်တယ်ဆိုယင် လက်နဲ့ ထိနိုင်တယ်။ အာပေါ ကိုတော့ မထိနိုင်ဘူး။ ပထဝီတို့၊ တေဇော–ဝါယောတို့ပါလို့ ထိတာ။ အာပေါချည်းဆိုယင် မထိနိုင်ဘူး။ ပြီးတော့ အဲဒီ ဓာတ်ထဲမှာ ရေထဲမှာ အာပေါဓာတ်လွန်ကဲ။ လွန်ကဲဆိုတာ များတာမဟုတ်ဘူး။ ဒီဓာတ်ကြီးလေးခုကတော့ လေးခုပဲနေ တယ်။ ဒါပေမယ့် သတ္တိသာနေတာ။ သတ္တိသာနေတော့ အရည်တွေဖြစ်ပြီးတော့ ဒီလိုပြန့်နေတယ်။

**တေဇော နှစ်မျိုး** မီးတောက်နေတဲ့ မီး၊ ပူနေတဲ့ မီးထဲမှာ အခု ဒီဘုန်းကြီးတို့ လက်တွေဘာတွေ နွေးလာတယ်ဆိုယင် တေဇောက အားကောင်းလာပြီ။ တေ ဇောနှစ်မျိုးရှိတယ်။ ဒါတော့ သတိထားဖို့လိုပြန်တယ်။ တေ ဇောက သီတတေဇော၊ အေးတဲ့တေဇော၊ အာ....စိမ့်လို့ အေးလိုက်တာဆိုတော့ အဲဒီမှာ သီတတေဇောပါတယ်။ တေ ဇော မပါမရှိဘူး။ ပါတယ်။ ပူလိုက်တာဆိုယင် ဥဏှတေဇော ပါတယ်။ တေဇောကတော့ ပါတော့ပါတာချည်းပဲ။ ဒီတော့ ကာ မြေဓာတ်၊ ရေဓာတ်၊ မီးဓာတ်၊ လေဓာတ်။ ရေထဲမှာလဲ ရှိတယ်။ အာပေါဓာတ်က သတ္တိလွန်ကဲသော့ ရေဖြစ်တယ်။ လေထဲမှာလဲ အဲဒီ ဓာတ်ကြီးလေးပါးရှိတယ်။ ဝါယောဓာတ်က

သတ္တိလွန်ကဲတော့ လေလို့ လူများ သမုတ်ထားတယ်။ မီးထဲမှာလဲ ဒီဓာတ်ကြီးလေးပါး ရှိတယ်။ ရှိပေမယ့်လို့ မီးလို့ သမုတ်ထားလောက်အောင် တေဇောဓာတ်က လွန်ကဲနေတယ်။ အင်မတန် အေးစက်နေတဲ့ အခါမှာလဲ ဒီဓာတ်ကြီးလေးပါး ရှိတယ်။ ဒါပေမယ့်လို့ သီတတေဇောဓာတ် လွန်ကဲနေတော့ကာ 'အင်မတန် အေးသွားတာ စိမ့်သွားတာပဲ' များနဲ့ ပြောကြတယ်။

**အဆင်းစသည်** ဒီတော့ကာ ဒီဓာတ်ကြီးလေးပါး အမာခံကြောင့် ဒီရုပ်ကလာပ်တခု ဖြစ်တယ်ဆိုယင်ပဲ ဘာပါလာတုံး။ အဆင်း ပါလာတယ် ဝဏ္ဏ။ အနံ့ပါလာတယ် ဂန္ဓ။ အရသာပါတယ်။ မီးပေမယ်လို့ အရသာပါတယ်။ ဒါပေမယ်လို့ ဒါရုပ်သစ်တခုဖြစ်တဲ့ အရသာမျိုးတော့မဟုတ်ဘူးပေါ့။ ပြီးတော့ ဩဇာအဆီ ပါတယ်။ ဒီ- ဓာတ်တိုင်း ဓာတ်တိုင်းမှာ နောက်တော့မှ ဒီ ပြင် တခုတခု ပိုလာလို့ ရှိယင် ၉-ခု၊ နောက်နှစ်ခုလောက် ပိုလာလို့ရှိယင် ၁၀-ခု။ ဒီလို နဲနဲနဲနဲ တိုးသွားတယ်။

**အပြင်ဘက်က ရုပ်** ရုပ်ဆိုတာ ဘယ်လိုဟာလဲဆိုတော့ အဲဒီရုပ်တွေဟာ အပြင် ဘက်မှာတော့ကာ ဥတုကြောင့် ဖြစ်တယ်။ ဒါပေမယ့် အပြင်ဘက်မှာ စိတ်လဲမရှိဘူး။ အစာလဲ မရှိဘူး။ စားတဲ့အစာလဲ မရှိဘူး။ ကံလဲ သူတို့ အပြင်ဘက်မှာ မရှိဘူး။ သူတို့ကျတော့ ဥတုကြောင့်ဖြစ်တဲ့ ရုပ်ချည်းပဲ။ အကြောင်း တခုထဲပဲ ရှိတယ်။ ဒါတောင်မှ

နားများ မလည်လောက်အောင်လား မသိဘူး။ ဘုန်းကြီးတို့ ကမ္ဘာမြေကြီးဖြစ်နေတာကိုက ဥတုချည်းပဲ။ ဥတုဇရုပ်ချည်းပဲ။ ဒါပေမယ့်လို့ ဒီပေါ်မှာနေမယ့် သတ္တဝါများရဲ့ကံ မကင်းဘူးတဲ့။ ကံမကင်းဘူးဆိုတာ သူ့ကိုပြုပြင်တဲ့ကံ မဟုတ်ဘူး။ ဒီသတ္တဝါတွေရဲ့ ကံအလိုက် ဟိုမှာ ဥတုဇရုပ်ဟာ ဖြစ်နေတယ်။ ဒါကြောင့် ကံအရင်းခံတဲ့ ဥတုဇရုပ်-ကမ္မပစ္စယဥတုဇရုပ်။ ဒီလို သမုတ်ထားတယ်။

**ကံကြောင့်ဖြစ်တဲ့ ရုပ်** ဒီတော့ ဘုန်းကြီးပြောတဲ့ ကံကြောင့်ဖြစ်တဲ့ရုပ်။ ဘုန်းကြီးတို့ လူထဲကျတော့ သိပ်သိသာလာပြီ။ ဒါကို နားလည်ဖို့ သိပ်ကောင်းဘယ်၊ ဆက်မေးယင်လဲ မေးစရာမေးခွန်းတွေ အင်မတန်ကောင်းတယ်။ ကံကြောင့်ဖြစ်တယ်ဆိုတာ ခုကံကြောင့် ဖြစ်တာ မဟုတ်ဘူး။ ဟိုရှေးက ဆိုပါတော့လေ၊ ဒီဘဝဖြင့်လဲ ဒီဘဝ ရှေးက၊ ဒါမှမဟုတ်ယင် ဒါထက်ကြာတဲ့ ရှေးက၊ ဘယ်လောက် ရှေးကတုံးဆိုယင်တော့ ဘယ်လောက် ရှေးဖြစ်ဖြစ်။ အလွန်ဝေးတဲ့ ရှေးဖြစ်ဖြစ်။ အဲဒီ ကံကြောင့်ဖြစ်တဲ့ ရုပ်ဟာ ဒီ ဘုန်ကြီးတို့ရဲ့ အမိဝမ်းထဲမှာ စကထဲက ပထမဆုံး စဖြစ်တယ်၊ ဘုန်းကြီးတို့ ပထမဆုံး စဖြစ်တဲ့အခါမှာ ခုနက ရုပ်တွေဟာ ကလာပ်လို့ ပြောပြီးနော်။ ကလာပ် ၃-ခု ပါတယ်။ ဒီရုပ် အမိဝမ်းထဲမှာ စပြီးတော့ ဖြစ်ကထဲကိုက စပြီးတော့ဖြစ်တာက ဘာကြောင့်ဖြစ်တုံးဆိုလို့ရှိယင် မိဘတို့ရဲ့သွေးသားတော့ အခြေခံတယ်။ သွေးသားက မဖြစ်သေး

ဘူး။ ဒီသွေးသားအခြေခံပြီးတော့က မျှားသောအားဖြင့် သွေးသားအခြေခံပြီးတော့။ မျှားသောအားဖြင့်ဆိုတာ တခါ တခါ သွေးသားမပါပဲ ဒီကံကြောင့် ရုပ်က ဖြစ်နေတယ်။

**အမိဝမ်းထဲ ရုပ်ဖြစ်ပုံ** သွေးသားအခြေခံ ပြီးတော့က ကံကြောင့် ဖြစ်တဲ့ရုပ်ကလေး အမိဝမ်းထဲ သားအိမ်မှာ စပြီ ဆုံကြစို့။ စတော့ ဘာရုပ်တွေတုံးလို့ ဆိုတော့ ကိုယ်ကလေးဖြစ်ဖို့ရန် ကိုယ်ရဲ့မူရင်း ကာယ၊ သူက ရုပ်ဆယ်ခု ဖြစ်သွားတယ်။ ကာယ-ဒသကကလာပ်၊ဒါကြောင့် ကိုယ်ကလေးဟာ နောက် ကြီးထွားလာတယ်။ ဒီရုပ်တွေက ပွား-ပွား-ပွား-ပွား လာပြီး ကြီးထွားလာမယ်။ ကာယ-ဒသက ကလာပ် ပထမဆုံး၊ပြီးတော့ ဖြစ်တဲ့စိတ်ရဲ့အခြေခံ အကြောင်း ခံဖို့ရန် ခုနက ဟဒယမှာ ဖြစ်တယ်လို့ ပြောတယ်မဟုတ်လား။ဟဒယမှာ တည်တယ်လို့ ပြောတာ။ အဲဒီ ဟဒယဝတ္ထု ဆိုတဲ့ ဝတ္ထုဒသကကလာပ် နှစ်ခု။ ပြီးတော့က ယောက်ျား ဖြစ်မယ့်သူမှာ ပုရိသဘာဝရုပ်ကလာပ်၊ မိန်းမဖြစ်မယ့်သူမှာ ဣတ္ထိဘာဝရုပ်ကလာပ်။ ဒီ ကလာပ်သုံးစည်း စတားတယ်။ အဲ့ဒါကြောင့် ဒီ ကလာပ်သုံးစည်းဟာ နောက်တော့ ထပ်-ထပ်-ထပ်-ထပ်- ထပ်ဖြစ်လာတော့ ဒီကာယကလဲ ကြီး လာတယ်။ ပြီးတော့ ဝတ္ထုဒသက ကလဲ စိတ်ဖြစ်တိုင်း ဖြစ်တိုင်း သူ့ကိုမှီပြီးတော့ ဖြစ်နေရတယ်။ ဣတ္ထိဘာဝရုပ်က လဲ တဖြည်းဖြည်း ကြီးလာတယ်။ ဘာဝရုပ်ဆိုတဲ့ဥစ္စာ ပြော ရစေတော့၊ ယောက်ျားအင်္ဂါ မိန်းမအင်္ဂါ မဟုတ်ဘူး။ ပင်္

သန္ဓေနေတုံးက ယောက်ျားအင်္ဂါ မိန်းမအင်္ဂါ ဘာမှ မဆိုင်သေးဘူး။ ဘာမှ မဖြစ်သေးဘူး။ ဘာမှ မဖြစ်ပေမယ့်လို့ အဲဒီအင်္ဂါချင်း မတူရဘို့ရန် အကြောင်းဖြစ်တဲ့ ဘာဝရုပ်က ဖြစ်လာတယ်။ အဲဒါ ဘာ့ကြောင့် ဖြစ်ရသလဲ။ ရှေးကံကြောင့်ဖြစ်တယ်။

**ကံချင်းကွဲလာ** ရှေးကံက ကောင်းလာလို့ရှိယင် ရှေးကံကောင်းသလောက် ဒီ ရုပ် က လေး တွေ ကောင်းကောင်း ကောင်းကောင်း သွားမယ်။ ကံကလဲ အချိန်ရှိသရွေ့ လိုက်ဖြစ်တယ်၊ ဟိုနားတင် တခါထဲဖြစ်ပြီး သွားပေတော့ ဒီလို မဟုတ်ဘူး။ နောက်လဲ ဒီကံကြောင့် ကံကြောင့် ဒီလိုရုပ်ကလေးတွေ ဖြစ်တယ်၊ ဒါကြောင့် ယောက်ျားမိန်းမကွဲဘို့ရန် ဒီမတူဘို့ရန် ပဋိသန္ဓေစကထဲက ရုပ်ကလာပ်လေး သုံးခုစကထဲက ကွဲပြီးသား ဖြစ်နေပြီ။ ပြီးတော့ကာ ဒီရုပ်ကလေးတွေဟာ ကံကောင်းလို့ရှိယင် အဲဒီထဲကိုက ကောင်းကောင်းရုပ်ကလေးတွေ ဖြစ်တယ်။ ဒီတော့ ၃-ကလာပ်တော့ ၃-ကလာပ်ပဲ။ ကံမကောင်းလို့ရှိယင် နုံနုံကလေး ညံ့တဲ့ရုပ်ကလာပ်ကလေးတွေ ဖြစ်တယ်။ ဒီထဲကိုက တယောက်နဲ့တယောက်က ရှေးကံက ကွဲတော့ကာ၊ နောက်တော့ဆိုပါတော့။ ဒီရုပ်တွေ ကြီးလာတဲ့အခါကျတော့ အရာဝတ္ထုပေါ်လာတဲ့အခါကျတော့ သူ့ရုပ်က ချောတယ်၊ သူ့ရုပ်က ဆိုးတယ်။ ဒီဟာ သမုတ်ကြတာ။ အမှန်တော့ ဟိုကံက ပြီးတော့ အခြေခံ ကွဲလာခဲ့ကြတာ။

**သင်္ချာနည်းနဲ့ တွက်ကြည့်** ပြီးတော့ကော ခုနလက်ဖြောက်တချက်တီးမှာ စိတ်က ကုဋေဘသိန်းမက ဖြစ်တယ်လို့ဆိုတာ ရုပ်က နှေးတယ်မဟုတ်လား။ ကုဋေဘသိန်းမကဆိုတာ သင်္ချာများ သိပ်နိုင်တဲ့သူတွေကိုတော့ မပြောတတ်ဘူး။ လက်ဖြောက်တချက်တီး ကုဋေတသိန်းမက ဖြစ်တယ်။ ရုပ်တဆယ့်ခုနစ်ချက်မှာ စိတ်ဘခါဖြစ်တယ်ဆိုတော့ သင်္ချာနည်းနဲ့ တွက်ကြည့်လို့ရှိယင် ဒီလိုဆိုယင် ရုပ်က လက်ဖြောက်တချက်တီးမှာ ဘယ်လောက်ဖြစ်နိုင်တယ် တွက်ကြည့်ယင် ရမယ်။ သင်္ချာနည်းနဲ့ ဘုန်းကြီးက မတွက်တတ်ဘူး။ မတွက်တတ်တော့ မတွက်တတ်တဲ့အတိုင်းပဲ မှတ်ထားလိုက်တယ်။ လက်ဖြောက်တချက်တီးမှာ ရုပ်ပေါင်း ဘယ်လောက်ဖြစ်တယ်လို့တော့ ဘုန်းကြီး မပြောနိုင်ဘူး၊ မပြောနိုင်ပေမဲ့လို့ အဲဒီရုပ်တွေဟာလဲ အင်မတန် မြန်မြန်ဖြစ်တာပဲ။

**ဖြစ်တိုင်းတော့ ပျက်တယ်** ဖြစ်ပြီးတော့ မပျက်ဘူးလားဆိုတော့ ပျက်တယ်။ ပျက်တဲ့ရုပ်က ပထမဆုံး မမွေးခင်ရော၊ လူကြီးကြီး မဖြစ်ခင်ရော၊ ပျက်တဲ့ရုပ်က နဲတယ်။ နောက်ထပ်ကံကြောင့် ကံကြောင့် ရုပ်သစ်တွေက များတယ်။ ဖြစ်တိုင်းတော့ ပျက်တယ်။ ဖြစ်တိုင်းပျက်ပေမယ့်လို့ ကံကြောင့် တိုးတိုး တိုးတိုးလာတယ်။ ဒါကြောင့် ကြီးကို ကြီးရတယ်။ ကြီးတော့လဲ ကံအလိုက်ပဲ။ နောက်တော့ အထည်ကိုယ်ပေါ်တဲ့ အခါကျတော့ ချောတယ် မချောဘူး။ ဒီလို ကွဲလာတယ်။

**ဥတုခေါ်တဲ့အငွေ့** ပြီးတော့ တခါ အဲဒီပဋိသန္ဓေဆိုတဲ့ အချိန်မှာ ပဋိသန္ဓေဆိုတုံးကဖြစ်တဲ့ ရုပ်ကလာပ်၃စည်းထဲမှာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ပါတယ် မဟုတ်လား။ ပါတယ်။ အဲဒီတော့ တေဇောကို ဘာလို့ ခေါ်တုံးဆိုတော့ ဥတုလို့ ခေါ်တယ်။ အငွေ့ကို ဥတုလို့ ခေါ်တယ်။ ဥတုလို့ခေါ်တော့ အဲဒီဥတုက ပဋိသန္ဓေတည်ပြီးလို့ ပဋိသန္ဓေစိတ်ရဲ့ သုံးဖို့တဖို့လွန်သွားယင်လဲ ဥတုက ရုပ်သစ်ကိုဖြစ်စေပြီး ရုပ်သစ်ကိုဖြစ်စေတော့ ဥတုဇရုပ်ကလဲ ဒီခန္ဓာကိုယ်ထဲမှာ တွဲရက်တွဲရက်။ စိတ်တိုင်းစိတ်တိုင်းမှာ ဒီခုနကပြောတဲ့ ဘုန်းကြီးတို့စာက ဌီခဏကို ရောက်တယ်။ အဲဒီ ရောက်လို့ရှိယင် ရုပ်သစ်တွေ၊ ဥတုဇရုပ်က တိုးရက်တိုးရက်၊ ကမ္မဇရုပ်က တိုးတယ်၊ အသစ်နော်။ အဟောင်းလဲ ပျက်တယ်။ ပျက်ပေမယ့်လို့ အတိုးများတယ်။ အနှုတ်က နဲတယ် ပေါ့ခလေ။ ဒီအဖြစ်တွေက များလာတယ်။ ခန္ဓာကိုယ်လေးက ကြီးကြီးကြီးကြီးလာတယ်။

**လူ့ခန္ဓာဖြစ်စဉ်** တခါဒီထဲမှာ စိတ်က ပဋိသန္ဓေစိတ်ဆိုတာ စိတ်ပါလာပြီ။ ပဋိသန္ဓေစိတ်နောင် အဲဒီ စိတ်ကို ခုနက ဘုန်းကြီးတို့ "ဘဝင်စိတ်"လို့ခေါ်တယ်။ အဲဒီ လောက် စပြီးတော့ စိတ်ကြောင့်ဖြစ်တဲ့ရုပ်ကလဲ ဖြစ်လာပြီ။ အမေက အစာစားလိုက်တဲ့အခါမှာ ကလေးကိုယ်ထည်မှာ မထိနိုင်သေးဘူး။ အင်မတန် သေးနေသေးတယ်။ ပထမ၇ ရက် ဟာ ဘယ်လောက် ဖြစ်တုံးဆိုတော့ ရေကြည်ကလေးပါပဲ

အရေကြည်ကလေးပဲ ရှိသေးတယ်။ ဘယ်လောက်မှ အရောဝတ္ထု မပေါ်သေးဘူး။ ဒုတိယ ၇-ရက်ကျတော့ အဲဒီအရေကြည်လေးဟာ အမြှုပ်ပွက်လေးဖြစ်လာတယ်။ တတိယ ၇-ရက် ကျတော့ အသားပျော့ပျော့ကလေး ဖြစ်လာတယ်။ ပြီးတော့ စတုတ္ထ ၇-ရက်ကျတော့ အဲဒီအသားပျော့ကလေးဟာ မာလာတယ် ဆိုပါတော့။ အဲဒီလိုပဲ တဖြည်းဖြည်း လူအကောင် အထည်ကလေးတွေ ပေါ်လာတော့မယ်။ ဒုတိယ ခုနစ်ရက်လောက် လွန်ယင်ပဲ အမေက စားတဲ့အစာက ဒီသူငယ်ရဲ့ ချက်ကြိုးတွေနဲ့ ဆက်သွယ်ပြီးတော့ အဲဒီအစာရဲ့ အဆီတွေ ဩဇာတွေ ပြန့်တဲ့ အခါမှာ ကလေးရဲ့ကိုယ်ကို လာထိတယ်။ ခုနစ်ရက်နှစ်ပတ် လောက်လွန်လာတော့ ကိုယ်တို့ဘာတို့က ပေါ်လာပြီး အဲဒီ လာထိတယ်။ အဲဒီ ထိတဲ့အခါမှာ ကလေးမှာ ဩဇာပြန့်သွားတယ်။ အဲဒီဩဇာကြောင့် ရုပ်ဖြစ်တယ်။ ဒါကို အာဟာရဇ ရုပ်လို့ ခေါ်တယ်။

**ဗုဒ္ဓကအသေးစိတ်ဟော** အဲဒီတော့ ကံကြောင့် ဖြစ်တဲ့ ရုပ်၊ စိတ်ကြောင့်ဖြစ်တဲ့ရုပ်၊ ဥတုကြောင့် ဖြစ်တဲ့ရုပ်၊ အာဟာရကြောင့် ဖြစ်တဲ့ ရုပ် ရုပ်လေးမျိုး သူ့မှာ ဆုံလာပြီ။ နှစ်သတ္တာဟလောက်ကျော်ယင်ပဲ စုံလာပြီ။ အဲဒီရုပ်တွေ ထွားထွား ထွားထွား ကြီးကြီး ကြီးကြီးလာလိုက်တဲ့ဥစ္စာ၊ နောက်တော့ ဒေါက်တာတို့ မွေးရတဲ့အချိန်မှာ ခုနက လူကလေးဖြစ်လာအောင် ဘယ်အချိန်မှာ လက်တွေ၊ ဘယ်အချိန်မှာ ခြေတွေ၊ ဘယ်အချိန်မှာ ဆံ၊ ဘယ်အချိန်မှာ ဘာဖြစ်

တယ်ဆိုတာ အသေးစိတ်လဲပဲ ဗုဒ္ဓက ဟောတယ်။ ဒေါက်တာ တို့ရဲ့ မှတ်တမ်းမှာလဲ အသေးစိတ် ရှိတယ်။ အဲဒါ နောက် မွေးဖွားလာတော့ ဒီလိုရုပ်တွေ တိုးတာနဲ့မို့လို့ လူပုံကလေး သေသေချာချာ ဖြစ်လာတယ်။

**စိတ်ကသိတာ** အဲဒီလူပုံကလေးမှာ နာတယ် ကျင်တယ်ဆို တာစိတ်ကသိတာ။ ရုပ်ကမသိဘူး။ အဲဒီတော့ စိတ်ကသိတော့ကို အဲဒီအချိန်မှာပဲ နာတယ်။ မနာဘူး။ ဖွားစ ကလေးလေးကို ခုနက အရေးတယူ ပြုပြင်တတ်တဲ့သူက နူးညံ့ တဲ့အဝတ်စကလေးနဲ့ ကိုင်တယ်။ ကလေးလေးက မငိုဘူး။ ကြမ်း တဲ့အဝတ်စနဲ့ ကိုင်တယ်။ ကလေးလေး နဲနဲနာတယ်။ အဲဒီမှာ နာတယ်ဆိုတာက နာတာက သူ့ကိုအကြောင်းပြုပြီးတော့ စိတ်က သိတာ။ စိတ်ကသိပြီးတော့ ငိုတယ်ငိုတယ်။ အဲဒီလို စသည် ဖြစ်လာတယ်။

**ပညာရှိမျက်စိနဲ့ ကြည့်တော့** ဒီတော့က တုန်းကြီးတို့ ကံကစပြီးတော့ ဖြစ်လာတာဖြစ်တော့ ဒီလူတွေဟာပေါ့ လေ ဘယ်နည်းနဲ့မှ ပုံမတူဘူး။ ပြီးတော့ တမိထဲမွေး၊ အမွှာမွေး၊ အမွှာမွေးတောင်မှ သေသေချာချာ ကြည့်တတ်တဲ့ ဒေါက်တာတို့အကြည့်ဆိုယင် အရုပ်မြင်တော့ တူပါတယ်။ ပညာရှိတဲ့သူရဲ့မျက်စိနဲ့ ကြည့်တော့ မတူဘူး။ ဒါကြောင့် အချို့ သက်ဆိုးရှည်လို့ရှိယင် တချို့က နဲနဲက လေး ထွားတယ်။ တချို့က နဲနဲကလေး ပုတယ်။ အဲဒီကျမှ အရုပ်က မြင်တယ်။ ဒေါက်တာတို့က စောစောကတည်းက

သိတယ်။ ဘယ်သူက စမ်းကြည့်လိုက်လို့ ရှိယင် အသက်လဲ ရှည်ဖို့ မရှိဘူး။ ကိုယ့်ပညာနဲ့ တရားတော်ကလဲ စမ်းကြည့် လိုက်ယင် အသက်ရှည်ဖို့ မရှိဘူးဆိုတာ ကံကကို ပါလာပြီ။ ဘယ်သူကတော့ စမ်းကြည့်လိုက်ယင် သူက အသက်ရှည်စရာ ရှိတယ်။

**နာမည်ကြီး အမှာပူး** တလောတုံးက အင်မတန် နာမည်ကြီးသွားတဲ့ အမှာလေးတွေကိုခွဲတယ်။ ဒေါက်တာတို့ရဲ့စိတ် ကိုက ဒါ နှစ်ယောက်စလုံး ရှင်ဖို့တော့ အသက် ရှည်ဖို့တော့ မလွယ်ဘူးဆိုတော့ တယောက်ကို နဲနဲ ဦးစားပေး လိုက်တယ်။ အဲဒီတယောက် ဦးစားပေးလိုက်တာက ဟိုက တယောက်ကံက ကောင်းတယ်။ တယောက်ကံက မကောင်း။ ဒီလို ဖြစ်လာတယ်။ အဲဒီတော့ တယောက်ဟာ သိပ်ကြာကြာ ကြီး အသက်မရှည်ပဲနဲ့ ဆုံးရတယ်။ သိပ်ကံစွမ်းလွန်းလို့။ ဘုန်း ကြီးကလေ ခု ဒါကြောင့် အားတက်သရော ပြောနေတာ။ အားလုံးပေါ့လေ။ မေးစမ်းပါလို့ ဘုန်းကြီးက သိစေချင် လွန်းလို့ ပြောနေတာ။ ဒါ ဘုန်းကြီး ဒီလောက်သိလို့ ရှိယင် ဗုဒ္ဓမြတ်စွာ ဘယ်လောက် သိတော်မူထားမလဲဆိုဒါ စဉ်း စားပြီး ကြည့်ပါ။

**အမှာမွေး တောင်မှမတူ** အဲဒီလို ဒီဘမျိုးစီ တချိုးစီ အမှာမွေးတောင်မှ မတူလို့မို့ အပြင်ဘက် ရောက်တဲ့ အခါကျ တော့ အသက်ရှည်တယ်၊ အသက်တိုတယ်။ တခါ သူက အသားလေး နဲနဲဖြူတယ်။ သူက အသားလေး

နဲနဲမဲတယ်၊ တမေအေ့ထဲမွေးတာ၊ တဥတုထဲ တနေရာမှာ အကုန်လုံး အတူတူပြုတာ။ သူက အသားကလေး နဲနဲလေးလပ်တယ်။ သူက အသားကလေး နဲနဲလေး ညိုတယ်။ ဒီမှာ ကံက မူတည်ပြီးတော့ ကွဲပြန်တာ။ ပြီးတော့ တော်တော်ကလေး ကြီးတဲ့အခါကျတော့ အင်း....သူက စိတ်သဘောကောင်းလိုက်တာ။ သူက စိတ်သဘော မကောင်းလိုက်တာ။ ရှေးကံက ဒီမှာဘုန်းကြီးတို့ ပဋ္ဌာန်းပစ္စည်းနဲ့ ကျေးဇူးပြုနေတာ။ တယောက်က စိတ်သဘော ကောင်းလိုက်တာ။ တယောက်က မကောင်းလိုက်တာ။ နောက်တော့ ပညာသင်ကြတော့ တယောက်က တတ်လွယ်လိုက်တာ။ ဒီတယောက်ကတော့ တတ်ခဲလိုက်တာ။ ဒီဟာတွေဟာ ဒီဆရာအတူတူ၊ ဒီအမေတူတူ၊ ပတ်ဝန်းကျင် အတူတူ။ အဲဒီလို ကွဲလာပြီဆိုတော့ ရှေးကံက မတူလို့ ဒီလိုကွဲလာတယ်။ တမအေ့ထဲ တဖအေထဲမွေးပေမယ်လို့ ကံချင်းမတူဘူး။ ကိုယ့်ကံနဲ့ ကိုယ်နဲ့ကိုယ့်ရုပ်တွေက ဖြစ်လာတာ။ ကိုယ့်စိတ်တွေက ကိုယ့်ကံနဲ့ ကိုယ်နဲ့ဖြစ်လာတာ။ အဲဒါကြောင့် မတူတာပဲဆိုပြီးတော့ ဘုန်းကြီးတို့ကလေ သိပ်ပြီးတော့ ဝမ်းမြောက်ဝမ်းသာ အားရပါးရနဲ့။

**သိလို့ကျန်းမာရေး လိုက်စား** ဒါကြောင့် ဘုန်းကြီးရဲ့ကျန်းမာရေးကို ဘုန်းကြီးဟာ စွမ်းနိုင်သမျှ လိုက်စားတယ်ဆိုတဲ့ဥစ္စာ။ ကံကြောင့် ဖြစ်တာ၊ စိတ်ကြောင့် ဖြစ်တာ၊ ဥတုကြောင့်ဖြစ်တာ၊ အာဟာရကြောင့်ဖြစ်တာ။ ဘုန်းကြီးက သိတော့လေ ဆိုပါတော့ ဒေါက်တာတို့

က 'ဘုန်းကြီး ဒါတော့မ တဲ့ဘူး' ဆိုယင် ဘုန်းကြီးက မပေးဘူး။ ဒါနဲ့သိပ်တဲ့တာပဲ။ ဒီဆေး သိပ်တဲ့တာပဲ။ ဒါကိုစားတယ်။ ဘာဖြစ်လို့လဲဆိုတော့။ ဥတုကြောင့်ဖြစ်တယ်ဆိုတာ အစာဆိုတဲ့ ဥစ္စာ၊ အာဟာရကြောင့် ဖြစ်တယ်ဆိုတဲ့ဥစ္စာ၊ ဘုန်းကြီးက သိတယ်မဟုတ်လား။ အဲဒါကြောင့် ဘုန်းကြီးဟာ ကံ-စိတ် ဥတု-အာဟာရကြောင့် ဖြစ်တယ်ဆိုတဲ့ရုပ်ကို လိုက်စားနေလို့မို့ တော်တော်များများကြီး ကျန်းမာနေတာ။

**စိတ်ကြောင့် မျက်နှာပြောင်း**

ဒီတော့ကာ နားလည်ပြီနော်။ ရုပ် ဘယ် လို သဘောရှိတယ်။ ဘာကြောင့် ဖြစ်တယ်။ ကံကြောင့် ဖြစ်တယ်။ စိတ်ကြောင့် ဖြစ်တယ်။ ဒီကံကြောင့် ဖြစ်တယ်ဆိုတာ ခုနက ကွဲသွားတာတွေသိပြီနော်။ ဒီအမွှာမွေးတွေ။ စိတ်ကြောင့် ဖြစ်တယ်ဆိုတာဟာ အမှတ်တမဲ့တော့ မသိဘူး။ ဟယောက်ကို စကားပြောယင် အင်မတန်ချစ်ခင်တဲ့ သမီးခင်ပွန်းချင်း စကားပြောနေတာတောင်မှ မတဲ့တဲ့စကား ပြောလိုက်လို့ရှိယင် တခါထဲ မျက်နှာပြောင်းသွားတာပဲ။ ဘာကြောင့်ပြောင်းတုံး။ စိတ်ကြောင့်ဖြစ်တဲ့ရုပ်တွေ ပြောင်းသွားတာ။ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်တွေ ပြောင်းသွားတော့ တခါထဲ မျက်နှာတွေက မကျေမနပ်ကြီးဖြစ်သွားတဲ့လက္ခဏာတွေ။ မျက်နှာတွေနီလို့ ဖြစ်လာတယ်။

**နောက်တော့ မျက်နှာကြည်လာ**

နောက်တော့ ဒါမဟုတ်ပါဘူး၊ ဒါ ပြောမှားလို့ပါ၊ ဘယ်လိုပါလို့ လိမ္မာတဲ့လူက ဖြေလိုက်တော့ ဒီမျက်နှာပဲ ချက်ချင်း

၂၄၇၁၉

ပြောင်းသွားတယ်၊ ဘယ်သူပြောင်းတာတုံး။ ကံမပြောင်းဘူး။ စိတ်ပြောင်းသွားတာ၊ စိတ်ပြောင်းသွားတော့ စိတ်ကြောင့်ဖြစ်လာတဲ့ရုပ်တွေဟာ တခါထဲ ဒီမှာ ချက်ချင်းပေါ်လာတယ်။ ဒါကြောင့် ရုပ်တွေ အလွန်မြန်တယ်။ ဘာဖြစ်လို့တုံး။ တယောက်ဘယောက်စကားပြောလို့မှ မဆုံးသေးဘူး။ ဒေါသဖြစ်တယ်ဆိုယင် ဒေါသရုပ်တွေ။ တကိုယ်လုံးပဲ ပြောင်းတာပဲ။ တကိုယ်လုံးပြောင်းတယ် ဆိုတော့ မျက်နှာကမြင်ရလို့ မျက်နှာပြောင်းတယ်လို့ ပြောရတာ။ ဒါကို ချော့ချော့မော့မော့နဲ့ တောင်းတောင်းပန်ပန် ဆိုယင်လဲ မျက်နှာ ကြည်လာတယ်။ တကိုယ်လုံးကြည်လာတယ်။ ကြည်ပေမဲ့ ရုပ်ပြောင်းသွားတာ၊ ရုပ်ပြောင်းသွားတာ၊

**နေထိုင်မကောင်းယင်** ဘုန်းကြီးတို့က သိလို့မို့လေ၊ တယောက်ယောက် နေထိုင်မကောင်းလို့ရှိယင် စိတ်မချမ်းသာအောင် မပြောပါနဲ့ ဟုတ်လား။ မချမ်းသာတဲ့ရုပ်တွေ သူ့မှာဖြစ်မှာစိုးလို့ စိတ်မချမ်းသာအောင် မပြောပါနဲ့။ စိတ်ချမ်းသာအောင် ပြောပါ။အဲဒီလိုဆိုတဲ့ဥစ္စာ ရုပ်ကောင်းတွေဖြစ်နေလို့ရှိယင် သူ့ကျန်းမာရေးဟာ နဲနဲနီးစပ်လို့၊ သို့မဟုတ် အသက်ရှည်ဖို့ များလို့၊စိတ်ချမ်းသာအောင် ပြောပါ။ စိတ္တဇရုပ်တွေကို ပြင်နေတာ။ မတဲ့တဲ့အစာ မစားနဲ့နော်။ မတဲ့တဲ့အစာကို စားလိုက်လို့ရှိယင် ချက်ချင်းရောဂါဘိုလာတယ်။ လူမမာဟာ သိပ်သိသာတယ်။ လူမာမှာ သိပ်မသိသာဘူးဒိုပေမယ့် တခါ မတဲ့တဲ့အစာကို စားလိုက်

လို့ရှိယင် ချက်ချင်း ရောဂါတိုးသလိုပဲ။ တဲ့တဲ့အစာနဲ့ တဲ့တဲ့ဆေးနဲ့ ပေးလိုက်လို့ရှိယင် မနက်က တော်တော်ညှိုးနေတာ အခု လန်းလို့ပါလား။ ခုနက အာဟာရဇရုပ်တွေ ပြောင်းလာတာ။ အင်မတန် သိထိုက်ပါတယ်လို့။

**ဘယ်ဘာသာပဲ ကိုးကွယ်ကိုးကွယ်** ကိုးကွယ်တဲ့ ဘာသာအနေမျိုးနဲ့ မသိချင်နေပါ။ ပညာတရပ်အနေမျိုးနဲ့ သိပ်သိသင့်တဲ့ ဘာသာပါလို့။ ပညာတရပ်အနေမျိုးနဲ့တော့ သိပ်သိသင့်တယ်။ ဘုန်းကြီးက ဘယ်-ဘာသာပဲကိုးကွယ်ကိုးကွယ်၊ မတော်မတရားမလုပ်နဲ့၊ ဘုန်းကြီးဝါဒက။ ဘာဖြစ်လို့တုံး၊ မတော်မဘာရားလုပ်လို့ရှိယင် ဘယ်ဘာသာကမှ ကောင်းတယ်လို့ မပြောဘူး။ တရားသဖြင့်သာ လုပ်လို့ရှိယင် ဘာသာတိုင်းက ကောင်းတယ်လို့ပြောတယ်။ တခါတုံးက ဘုန်းကြီးတို့ မြတ်စွာဘုရားလက်ထက်တော်မှာ တိတ္ထိဆိုပါတော့လေ။ တိတ္ထိဆရာကြီးတွေရဲ့ တပည့်တချို့ နတ်ဖြစ်နေတယ်။ ဒါ ဆန်းတယ်နော်။ နတ်ဖြစ်နေတော့ သူတို့ကတော့ ဆရာကြီးတွေက ဆုံးမလို့ နတ်ဖြစ်တယ်လို့ ယူဆတယ်၊ နတ်တွေက နတ်တွေက။ အမှန်က မဟုတ်ဘူး။ ဆရာကြီးတွေက အများတွေကို ဟောပြောနေပေမယ့် သူတို့က ဒီအများတွေကို ယုံတာတော့ယုံတာ တခြားပဲ။ လုပ်တော့ အကောင်းတွေကို လုပ်နေတယ် မဟုတ်ဘူးလား။ သူများရဲ့ အကျိုးရှိအောင် လုပ်တယ်။ တိတ္ထိဆရာကြီးရဲ့ တပည့်ဖြစ်ပေမယ့် သူများအကျိုးရှိအောင် လုပ်တယ်။ လိမ်လိမ်ကောက်

ကောက် ဘာသာတွေမှ မလုပ်ဘူး။ အဲဒီလို ကောင်းတာတွေ လုပ်လို့ သူတို့က နတ်ဖြစ်တယ်။ သူတို့ကတော့ သူတို့ဆရာကြီး တရားကြောင့် ဖြစ်သွားကြတယ်လို့ ထင်တယ်။ အမှန်ကတော့ ကောင်းတာလုပ်လို့။ ဒါကြောင့် ကောင်းတာ လုပ်ယင် ဘုန်းကြီးက ဘယ်ဘာသာပဲဖြစ်ဖြစ် သုဂတိဘဝရောက်ဖို့ ကတော့ ဖြစ်တာချည်းပဲ။

**မကိုးကွယ်ချင် နေပါ** သို့သော်လဲ ဗုဒ္ဓမြတ်စွာတရားက လမ်းဆုံးအသိ နိဗ္ဗာန်အထိ ရောက်သွားနိုင်လို့။ နိဗ္ဗာန်အထိ ကျင့်လမ်းရှိနေလို့မို့ ဗုဒ္ဓမြတ်စွာရဲ့ တရားတော်ကို လိုက်စားယင် ကောင်းတယ်လို့ ပြောနေကြတာ။ ဟိုကတော့ နိဗ္ဗာန်ဆိုတာလဲ သိပ်ပြီးတော့ မပြောနိုင်ဘူး။ နိဗ္ဗာန်ကိုရောက်ကြောင်းဖြစ်တဲ့ တရားအကျင့်လဲ မရှိဘူး။ ဒီလိုက–ကွာကွာနေတယ်။ ယခု ဘုန်းကြီး အသေးစိတ်ကံကြောင့်–စိတ်ကြောင့်–ဥတုကြောင့်–အာဟာရကြောင့် ဖြစ်တယ် ဆိုတဲ့ရုပ်တွေ ပြောနေသလိုလဲ သူတို့က ဟောပြောချက်တော့ ဒီလိုတော့ မရှိဘူး။ ဒါကြောင့် ဘာသာတရားအနေနဲ့ မကိုးကွယ်ချင်နေ၊ ပညာတရပ်အနေနဲ့ သိပ်လိုက်စားထိုက်တဲ့ ဘာသာပါလို့။ ပညာတရပ်အနေနဲ့ လိုက်စားလို့ သဘောပေါက်တော့လဲ ဘာသာကို မယုံကြည်ပဲနေပါတော့မလား။ ယုံကြည်တော့မှာပေါ့။ အဲဒီတော့ ဘုန်းကြီးက လိုက်စားကြပါ ပညာတရပ်အနေနဲ့။ အခု စိတ်အကြောင်းလဲ နဲနဲတော့ ရိပ်စားမိပြီနော်။ ရုပ်အကြောင်းလဲပဲ နဲနဲ ရိပ်စားမိပြီနော်။ ဒီတော့ကို

ခုနက ပသမပြဿနာမှာ ဒီအချိန်တော့ မေးလို့ နဲနဲတော်ပြီ ထင်တယ်။

## မေးခွန်း (၂)

**မေး။** ။ရုပ်ဖြစ်တဲ့အချိန်နဲ့ စိတ်ဖြစ်တဲ့အချိန်မှာ အဆခေပါင်းများစွာ လျင်မြန်တယ်လို့ ဆိုပါတယ်။ စိတ်ဖြစ်ပျက်ပုံကို ထင်ရှားအောင် ရှင်းပြပါ။

**ဖြေ။** ။ဒီ ယခု ခုနက ဒေါက်တာကပဲ သူ ဒီမှာနေဘယ်။ မိမိ အလုပ်လုပ်တဲ့နေရာကို အာရုံပြုလိုက်လို့ရှိယင် စိတ်ညွှတ်လိုက်လို့ရှိယင် ဆိုပါတော့ပေါ့။ အဲဒီအာရုံ ပေါ်ဘယ်။ ဒီတော့ စိတ်တွေ ဘယ်လောက်များများကြီး ဖြစ်နေတယ်ဆိုတဲ့ဥစ္စာ လက်ဖြောက်တချက်တီး ကုဋေဘသိန်းမက ဖြစ်တယ်လို့ ဆိုတော့ အာရုံပြုသော်လဲပဲ လက်ဖြောက်တချက်တီးလောက်ဆိုယင်ပဲ ဟိုမှာ အာရုံရနေပြီ။ ဒါ ဘယ်က ရတုံး။ ဘယ်သူကမှ လာမပေးဘူး။ ဒီစိတ်နဲ့ လှမ်းမှီနေတာ၊ စိတ်နဲ့ သိနေတာ။ ဒီကနေပြီးတော့ သိနေတာ။

**ရုပ်ထက် စိတ်ကမြန်** ရုပ်က အဲဒီလောက်မြန်တာ မဟုတ်ဘူး။ သမီး ခင်ပွန်း စကားပြောနေတဲ့နေရာမှာ တယောက်တယောက် မတဲ့တဲ့စကား ပြောပြော ချင်း ရုပ်ကမပြောင်းသေးဘူး။ ပြောပြီးတော့မှ ဆိုပါတော့ တစက္ကန့်လောက်ကြာမှ ရုပ်ပြောင်းတာတွေဟာ ပေါ်လာတယ်။ ဒါကြောင့် အမှန်ပြောင်းနေတာကတော့ ပြောပြီးပြီးချင်း

ပြောင်းတာ။ မတွဲတွဲစကားကို ပြောပြီးပြီးချင်း ဟိုကရင်တွေ ပြောင်းနေတာ။ စိတ်ကြောင့်ဖြစ်တဲ့ရုပ်တွေ ပြောင်းနေတာ။ ဒါပေမဲ့ လို့ဘေးကမြင်ရတာက တယောက်ကမြင်ရတာက တစက္ကန့်လောက် မြန်ပေ့ဆိုတောင်တစက္ကန့်လောက်ကြာတော့ အော်"ငါ့စိတ်ဆိုးပြီ" သိရတယ်၊ဒီတော့ ရုပ်က ဘယ်လောက်နှေးနေတုံး။ စိတ်က အဲဒီစက္ကန့်လောက်ဆိုယင် ကိုယ်အလုပ်ရုံမှာ ခေါက်တုန့် ခေါက်ပြန် ပြန်နေပြီ။ ဒီတော့ စိတ်က အဲဒီလောက် မြန်ပါတယ်။ ဒီတော့ စိတ်ထောက်ယင် ရုပ်က နှေးပုံ၊ ပြီးတော့ ရုပ်ထောက်ယင် စိတ်က မြန်ပုံဟာ သဘောပေါက်လောက်ပါတယ်။

**လောပိတခါတ်အား ဥပမာ** ဘုန်းကြီးတို့ဒီလောပိတကနေပြီးတော့ ဓာတ်အားပေးတဲ့ ဥစ္စာဟာ ရုပ်ချင်းဆက် ဆက်ဆက်ခုန်လာတာ မဟုတ်ဘူး။ ရုပ်ချင်းဆက်ဆက် ဆက်ဆက်လာတဲ့ ဥစ္စာ။ အလွန်မြန်တယ်။ ပြောနိုင်လို့ရှိယင်တော့ ဟိုကနာရီချင်းလဲ ကိုက်မယ်ဆိုယင် ဘယ်နာရီက ဓာတ်ဖွင့်လိုက်တာ။ ရန်ကုန်မှာ ဘယ်နှစ်နာရီမှာ ဓာတ်ရောက်လာတယ်။ ဒီလောက်တော့ ပြောလို့အချိန်ချင်း ကွာမယ်။ စိတ်က အဲဒီလောက် မကဘူး။ ဟိုက လောပိတက နေပြီးတော့ ရန်ကုန်မှာ ငါဘာကိစ္စ ဘယ်သူအာရုံပြုလိုက်လို့ရှိယင် ဒီရုပ်မပေါ်ခင် စိတ်ကဟိုမှာ ပေါ်လာပြီ။ ဘာဖြစ်လို့တုံး၊ စိတ်တွေက အမြန်ဆုံးအာရုံကို

လဲ ယူနိုင်တယ်။ ဟိုဘက်နေလဲ ယူနိုင်တယ်။ ပြီးတော့ ကုဋေ တသိန်းကော ဖြစ်တော့ အဲဒီ ပေါ်လာတဲ့အခါမှာ ရုပ်ပထမ ဆုံး ပေါ်တယ် နောက်တော့ ဒီဘယ်လိုဆိုတဲ့ ဥစ္စာတွေ ဟာ လောပီတကောင်အား ဒီမရောက်ခင် သူက တော်တော် များများကြီးကို သိနေပြီ။ တစိတ်တည်း သိတာမဟုတ်ဘူး။ စိတ်တွေ အများကြီး အပြောင်းအလဲနဲ့ သိတာ။ ဒီတော့ စိတ်ကမြန်ပုံဟာ သဘောမပေါက်ထိုက်ဘူးလား။ ရုပ်က စိတ် ထောက်ယင် နှေးပါတယ်။ နှေးတာတောင် အမြန်ကြီး မြန် သေးတယ်။

## မေးခွန်း (၃)

**မေး။** ။ရုပ်စိတ်တော့ ရှင်းပါပြီ၊ တပည့်တော်သိချင်တာ က စိတ်နဲ့ရုပ်နဲ့ မျှလို့ သန္ဓေတည်တော့ ဘယ် ဟာအရင်။

**ဖြေ။** ။ကောင်းလိုက်တာ၊ ကောင်းလိုက်တာ။ ဒီဘုန်း ကြီးတို့စာက တိကျတယ်။ ရုပ်နဲ့စိတ်နဲ့၊ စိတ်က လဲ ကံကြောင့်ဖြစ်တယ်၊ ဒီကံပါ။ စိတ်ကလဲ ကံကြောင့် ဖြစ်တဲ့စိတ်။ ရုပ်ကလည်း ကံကြောင့်ဖြစ်တဲ့ရုပ်။ တပြိုင်နက်ပဲ။ ခုနက ဉာဏ်ကောင်း ဉာဏ်မကောင်းဆိုတဲ့ သတ္တဝါတွေဟာ အဲဒီစိတ်က လာတာ။ ရုပ်ချင်းကွဲတဲ့ဥစ္စာက ဟိုရုပ်က လာတာ။ သူတို့ တပြိုင်နက်ဖြစ်တာ။ ဒါကြောင့် သက်သေပြစမ်းပါ ဆိုလို့တော့ ဒါ ပြလို့မရဘူး။ ဒီဟာ ပြလို့မရတဲ့ဥစ္စာကို ဘုန်းကြီးတို့ရဲ့ စာမှာရှိတယ်။

**သက်တွေ့သိရ** တချို့ကိစ္စမှာ ပစ္စက္ခသိဒ္ဓတဲ့၊ လက်တွေ့။ ဒါဟာ သေချာသွားတယ်။ ပြီးစီးသွားတယ်။ လက်တွေ့သေချာသွားတယ်။ ပစ္စက္ခသိဒ္ဓတဲ့။ ဒါက လက်တွေ့၊ မှန်နေတဲ့လက်တွေ့၊ လုပ်နေတဲ့ အလုပ်တွေဟာကတော့ ပစ္စက္ခသိဒ္ဓချည့်ပဲ။ ဟာ ဒီကောင်မိုက်လိုက်တာ၊ သိပ်မိုက်တာ။ ခင်ဗျား သူ့ကို ဒီလိုမစွပ်စွဲနဲ့။ တနေ့က ဘယ်သူ့ကို သူပါးချလိုက်တာ။ အင်း ဒီလိုကိုး။ ဒါဟာ ပစ္စက္ခသိဒ္ဓ မဟုတ်လား။ သူမိုက်တဲ့ ဥစ္စာကို လက်တွေ့ကို ပြနိုင်တယ်။ ဟိုလူက သိပ်သိမှာတာ။ ဘာဖြစ်လို့ ပါးချပေမယ်လို့ ငါကြောက်လို့တော့မဟုတ်ပါဘူးကွာ။ ငါ မင်းတော့ သည်းခံပါရဲ့ဆိုတော့ ပစ္စက္ခသိဒ္ဓ ဖြစ်မသွားဘူးလား။ ဒီတော့ ပစ္စက္ခသိဒ္ဓဆိုတာ လက်တွေ့ မျက်မြင်။ သူပြောလူပြော မဟုတ်ဘူး။ တခြားသွားပြီးတော့ ဘယ်ကောင်ဟာ သိပ်လိမ်မာတာပဲ။ ခင်ဗျားကသာ လိမ္မာတာ၊ တနေ့တုံးက ပါးချတာ သူပဲ။ ဒီလိုမဟုတ်လား။ လက်တွေ့သမားက လက်မခံဘူး တယောက်က ပြောတဲ့ဥစ္စာကို။ ဒါဟာ ပစ္စက္ခသိဒ္ဓ တရားတွေပါ။ ဒီလို ပစ္စက္ခသိဒ္ဓလဲ ရှိတယ်။

**မှန်းကြည့်လို့သိရ** တခုကျတော့ အနုမာနသိဒ္ဓ ၊မှန်းပြီးတော့ သေချာတယ်မှန်းပြီး၊ မှန်းတတ်တဲ့ သူပေါ့လေ။ မှန်းတတ်တဲ့လူက မှန်းကြည့်ယင် သေချာတယ်။ မှန်းတတ်တဲ့အရွယ်က မှန်းပြီးကြည့်ယင် သေချာတယ်။ ဥပမာ–ဒီမှာဆိုပါတော့၊ ဘုန်းကြီးက ဒီရေတော့မသိဘူးပေါ့။ မြစ်ရေတိုးတယ်ဆိုလို့ရှိယင် ဟိုမှာ မိုးရွာပြီ။ ခုဒီမှာ ရန်ကုန်မှာ

အင်မတန်အေးတယ်ဆိုယင် ဘုန်းကြီးက သိပြီ။ အထက်နိုင်ငံမှာ ဒီဘက် ပိုအေးမယ်။ ဘာဖြစ်လို့တုံးဆိုတော့ မြောက်လေ တိုက်လို့ အေးတာကိုး။ မြောက်လေတိုက်တော့ အေးတော့ကို ဟိုအထက်မှာဆိုယင် ဒါထက်ပိုပြီးတော့ အေးကိုအေးရမယ်။ အေးမယ်။ ဘုန်းကြီးက သိပြီ။ ဒါဘာတုံး၊ အနုမာနသိဒ္ဓ။ ဟိုမှာ သွားကြည့်ဖို့မလိုဘူး။ ဒါဖြင့်ယင် ဘာဖြစ်လို့ မြောက်လေ တိုက်သလဲ။ အဲ့ဒီဟာကို ဘုန်းကြီးတို့က သုတနဲ့လို့ပေါ့။ သုတေသနနဲ့လို့ပေါ့။ ဟိုမှာ ခုကြားပြီ။ ဘယ်မှာ ဘာ ရေခဲတောင်ကြီး ပြိုလိုက်တာတဲ့။ ပြိုလိုက်တော့မှ။ အဲဒီဟာ ကျတော့ ဘုန်းကြီးတို့က ဒီလောက် သုတကမရှိတော့ မှန်းလို့ မရဘူးနော်။ ရေခဲတောင်ကြီး ပြိုလိုက်တာတဲ့၊ အဲဒီက အအေးဓာတ်တွေက ဒီပြန့်ပြီးတော့လာလို့ အိန္ဒိယမှာ လူတွေ သေကြတယ်။ ဒီမှာလဲ ဒီလောက်အေးတယ်ဆိုတော့၊ ဒါက အနုမာနနဲ့ ဟုတ်လောက်တယ်။ မှန်းကြည့်ရတာ။ အခုတော့ ပစ္စက္ခတော့ မဟုတ်ဘူး။ ပစ္စက္ခသမားတွေက ရေဒီယိုက အသံလွှင့် ပြောလိုက်တော့၊ အနုမာနနဲ့ ဟုတ်လောက်တယ်။ ဘာဖြစ်လို့တုံး၊ ဒီမှာအေးနေပြီ။ ဒါက အနုမာန သိဒ္ဓတဲ့။

**အမူအရာ ကြည့်ပြီးသိရ** အာကပ္ပသိဒ္ဓ–သူရဲ့ စကားပြောတဲ့ အမူအရာကိုကြည့်ယင် ဉာဏ်ရှိတဲ့သူက သူဟာ သူတဘက်သားကို ကောင်းသော စိတ်ဓာတ်နဲ့ ပြောနေတာပဲ၊ မှန်းလို့ရတယ်။ မကောင်း မတရားသော

စိတ်နဲ့ ပြောနေတာပဲ၊ မှန်းလို့ရတယ်။ ဒီလောကကြီးမှာ ဒီလို မှန်းမှန်းပြီးတော့ပေါ့လေ။ ဒါပေမယ့် ဉာဏ်ရှိတဲ့သူမှ မှန်းလို့ရတယ်နော်။ ဉာဏ်မရှိပဲ သွားမှန်းလို့ရှိယင် အလွဲတွေ မှန်းတာပဲ။ ဆိုပါတော့ အမျိုးသမီးက သူ့ဘာသာသူ သွားနေတဲ့ဥစ္စာဟာ၊ သူ့ဘာသာ သူကြည့်တဲ့ဥစ္စာဟာ ငါ့ကို ဘယ်လို ဆိုယင် အဲဒါ အနုမာနနဲ့မှန်းကြည့်ယင် တွဲချင်မှတွဲမယ်၊ တော်တော်ကြာယင် ပါးချခံရမယ် ဟုတ်လား။ ဒီတော့ အနုမာနသိဒ္ဓိက ဉာဏ်ရှိမှဖြစ်တယ်။ ဉာဏ်မရှိလို့ရှိယင်တော့ ခုနကလို ဖြစ်တတ် ပျက်တတ် ပါတယ်။ ဖြစ်တတ် ပျက်တတ် ပါတယ်။

**ဘုရားကို ယုံကြည်ပြီးသိရ**

အခုဘာကိုပြောလဲ၊ ပစ္စက္ခသိဒ္ဓိ–အနုမာနသိဒ္ဓိ–အာကပ္ပသိဒ္ဓိ၊ အဲဒီသုံးမျိုးနဲ့ သေချာအောင် ကြည့်ဖို့မဟုတ်ပဲ ဉာဏ်ကလဲ သူတပါးရဲ့စိတ်ကိုသိတတ်တဲ့ ပရစိတ္တဝိဇာနနဉာဏ်လဲမရ၊ အတွင်းကို သိတတ်တဲ့ ဒိဗ္ဗစက္ခုဉာဏ်ကလဲမရတော့ သဒ္ဓေယျသိဒ္ဓိ။ ဘုရား ဒီလောက်ဉာဏ်ကြီးတဲ့ဘုရား ဟောထားတဲ့ဥစ္စာ ဘယ်တော့မှမလွဲဘူးဆိုပြီးတော့ ယုံကြည်တော့ကာ ဘုန်းကြီးတို့က ပဋိသန္ဓေဖြစ်တဲ့အခါမှာ စိတ်နဲ့ ခုနက ကမ္မဇကလာပ်စုစည်းတာ၊ စိတ်ကလဲပဲ ရှေးကံကြောင့်ဖြစ်တဲ့စိတ်မို့လို့ ဉာဏ်ထက်တယ်၊ ဉာဏ်မထက်ဘူး ဆိုတဲ့ဓာတ်ဟာ ဒီမှာပါလာတယ်။ စိတ်ကောင်းတယ်၊ စိတ်မကောင်းဘူးဆိုတဲ့ဓာတ်ဟာ ဒီပဋိသန္ဓေစိတ်ထဲမှာ ပါလာတယ်။ အဲဒီလို ပြောနိုင်တာက သဒ္ဓေယျသိဒ္ဓိ၊ ဘုရားယုံကြည်လို့ပြောနိုင်တာ။ ဒီလောက် ဉာဏ်ကြီးတဲ့

ဘုရားဟာ ဒီဟာကို အမှားမှား အယွင်းယွင်း ဘယ်တော့မှ မဟောဘူး။ ဘာပြုလို့တုံး၊ ဘာအကျိုးရှိလို့ ပြောရ ဟောရ မှာတုံး။ ဒီလိုအနေမျိုးနဲ့ ဘုရားကို ယုံကြည်သောအားဖြင့် ဘုန်းကြီးက ဒါကို လက်ခံပြီးတော့ သိဒ္ဓဖြစ်တယ်။ ဒါကြောင့် အင်မတန် ကောင်းတယ်၊ တပြိုင်နက်တည်းလဲ ဖြစ်တယ်။ ခုနကလို–

## မေးခွန်း (၄)

မေး။ ။ အခုန ကံတရားအကြောင်း ဟောသွားတာ၊ တပည့်တော်က စိတ်ရောဂါနဲ့ ပတ်သက်လို့ ဝါသနာပါတာ။ စိတ်ရောဂါဟာလဲ ကံတရား ကြောင့်ဖြစ်သလား။ သို့မဟုတ် စိတ်ပညာဆ ရာများအလိုအရ ပတ်ဝန်းကျင်ကြောင့်လား။

ဖြေ။ ။ သူတို့ရဲ့ အယူအဆလေးကို မပြောပေးနဲ့။ ဒါမှ ဘုန်းကြီးတို့ရဲ့လမ်းစဉ်ကို သိမယ်။ ဒီလိုဆို ပါတော့၊ မိမိကုနေတဲ့နေရာတွေမှာ အရူးတွေဘာတွေ တွေ့ရ တယ်။ ဒါက ဘုန်းကြီးတို့ကံက အင်မတန် သတ္တိစွမ်းပါတယ်။ ဘာဘဝလုံး သူရဲ့သတ္တိ ပြန့်နေပါတယ်။ သို့သော်လဲ သူ့ သတ္တိက နဲနဲကလေးရယ်။ ပတ်ဝန်းကျင်က သိပ်များတာပဲ။

**ပစ္စည်းပျက်လို့ရူး** ဆိုပါတော့ပေါ့ ပစ္စည်းပျက်လို့ရူးတယ်။ ဒါ ဟုတ်တယ်။ ပစ္စည်းပျက်လို့စိတ်တွေ ဘခါထဲ ဖောက်ပြန်သွားပြီးတော့ ရူးတယ်။ သို့ပေမယ့်လို့ အရင်းခံက ကံကလေးကတော့ နဲနဲလေးလိုက်လာတယ်။လူတိုင်း

ပစ္စည်းပျက်တဲ့လူတိုင်း ရူးသလားလို့။ ပစ္စည်းပျက်တဲ့လူတိုင်းတော့ မရူးဘူး။ သူတော့ ရူးလာတယ်။ ဒါဖြင့် ဟိုလူလဲ ပစ္စည်းပျက်တယ်။ ဒီလူလဲ ပစ္စည်းပျက်တယ်။ သူတော့ ဘာလို့ မရူးသလဲ။ သူတော့ ဘာလို့ရူးရသလဲ။ ဒီလိုဆိုတော့ မူလကံချင်းကခေတ်ချင်း မတူပြန်ဘူး။ ဒီမှာ ရုပ်တွေက ရှိနေသေးတယ်။ ကံကြောင့်ဖြစ်တဲ့ ရုပ်တွေက ရှိနေတော့ သူတော့ ပစ္စည်းပျက်တယ်။

**ပတ်ဝန်းကျင်ကြောင့်ရူး** တခါ စိတ်က အို-ဒါပျက်မှာပေါ့၊ ဒါပျက်လဲ ဘာဖြစ်လဲ။ လူက ငတ်မသေပါဘူး။သူက ဒီလိုသွားလိုက်တယ်။ ဟိုတယောက်ကတော့ ပစ္စည်းပျက်တယ်လို့ဆိုတော့ စိတ်ကိုညစ်လို့၊ငါဖော့ လူစဉ်မမှီတော့ပါဘူး၊ ငါတော့ သေတာပဲ ကောင်းပါတော့တယ်၊ ငါတော့ လူ့ပြည်မှာ မနေချင်ပါဘူးလို့။ သူက လွန်ကဲသွားတယ်။ လွန်ကဲသွားတော့ ရူးသလိုလို နှမ်းသလိုလိုနေရာက 'ရူးပြီတဲ့ရူးပြီတဲ့' ဆိုတော့ အစတုံးက မရူးတရူး၊ နောက်တော့ သူများက ရူးပြီတဲ့ရူးပြီတဲ့လို့ သမုတ်လိုက်တော့ သူ့ဘာသာ သူကို အရူးကို ဖြစ်သွားပေါ့ပဲ။ ပတ်ဝန်းကျင်က ရူးပြီတဲ့ရူးပြီတဲ့လို့ မသမုတ်ပဲနဲ့ ငါက ဘယ်လိုဖြစ်လာတာ။ တနေ့တုံးက ပျက်တဲ့ပစ္စည်းတွေဟာ ခုပြန်ပြီးတော့ ဘယ်ကရမတဲ့လဲ စသည်ပေါ့လေ။ မဟုတ်ပေမယ်လို့ ဖြေဖျော်မှုများ ပေးမယ်ဆိုယင်ရူးကို မရူးဘူး။ အဲဒါကြောင့်မို့ ဘေးကပတ်ဝန်းကျင်ကြောင့် ဆိုတဲ့ဥစ္စာ အဓိက။

**ကံတော့မကောင်းဘူး** သို့သော်လဲ အခြေခံက ကံကလေး ကတော့မတူကြဘူး။အဲဒီတော့ ကံက မှာင်း စကောင်းဘူးပေါ့။ ကံကြောင့်ရှုးတာတော့ မဟုတ်ဘူး။ အင်း....ပတ်ဝန်းကျင်ကြောင့်ရှုးတာ။ သို့သော်လဲ ကံမကင်းဘူး၊ မေးသာမေး။ ဘုန်းကြီးက မေးစေချင်လွန်းလို့ကို လက်ခံနေတာ၊ မေးသာမေး။ ဘာဖြစ်လို့ဆိုယင် အပြည့်အစုံမေးရယင် ဒီပရိသတ်နောက်က ဗုဒ္ဓဘာသာပရိသတ်တွေကလဲ သူတို့သဒ္ဓေယျသိဒ္ဓနဲ့သာ ယုံကြည်ပြီးတော့ နေတာ။ ဘာမှ တချို့ ပိုင်ပိုင် နိုင်နိုင် မသိပါဘူး။ ဒါကြောင့် ဘုန်းကြီးက မေးသာမေးလို့မေးစေချင်လွန်းလို့ကို ဘုန်းကြီးက အမေးခံနေတာ။ ဘာဖြစ်လို့တုံးဆိုတော့ အများ ဒါမှ နဲနဲ နဲနဲ ဉာဏ်ရှင်းလာမယ်။

## မေးခွန်း (၅)

**မေး။** ။တပည့်တော်တို့ နိုင်ငံခြားတွေဘာတွေ သွားတော့ သူတို့က မေးကြတယ်။ စိတ်ရောဂါနဲ့ ပတ်သက်လို့ ဗုဒ္ဓဘာသာက ရောဂါဖြစ်ပုံ ပျက်ပုံ ဘယ်လို ဆိုသလဲတဲ့။

**ဖြေ။** ။ခုနကပြောပြီ၊ တချို့ကတော့ ကံကြောင့်သက်သက်ရှုးတယ်။ ဘုန်းကြီးတို့စာထဲမှာ ဟိုပဠာစာရာရှုးတာ ဝတ္ထုအဖြစ်နဲ့လာတယ်။

**သင်္ချေးသမီး ပဋ္ဌာစာရာ** ပဋ္ဌာစာရာက နောက်ကို ကောင်းလဲကောင်း လာတယ်။ မကောင်းခင်ကလဲ အင်မတန် သွက်သွက်လည်အောင် ရှုးတဲ့ သင်္ချေးသမီး။ သူက ပဌမဆုံး အိမ်မှာခိုင်းထားတဲ့ ကျွန်နဲ့လိုက်ပြေးလို့ မိဘ တွေက အသိအမှတ်မပြုဘူး။ မပြုတော့ သူ လွတ်လွတ်မှာ နေတယ်။ လွတ်လွတ်မှာ နေရာက နောက်တော့ မိဘတွေဆို တဲ့ဥစ္စာဟာ ဘယ်လိုမှသားသမီးကို မပြတ်နိုင်ပါဘူးဆိုပြီးတော့ ဖွားခါနီးကျတော့ မိဘဆီသွားပါရစေလို့ ခွင့်တောင်းတော့ ယောက်ျားက သူ့ရဲ့အမှားတွေလဲ မြင်နေတာဖြစ်တော့မသွား ဝံ့ဘူး။ တောင်းတောင်းပန်ပန်နဲ့၊ မသွားပါနဲ့ မသွားပါနဲ့။ သူကလဲပဲ သားဦးဖွားရမယ့်ဥစ္စာကို နဲနဲ ကြောက်ကြောက် လန့်သန့်ဖြစ်နေတော့ အမေတို့အနားမှာ ဖွားချင်တယ်။ ဒါနဲ့ သူ တိတ်တိတ်ထွက်ပြေးတယ်။ နောက်တော့ ယောက်ျားက လိုက်ရှာတယ်။ လိုက်တော့ကို လမ်းမှာပဲပေါ့လေ မွေးဖွား ပြီးတော့ ကဲ....ဒီကိစ္စနဲ့ သူ့အမေဆီပြန်ချင်တဲ့ဥစ္စာ ဒီကိစ္စလဲ ပြီးပြီ။ ဘာမှလဲ ရောဂါမဖြစ်တော့ဘူးဆိုပြီး ပြန်သွားတယ်။

**ယောက်ျားကို မြွေကိုက်** ဒုတိယတယောက် သားဖွားတဲ့အခါကျတော့ ဖွားခါနီး ကျတော့ ဒီလိုပဲ သွားချင်တယ်။ သွားချင်တော့ ဟိုမှာက ညကြီးမင်းကြီးမှာ၊ ဒီကလဲ ယောက်ျားကလဲ လိုက်လို့မှီပါပြီ။ ညကြီးမင်းကြီး ဖွား ရတယ်။ ဖွားရတော့ မီးတို့ဘာတို့ရဖို့ရန် ထင်းတို့ဘာတို့အရှာ

မှာ ယောက်ျားကပိုးထိလို့ မြွေကိုက်လို့ဆုံးတယ်။ အဲဒါနဲ့ သူက 'မလာနိုင်၊ မလာနိုင်' နဲ့သာနေရှာတယ်။ နောက်တော့ မနက် သူ လိုက်ရှာတော့ တွေ့နေပြီ။ နောက်တော့ အမေ အဖေဆီလဲ မပြန်ဝံ့တော့ဘူး။သူ့နေရာသူ ပြန်မယ့်အနေမျိုးနဲ့၊ သို့မဟုတ် အမေအဖေဆီပြန်ဖို့လားတော့ မသိဘူးပေါ့လေ။ တနေရာသွားရတော့မယ်။

**သားငယ်စွန်ချီ သားကြီးရေနစ်** သွားတော့ ချောင်းကလေးတခု တွေ့တယ်။ ချောင်းကလေး တခုကိုတွေ့တော့ သား တယောက်ကိုပိုက်ပြီးတော့ သားတယောက်ကို ချီပြီးတော့ သူမကူးနိုင်ဘူး ဒီချောင်းကလေးကို၊ ဒါနဲ့ တယောက်စီ၊သားကြီးကိုအရင်၊သားငယ်ကလေးအရင်ယူသွား သလားတော့မသိဘူး။ ဟိုဘက်ချောင်းတဘက် ရောက်ရော။ တယောက်က ဒီမှာချောင်းတဘက်မှာ နေတယ်။အဲဒါ ရောက် တော့ ပြန်ပြီးတော့ သားတယောက်ကို ယူမယ်လုပ်တုံးမှာ သားငယ်ကလေးကို သားတစ်မှတ်လို့ စွန်က ချီသွားရော။ အဲဒီဘင် လှမ်းပြီးတော့ သူ လက်ခုပ်လက်ဝါး တီးပြီးတော့ ခြောက်တဲ့ဥစ္စာဟာ ဟိုက သားကြီးက သူ့ကိုခေါ်တယ်လို့ထင် ပြီး ရေထဲဆင်းလာခဲ့တယ်။ ဆင်းလာခဲ့တော့ သားကြီးကျ တော့ ရေနစ်ပြီးတော့သေရော။ အဲဒါ ပတ်ဝန်းကျင်ပေါ့။ ပတ်ဝန်းကျင်က လှုပ်ရှားတာ မဟုတ်ဘူး။ ပတ်ဝန်းကျင်က ကံကြောင့် ဒီလိုဖြစ်လာတာ။ ကံအရင်းခံပြီးတော့ ဒီလိုကိုး။ လမ်းရောက်လာတယ်။

**မိဘနှစ်ယောက်ရော မောင်ရောသေ** ဒီလိုနေရာမှာ ကံကလဲ တော်တော် ကြီးမားတယ်။ ပြီးတော့ ပတ်ဝန်းကျင် ကလဲ အင်မတန်ကြီးမားတယ်။ ရှုံးကိုရှုံး ရှာတယ်၊ သဌေးသမီး။ ပြီးတော့ အဲဒီလို ကယောင်ကတမ်းနဲ့ နေရာက "ဘာပဲဖြစ်ဖြစ် မိဘတွေတွေ့ ပြီးရောပေါ့လေ" ဆိုပြီး လာတော့ မနေ့ညက လျှင်ကြီးတွေလှုပ်၊ မိုးကြီးတွေရွာလို့ သူတို့ရဲ့အုတ်တိုက်ကြီးပြိုပြီးတော့ မိဘနှစ်ယောက်ရော မောင် ရော အုတ်တိုက်ပိပြီးတော့ သေရောတဲ့။ ကဲ–ပတ်ဝန်းကျင် ဘယ်လောက်ဆိုးတုံး။ အဲဒီမှာ သူ့အမိအဖတွေလဲ သေတယ်။ အိမ်လဲပြိုတယ်ဆိုတော့ အရှုံးကြီးကို ရှုံးပြီးတော့ ဒီပတ်ဝန်း ကျင်ရဲ့အနေနဲ့ ရစရာမရှိအောင် ရှုံးသွားတယ်။

**တရားဟောလို့ ရဟန္တာဖြစ်** နောက်တော့ ဗုဒ္ဓမြတ်စွာနဲ့ တွေ့တော့ ဗုဒ္ဓ မြတ်စွာက လောကမှာ မသေလဲပဲ အမေဆိုတဲ့ ဥစ္စာလဲ တကယ့်အရေးမှာ အားမကိုးနိုင်ပါ ဘူး။ သေရမဲ့ဘေးဆိုတာ အမေလဲ အားကိုးလို့ မရပါဘူး။ ခုနက သူတွေ့တဲ့ဒုက္ခကို အမေလဲ ဒိဒုက္ခကိုမတားနိုင်ပါဘူး။ နောက်မှသာ သက်သာအောင် လုပ်နိုင်တာပဲ။ အဲဒီလိုအဖေလဲ မတားနိုင်ပါဘူး။ ခုနက မောင်ဖွားမိဘများလဲ မတားနိုင် ပါဘူး။ ဆွေမျိုးတွေလဲ မတားနိုင်ပါဘူးလို့ဟောတော့ ဗုဒ္ဓ မြတ်စွာရဲ့ ကရုဏာအရှိန်ကြီးက အင်မတန် ကြီးကျယ်နေတာ ကိုး။ ဉာဏ်တော်နဲ့ ချော့ချော့မော့မော့ ဟောတော့ တခါထဲ အရှုံးပျောက်ပြီးတော့ သူ့ကိုယ်သူ နဲနဲ ရှက်ပြီးတော့ အဝတ်

အစားလေးတွေ ဘာလေးတွေ သူဝတ်ချင်လာတယ်။ ဝတ်ပြီးတော့မှ ဗုဒ္ဓမြတ်စွာက တရားဟောလို့ တခါထဲ ဘိက္ခုနီမ လုပ်ပြီးတော့ ရဟန္တာမ ဖြစ်တယ်။

**က ပတ်ဝန်းကျင်စိတ်** ပတ်ဝန်းကျင်က အင်မတန် ဆိုးဝါးတယ် ဆို ပေမယ့် ပတ်ဝန်းကျင်ချည်း မဟုတ်သေးဘူး။ တခါတခါကံလဲ တော်တော် ဆိုးဆိုးဝါးဝါး လိုက်လာပါတယ်။ဘယ်သူကအားကောင်းဆိုတာကတော့တချို့ တချို့လူများအတွက်တော့ဟုတ်တယ်။ကံကတော်တော်အလေး ချိန်စီးလိမ့်မယ်။ တချို့တချို့လူများအတွက် ပတ်ဝန်းကျင်က အလေးချိန်စီးပါလိမ့်မယ်။ ပတ်ဝန်းကျင်က အလေးချိန်စီးချင်း တူလဲပဲ ကိုယ့်စိတ်ဓာတ် ခိုင်- မခိုင်ကိုး။ အို ဘယ့်နှဲ့နေနေ "သေတော့လဲသေပစေပေါ့၊ ငါတော့ လူထဲမှာ လူရာဝင်အောင်လို့ ငါကြိုးစားမယ်" လို့ စိတ်ဘင်းနိုင်လို့ရှိယင် ပတ်ဝန်းကျင်က ဒီလိုဖြစ်ပေမယ့်လို့ သူက မရှူးဘူး။ သို့သော်လဲ များသောအားဖြင့်က ဒီလို ဒုက္ခတွေတွေ့ယင်ပဲ ရှူးသလိုလို ဖြစ်တတ်တာကိုး။

## မေးခွန်း (၆)

**မေး။** ။တချို့ အနောက်နိုင်ငံမှာ စိတ်ရောဂါ တမျိုးဖြင့် ကိုယ့်အသက်ကို သေကြောင်းကြံကြ သေကြပါတယ်။ အဲဒါ ဗုဒ္ဓဘာသာတိုင်းပြည် အနေနဲ့တော့ တရားဘော် အရ ဘယ်လိုပါလဲ။

**ဖြေ။** ။ဒီလိုရှိတယ်။ ဗုဒ္ဓဘာသာတိုင်းပြည်မှာက ကိုယ့်ကိုယ်ကို သတ်လို့ရှိယင်၊ ဟုတ်တော့ မဟုတ်ဘူး။ အဖန်ငါးရာ သေရတယ်ဆိုတဲ့ ဒီလှန့်လုံးလေးက ရှိထားတယ်။

**အဖန်ငါးရာဆိုတဲ့ လှန့်လုံးလေး**

အမှန်ကတော့ သတ်လို့ကတော့ ကမ္ဘာငါးရာ နောက်ထပ်မလိုက်ပါဘူး။ ရှေးကံကရှိနေယင်သာ ဘဝငါးရာက လိုက်တာပါ။ ရှေးကံမရှိယင်တော့ သေဖို့တော့ မလိုက်ပါဘူး။ ပြီးတော့ တခုက တရားတော်ထဲမှာ ဘုန်းကြီးတွေ ကိုယ့်ကိုယ်ကို မသတ်ရဘူး။ ဘာစိတ်ညစ်ညစ်၊ ကိုယ့်ကိုယ်ကိုသတ်ယင် အာပတ်သင့်တယ်။ သေအောင် အစာငတ်မခံရဘူး။ ခုနကလို ဒီလည်ပင်းညှစ်သတ်တာတွေ ဘာတွေမပြောနဲ့၊ အစာငတ်ကို မခံရဘူး။ အာပတ်သင့်တယ်။

**ဗမာတွေ သတ်သေတာနဲ့**

အဲဒီလိုပဲ အဆက်ဆက်က တရားတွေ ရှိတော့ ဗမာလူမျိုးများက နဲနဲ ကိုယ့်ကိုယ်ကို သတ်ဖို့တော့ သိပ်မလွယ်လှဘူး။ ပြီးတော့ ခုနက အထိုက်အလျောက် ကံတို့ဘာတို့ ယုံကြည်ထားဘာဖြစ်တော့ ကံကောင်းလို့ရှိယင် ပြန်ကောင်းအုံးမှာပဲ ဆိုတဲ့၊ ဒီလိုလေးလဲ မျှော်လင့်ချက်ကလေးက ရှိတယ်။ ရှိတော့ ကိုယ့်ကိုယ်ကို သတ်သေတဲ့သူက အင်မတန်နဲတယ်။ နိုင်ငံခြားမှာတော့ ဒီလို မျှော်သင့်ချက်ကလဲ မရှိတော့ တရားကလဲမရှိတော့၊ အို-သေတာတောင် ကောင်းတာပဲ၊သေယင် သူတို့က

ပြီးတယ်ထင်ပြီးတော့လေ သတ်ကြတယ်။ ဒါဟာ အတွေ့ အကြုံဗဟုသုတလိုက်ပြီးတော့ ကွာသွားကြတာ။

## မေးခွန်း (၇)

**မေး။** ။အနောက်နိုင်ငံ ရုပ်ဝါဒီသမားအချို့က ပြောပါတယ်၊ စိတ်သည် အလွန် နူးညံ့သိမ်မွေ့သော ရုပ်ပင်ဖြစ်တယ်လို့။

**ဖြေ။** ။ဒီ-ဒီလို၊ ခုနက ဘုန်းကြီး ငထမ ဟောတုံးကပဲ ပြောသွားပြီ။ စိတ်မှာ အထည်ကိုယ် ရုပ်ခရှိပါဘူး လို့ပြောသွားပြီ။ သူ တို့ က မှန်း ပြော တာ။ ဗုဒ္ဓ မြတ်စွာက တိုက်ရိုက်သိလို့ ဟောတော်မူတာ။

**အထည်ကိုယ်မရှိ** ပြီးတော့ကာ စိတ်ဟာလဲပဲ အထည်ကိုယ် တမျိုးပါပဲလို့ ဆိုတဲ့ဥစ္စာ၊ ဒီကနေပြီးတော့ ဆိုပါတော့၊ အင်မတန်ဝေးတဲ့ ဒေါက်တာရဲ့ မိမိနေခဲ့ဖူးတဲ့ ပညာသင်ကြားဖူးတဲ့ နိုင်ငံခြားတခုခုကို မှန်းလိုက်ယင် ရုပ်က သွားနေတာ မဟုတ်ဘူး။ စိတ်ကလဲ ဟိုမှာသွားတာ မဟုတ် ဘူး။ ဒီကပဲ-အာရုံကို ယူလို့ရတယ်။ ပြီးတော့ ရုပ်ဟာ အထည် ကိုယ်ရှိသလို၊ အထည်ကိုယ်ရှိတာလဲ ဓာတ်ကြီးလေးပါးက မ-တည်လို့ အထည်ကိုယ်ဖြစ်နေတာ။ စိတ်မှာ အဲဒီ မ-တည် စရာဘာမှမရှိဘူး။ စိတ်ပဲ၊ ဓာတ်သဘောပဲရှိတယ်။ စိတ်ဆိုတဲ့ အသိ ဓာတ်သဘောရှိတယ်၊ အထည်ကိုယ် မရှိပါဘူး။

**ဘုန်းကြီးတို့က သနားမိ** ဒီတော့ ဘုန်းကြီးတို့က အဲဒါကြောင့် ဗုဒ္ဓမြတ်စွာရဲ့ ဘာသာကို ပညာအဖြစ်နဲ့ လိုက်စားဖို့ သိပ်ကောင်းပါတယ်။ အနောက်နိုင်ငံက ပညာရှိတွေလို့ ဆိုပေမယ့်လို့ ဗုဒ္ဓတရားကို မရတော့ဘူး။ သူတို့ ဉာဏ်မှီသမျှကို ခန့်မှန်းရှာကြတာပါ။ အဲဒါကိုတော့ ဘုန်းကြီးတို့က သနားမိပါတယ်။ ဒီလောက်ဝေးသွားတာဟာ တာဖြစ်လို့တုံးဆိုတော့ အခြေခံနဲ့နဲကွာသွားကြလို့ ဒီလိုဖြစ်ရတာပါ။ ဒါကြောင့် ဒီနိုင်ငံမှာ အကယ်၍သာ ခုနက ဗုဒ္ဓရဲ့ တရားတော်ကို ဘာသာတမျိုးအဖြစ်နဲ့သာ လေ့လာကြလို့ ရှိယင် နိုင်ငံခြားကလူတွေအပေါ်မှာ ဆရာ ကောင်းကောင်း လုပ်လို့ရတယ်။

## မေးခွန်း (၈)

**မေး။** ။ဒီဘဝမှ နောက်ဘဝသို့ မည်သို့ကူးပြောင်းကာ စုတေ စိတ်ကျသောအခါ စိတ်နဲ့ရုပ်တို့ နောင်ဘဝသို့ မည်သို့ ကူးပြောင်းပါသနည်း။

**ဖြေ။** ။သိပ်မေးလို့ကောင်းတာပေါ့-ဒါ။

## မေးခွန်း (၉)

**မေး။** ။နောက်ဆုံး နိဗ္ဗာန်ရောက်ပြီဆိုဘာကို စိတ်နဲ့ရုပ်တို့ မည်သို့ အဆုံးသတ်ပါသလဲ။

**အဖြေ။** ။ဒါကြောင့်မို့ ပြဿနာနှစ်ခု ခွဲမေးတယ်။ ပြဿနာ တခုထဲကို နှစ်ခန်း သုံးခန်း မေးလိုက်လို့ ရှိယင် ဖြေရတာ၊ နားထောင်ရတာ ရှုပ်သွားလိမ့်မယ်။ ပထမ မေးခွန်းက ဒီဘဝက စိတ်တွေရုပ်တွေ ပြောင်းသွားသလား၊ ဘယ်လိုလုပ်ပြီးတော့ နောက်ဘဝကို ကူးစက်သွားပါသလဲ။ ကူးသွားပါသလဲ။ ဒါ သိပ်မေးထိုက်တယ်။ သိပ်လဲ မေးထိုက်တယ်။ သိပ်လဲ လေ့လာထိုက်တယ်။

**စိတ်တွေရုပ်တွေ ဖြစ်ပျက်** ဘုန်းကြီးတို့ ခုနက စိတ်တွေဟာ ဖြစ်ပျက်၊ ဖြစ်ပျက်-ပြောခဲ့တယ်မဟုတ်လား။ ရုပ်တွေဟာ ဖြစ်ပျက်-ဖြစ်ပျက်၊ ဒါကို ပထမဆုံး လက်ခံ-မခံ၊ ဒါ အရေးကြီးပြန်တယ်။ ဟုတ်တယ်၊ ဖြစ်ပြီးပျက်၊ ဖြစ်ပြီးပျက်၊ ဖြစ်ပြီးပျက်။ လက်ဖျောက်တချက်တီးမှာ ကုဋေ တသိန်းမက စိတ်တွေအပြောင်းအလဲရှိတယ် ဆိုတာကို လက်ခံဖို့ ပထမဆုံးက ဘုန်းကြီး အခြေခံပြောခဲ့တယ်နော်။ ရုပ်တွေက လဲပဲ သေချာနားလည်ရှိယင်ဖြင့် စိတ်က ကုဋေတသိန်းမကလို့ ရှိယင် ရုပ်တချက်မှာ စိတ်က ဆယ့်ခုနစ်ချက်လောက် အဖြစ် အပျက် မြန်တယ်ဆိုတော့။ ဒီလိုဆိုယင် လက်ဖျောက် တချက် တီးမှာ ရုပ်ပေါင်း ဘယ်လောက်အဖြစ်အပျက် ရှိရမယ်။ ဒါ သင်္ချာသမားတွေက တွက်လို့ရတယ်။ ဘုန်းကြီး ပြောခဲ့ပြီနော်။

**စိတ်ပြောင်းလဲပုံ** အဲဒါလက်ခံလို့ရှိယင် ခုန်ပြီးတော့ ပြောလိုက်မယ်။ ဒကာတို့ရဲ့ ခုစိတ်ဟာ ဆိုပါ

တော့ ခုန်ပြောမယ်။ တနာရီလောက်ဆိုတော့ ဘာမှ အစပ် မရှိတော့ဘူး။ တမျိုးပြောင်းချင်လဲ ပြောင်းလို့ ရတယ်။ ပြောင်းချင်တိုင်း ပြောင်းနိုင်တယ်။ ဒီလို အဓိပ္ပာယ်မရဘူးလား။ လက်ဖြောက်တချက်တီး ကုဋေတသိန်းမက အဖြစ်အပျက်ရှိတယ်ဆိုတော့ စိတ်ပြောင်းနိုင်တယ်။ ခုနကပဲ စကားပြောရာက မကျေမနပ်စိတ်ဆိုတာ ဒေါသစိတ်။ နောက်တော့ တောင်းပန်တော့ ကျေနပ်တယ်ဆိုတဲ့ဥစ္စာက ဘာတုံး၊ သောမနဿစိတ်။ ချင်လို့ရှိယင်လဲ လောဘစိတ်။ ဉာဏ်ရှိလို့ရှိယင်လဲပဲ ကုသိုလ်စိတ်၊ ဒီလိုဖြစ်မယ်။ ပြီးတော့ ဒီစိတ်ဟာ ခဏလေးတောင်မှ အပြောင်းအလွဲ ရှိတယ်နော်။

ဘုန်းကြီး **ကြိုးစားပြောနေတယ်** ဒီတော့ကာ ဘုန်းကြီးတို့ ခုနက ကံကိုပထမဆုံး လူ့ဘဝမှာ ကံကြောင့် ရုပ်ကလေး ၃-ခု ဖြစ်တယ် လို့ ပြောတယ် မဟုတ်လား။ ကံကြောင့် ရုပ်ကလေး ၃-ခုဖြစ်တယ်။ ဒီတော့ကာ ဘုန်းကြီးက ဒီကံဟာ ဘယ်လိုသဘောလဲဆိုတော့ ခုဘုန်းကြီးပြောနေတဲ့ ဥစ္စာဟာ ဒကာတို့ကို မှတ်ပြီးတော့ ပြောပေမယ့် ဒီပရိသတ်တွေ နားလည်အောင် ဘုန်းကြီး ကြိုးစားပြီးတော့ ပြောနေတယ်နော်။ ကြိုးစားတယ်ဆိုတာ ဉာဏ်နဲ့ကြိုးစားရတာပဲ၊ အားနဲ့ခွန်နဲ့ ကြိုးစားရတာ မဟုတ်ဘူး။ ဉာဏ်နဲ့ကြိုးစားပြီးတော့ ပြောနေတာ။ အဲဒီ ပြောနေတဲ့ အချိန်မှာ စေတနာဆိုတဲ့ စေတသိက်ထဲမှာ လှုံ့ဆော်မှုတရားတခုပါတယ်။ “ဒီလိုနားလည်စေချင်တယ်၊ နားလည်

အောင်လဲ ပြောနေတယ်''ဆိုတဲ့အခါမှာ ခုနကစိတ်–စေတသိက်တွေက တကလာပ် တကလာပ် သဘောမျိုးနဲ့ ပေါင်းဖြစ်တာ အတူတူဖြစ်တာ။

**ကံလို့ဆိုတာ ဘာတုံး** အဲဒီ အတူတူဖြစ်တဲ့ အထဲမှာ စေတနာက လှုံ့ဆော်မှုက အင်မတန် များနေတာ။ ခု ဘုန်းကြီးရဲ့ လှုံ့ဆော်မှုက အင်မတန်များနေတာ။ အဲဒီတော့ ဘာခေါ်တုံးလို့ဆိုတော့ 'ကံ'လို့ နာမည်သာတပ်တာပါ၊ ဒီစေတနာပဲ။ ကံလို့ဆိုတာ ဘာတုံး၊ ကံက ဘာ အဓိပ္ပာယ်တုံးဆိုတော့ အလုပ်။ ကောင်းသောအလုပ်ကို လုပ်နေတယ်။အရင်းခံ ဘယ်သူတုံး၊ စေတနာ။ အရင်းခံ စေတနာကို ဘာခေါ်လိုက်မလဲ၊ ကံလို့ခေါ်လိုက်။ အမှန်တော့ အားလုံး အလုပ်တွေပဲ၊ အားလုံးရဲ့စိတ်–စေတသိက်တွေရဲ့ အလုပ်တွေပဲ။ အလုပ်ပေမယ်လို့ ဒီအထဲ ဘယ်သူက ဗျာပါရများနေတုံး ဆိုတော့ ဘုန်းကြီးတို့ရဲ့ စေတနာက ဗျာပါရသိပ်များတာပဲ။ လူတွေသိစေချင်တာက၊ အဲဒီဟာ ကံလို့ခေါ်တယ်။

**ကံတရားလဲပျက်** ဒါဖြင့် လက်ဖြောက်တချက်တီးမှာ ကုဋေ တသိန်းမက ဖြစ်တယ်ဆိုတော့ အဲဒီကံတွေဟာလဲ ကုဋေတသိန်းမက ဖြစ်မှာပေါ့၊ မဖြစ်ပေဘူးလား။ စေတနာတွေကလေ ကုဋေတသိန်းမကဖြစ်တော့ ဖြစ်ပျက်ဆိုယင် ပျက်သွားမှာပေါ့၊ ဟုတ်ပေဘူးလား။ ဒီတော့ကာ

ဆိုပါတော့ပေါ့၊ ပရိသတ်ကြီးတွေလဲ ပြန်သွားကြပြီ။ ဘုန်းကြီးလဲ နားနားနေနေနဲ့ နေတယ်။ လာတဲ့သူတွေ ဟိုစကားပြော၊ ဒီစကားပြောနေတယ် ဆိုတော့ ဒီကံဟာ အဲ့ဒီနောက်က အချိန်မှာ ရှိသေးသလား၊ မရှိဘူးနော်၊ မရှိဘူး။

**ကမ္မသတ္တိ** ဒါဖြင့် ပြီးပြီးပျောက်ပျောက်လား။ ဒီမှာ သိပ်လိုက်ဖို့ကောင်းတာ။ ပြီးပြီးပျောက်ပျောက်လားဆိုတော့၊ ဗုဒ္ဓမြတ်စွာက ကမ္မသတ္တိ၊ ခုနက စေတနာရဲ့သတ္တိကို ဟောတော်မူတယ်။ စေတနာရဲ့သတ္တိဟာ ခုနက ပဋ္ဌိသန္ဓေစိတ် ဝိပါက်စိတ်ဖြစ်တယ်။ ဒါ စေတနာကံက ဟိုမှာသွားပြီး အကျိုးပေးတာ။ ခုနက ကမ္မဇကလာပ် ၃-စည်းဆိုတာ ဒီစေတနာက သွားပြီးတော့ အကျိုးပေးတာ။ ခု စေတနာမျိုးကို ဘုန်းကြီးမှာ ဘဘဝထဲ အကောင်းစေတနာတွေ မနဲဘူး၊ မရှိပေဘူးလား။ မကောင်းစေတနာတွေလဲ မနဲဘူး၊ မရှိပေဘူးလား။ ပြီးတော့ ဟိုဘက်ဘဝများစွာကလဲ အကောင်းစေတနာတွေ မနဲဘူး၊မကောင်းစေတနာတွေလဲ မနဲဘူး၊ ရှိတယ်။ ဒါတွေဟာ အကုန်လုံးချုပ်တယ်။ ဘုန်းကြီးလဲ မမှတ်မိတော့ဘူး။ မမှတ်မိတော့ သူတို့ အကျိုးပေးနိုင်သလားကိုး။ ဒီတော့ကာ ဗုဒ္ဓမြတ်စွာက ဒီစေတနာဆိုတဲ့ကံဟာ ချုပ်သွားတယ်၊ မှန်တယ်။ ပျောက်သွားတယ်။ ကိုယ်တောင် မမှတ်မိဘူး။ဟိုဘဝများစွာက ပြုတဲ့ဥစ္စာတွေ ဘယ်နည်းနဲ့မှ မမှတ်မိဘူး။ သို့ပေမယ့် သာ ကျန်နေတုံးဆိုတော့ ကမ္မသတ္တိ ကျန်နေတယ်။ ဒီကမ္မသတ္တိက အင်မတန်ကောင်းတယ်၊ သတ္တိအင်မတန် ကျန်နေတယ်။

**သတ္တိချင်းမတူဘူး** ဘာဖြစ်လို့ ကမ္မသတ္တိကျန့်မှန်း သိရတုံး ဆိုတော့၊ ခုနက ဒီအလုပ်လုပ်နေတဲ့လူ တယောက်မှာပဲဆိုပါတော့၊ ဘုရားရှိခိုးနေတဲ့လူ ဆယ်ယောက် လောက်မှာပဲ တယောက်က စေတနာ သိပ်ထက်သန်တယ်၊ တယောက်က ပထမလူလောက် မထက်သန်ဘူး။ ဒုတိယ လူလောက် နောက်တယောက်က မထက်သန်ဘူး။ အဲဒီလူက တတိယ ဖြစ်သွားပြန်ပြီ၊စေတနာက ဆယ်ယောက်မှာ စေတနာ ၁၀ ခု တန်းထားလိုက်၊ စိတ်ကူးနဲ့ အကုန်လုံး ချုပ်သွားတာပဲ။ သို့ပေမယ့် သတ္တိချင်းတူဘူး၊ လိုက်နေတာပါ။ ကမ္မသတ္တိလို့ ခေါ်တယ်။ ဒါကို သဒ္ဓေယျသိဒ္ဓ။ ဘုရားကို ယုံကြည်ပြီးတော့၊ နောက်အနုမာနနဲ့ ယုံကြည်ရမှာ ရှိတယ်လေ။ အဲဒီတော့ လိုက်ပြီးတော့ လာနေတာ၊ ဘုန်းကြီးတော့ မသိဘူးပေါ့။ ဒါပေမယ့်လို့ ဘုန်းကြီးရဲ့ ခန္ဓာအစဉ်မှာတော့ သူက လိုက်နေ တယ်။ ဘယ်နည်းနဲ့လိုက်တုံးကိုး၊ ဘုန်းကြီးတို့တရားတော်က ဘုန်းကြီးမှာ ဘဝများစွာပြုခဲ့တဲ့ ကံတွေဟာ ဒီလိုပေါ့လေ။ တခုစီတခုစီ ပြုခဲ့တဲ့ကံတွေဟာ သတ္တိတော့၊ သတ္တိဆိုတာ အရာ ဝတ္ထုမှ မဟုတ်ပဲနဲ့၊ ခန္ဓာကိုယ်မှာ လေးမနေဘူး။ ဟုတ်တယ် မဟုတ်လား၊ သတ္တိဟာ သတ္တိပဲ။

**သတ္တိတွေက ဘယ်လိုလုပ်လိုက်နေတုံး** သတ္တိတွေ အများကြီး။ အဲဒီသတ္တိ တွေ အများကြီးထဲက စိတ်တခု ဒီက ချုပ်သွားလို့ရှိယင် ဒီသတ္တိ တွေ ဘယ်မှာတည်နေတုံး။ တည်တယ်လဲ မဟုတ်ဘူး။ သတ္တိ

တွေက ဘယ်လိုလိုက်နေတုံးဆိုတော့ ဒီမှာလဲ ဘဝများစွာက ပြုလာတဲ့ ကမ္မသတ္တိ။ ဒီမှာလဲ ပါနေတယ် ဆိုပါတော့။ ဒီစိတ်မှာလဲပဲ၊ ဒီစိတ်မှာ၊ ဒီရုပ်မှာလဲပဲပါနေတယ်။ အဲဒါက ဒီစိတ်ချုပ်သွားပြန်၊ ဒီရုပ်ချုပ်သွားပြန်တော့ ဒီကျတော့လဲ ဒီစိတ်ဒီရုပ်ထဲမှာ ဒီသတ္တိက ပါနေတယ်။ သတ္တိမဟုတ်လား၊ သတ္တိလိုက်နေတာ။ တခါ ဒီစိတ်ဒီရုပ်ချုပ်ပြန်တော့လဲ ဒီမှာလဲ သတ္တိလိုက်နေတယ်။ အခုဘုန်းကြီးပြောတာ နားလည်သလား။ တခါဒီလိုပဲ ဆိုပါတော့ပေါ့၊ စိတ်တွေ ရုပ်တွေ ချုပ်သွားပေမယ့်လို့ ကမ္မသတ္တိက လိုက်ပြီးတော့နေတယ်။ သတ္တိကနော်၊ အရာဝတ္ထုမဟုတ်ဘူးနော်၊ သတ္တိနော်၊

**ဒေါက်တာနှစ်ဦး မတူ** ဆိုပါတော့။ ဒေါက်ဘာဟာ လူမမာကို ဘယ်လိုလဲ။ စိတ်ချမ်းသာအောင် လုပ်တတ်တဲ့သတ္တိရှိဘယ်။ အပြောကလေးနဲ့ ပြောတတ်တယ်။ သူက ချိုချိုလေးပြောလိုက်ယင် ဟိုကသဘောကျ။ ဒါသတ္တိပဲ၊ လူတိုင်းဒီလိုပြောတတ်ရဲ့လား။ သတ္တိရှိရဲ့လား။ သူက ဆေးတို့ဘာတို့ထိုးခါနီး ဆေးပေးခါနီးမှာ ဒီဆေးလေးဟာလေ ဆိုပါတော့ နှမရယ် ကျေးဇူးရှင်ပဲ၊ ဒီဆေးကလေးလေ သောက်လိုက်လို့ရှိယင် စိတ်တွေ ချမ်းသာပြီးတော့ ရုပ်တွေ ကောင်းလာမှာပါ၊ အပြောကောင်းတော့ သောက်ပြန်ရော၊ မသောက်ချင်ဘူးဆိုပေမယ့် အဲဒါတွေက သတ္တိတွေ ပါလာတာ။ အဲ့ဒီသတ္တိဟာ ဘယ်ကရတုံးဆိုတော့၊ အမေက ပေးတာမဟုတ်ဘူး။ အဖေကပေးတာမဟုတ်ဘူး။ အမေအဖေ

ဘာ သင်ပေးလိုက်တာမဟုတ်ဘူး။ ကိုယ့်ဘဝများစွာက သတ္တိက လိုက်နေတာ၊ ခုနကပြခဲ့တဲ့ဘဝက ကောင်းတဲ့ကမ္မသတ္တိတွေက လိုက်နေတာ။ တယောက်ကတော့ ဒီလိုသတ္တိတွေက သိပ်ပြီး တော့ မသင်ရှားတော့ သောက်ချင်သောက်၊ မသောက်ချင် နေလေ။ ဒီက ဝတ္ထုရားအတိုင်း ပြောတဲ့ဥစ္စာပဲ။ ပိုတောင် ရှုးသွားချင်သေး။ ဒီဆေးထိုး၊ မထိုးလို့ မခံချင်ဘူးလား၊ မခံ ချင်ဘူး။ ဟိုကုအရူးက မခံချင်မထိုးဘူး။ ငါကတော့ ဝတ္ထုရား ပဲ၊ ပြီးပြီးတာပဲ။ ဒီမှာ သူက သတ္တိက သိပ်မလိုက်လာဘူး။

**ဘဝများစွာက သတ္တိတွေလိုက်လာ**

ဒီသတ္တိက အရာဝတ္ထုလား ဆိုတော့၊ အရာဝတ္ထုမဟုတ်ဘူး။ ဘဝများစွာက ဖြစ်ဖြစ်၊ ဒီဘဝမှာဖြစ်ဖြစ်၊ သူရဲ့ဝါသနာ အလိုက် ပြုထားတဲ့စိတ်တွေရဲ့ ဓာတ်သတ္တိတွေ၊ ဒီမှာလိုက် တာပဲ။ ဒီတော့ ဒီဟာ ဘုန်းကြီးက ပြောနေတာက ဘဝဆက်ဖို့ ပြောနေတာ။ ဒီတော့ကာ ဒီသတ္တိဟာ အများကြီးနော်၊ အများကြီး။ သတ္တိတွေ အများကြီးရှိတယ်။ ဒီဘဝတင်မဟုတ် ဘူး၊ ဘဝများစွာက သတ္တိတွေလိုက်လာတယ်၊ လိုက်လာတော့ ဆိုပါတော့ သေခါနီးရောက်နေပြီ၊ ခုနက သတ္တိတွေ ပျောက် သွားသလား၊ ပျောက်သွားပါ့မလား၊ မပျောက်ဘူး။ သေ တော့မလို့ကပ်နေပြီ၊ သတ္တိတွေ ပျောက်မသွား၊ မပျောက်ဘူး။

**ကလေးကို ဆယ်ယယ်ကပြုစု**

နေအုံး၊ ဒီသတ္တိလိုက်ပုံကို ဘုန်းကြီး ကြားဖြတ်ပြီးတော့ တခု ပြောအုံးမယ်။ စာကဆိုတယ်၊ ကလေးတ

ယောက် ဖွားမြင်လာတော့ အမေက လိမ်လိမ်မာမာနဲ့ ဒီ သားကလေးကို အအေးအပူ မျှတအောင် သူကထိန်းတယ်။ တတ်လဲ တတ်နိုင်တယ်။ ပြီးတော့ ကျန်းမာရေး ဆေးကလေး တွေ၊ သူက သူငယ်နာဆေးကလေးတွေ ပေးတယ်။ ပြီးတော့ သူ့နို့ရည်ကောင်းယင်လဲ သူ့နို့ရည်ကို တိုက်တယ်။မကောင်း လို့ရှိယင် ဘောက နို့ရည်ကိုဝယ်ပြီးတော့ ကောင်းကောင်း ဖြစ်အောင် တိုက်တယ်။ တအိမ်က ဒီလောက်လဲ မတတ်နိုင် ရှာဘူး၊ ကံကလဲပဲ နဲနဲကွာလာပြီလေ ကလေးနှစ်ယောက်က။ အမေကလဲ ဒီလောက်မလိမ်မာလှဘူး၊ မလိမ်မာတော့ ဖြစ် သလိုပဲ၊ ငိုတဲ့အခါ သူတိုက်ချင်တဲ့အခါ တိုက်တယ်၊ အားတဲ့ အခါ တိုက်တယ်။ ဒီလိုပဲ ထားလိုက်တယ်။

**ဆေးသတ္တိက ပါနေ** နောက်တော့ ကံချင်းက အတူတူထား လိုက်နော်။ ကံကိုက ဟိုက ဆင်းရဲတဲ့ သူက ကံကောင်းနေပြန်လို့ရှိယင်လဲ အဲဒါ တမျိုးဖြစ်သွား ပြီနော်။ ကံချင်းအတူတူ။ နောက်တော့ ၅ နှစ်လောက်ကျတော့ တယောက်က ကျန်းကျန်းမာမာနဲ့၊ တယောက်က ချူချူ ချာချာနဲ့ ဖြစ်နေပြီ။ဖြစ်နေတော့ ဒါ ဘာကွာနေသလဲ။အမေက မွေးဖွားတဲ့ တနှစ်–နှစ်နှစ်မှာ သိပ်ဂရုစိုက်တာပဲ။ ဂရုစိုက်တဲ့ ဆေး ပါသေးသလား၊ ၅-နှစ်သားအရွယ်မှာ ဆေးတော့ မပါဘူး။ ဘာပါနေတုံး၊ သူ့ရဲ့ဆေးသတ္တိက ပါနေတယ်။ သတ္တိတော့ပါတယ်၊ ဆေးတော့ မရှိပါဘူး။ ဒေါက်တာတို့ ရှာချင်တိုင်းရှာ၊ ဆေးရော အရာဝတ္ထုရော။ သတ္တိတောင်

ရှာလို့မရဘူး။ ဒါပေမယ့် သတ္တိပါနေလို့ ကျန်းမာရေးအခြေအနေ နှစ်ယောက်မတူကြဘူး။

**အယုအယနှင့် ပစ်စလက်ခတ်** တဖန် တယောက်ကတော့ အမေက ယုယလိုက်တာ၊ ယုယတာက ယုယတာ ယုယတာ၊ သိပ်ပြီးတော့ သဘာဝကျကျ ပြုပြင်တတ်တဲ့ အယုအယ မဟုတ်ဘူး။ တယောက်ကတော့ ပစ္စည်းကလဲ မရှိလို့မို့ ပစ်စလက်ခတ်ပဲ၊ ထားလိုက်တာပဲ။ အမလေး ဟိုကလေးက မာလိုက်တာ၊ ပစ်စလက်ခတ် ကလေးလေးက။ ပိုယုယတဲ့ ကလေးက ချူချာလိုက်တာ။ ဒီလို ဖြစ်ပြန်ရော မဟုတ်လား။ အယုယ မတတ်ဘူး။ ကံချင်းကလဲ မတူဘူး။ ပစ်စလက်ခတ်ထားတဲ့ ကလေးက တောက်တောက် တောက်တောက်နဲ့ သွားနေပြန်တော့ သူက ဥတုဇရုပ်ကလဲပဲ အပူလဲ ခံနိုင်တယ်။ အအေးလဲခံနိုင်တယ်။ စားလိုက်တာကလဲ အမေက ဆင်းဆင်းရဲရဲဆိုတော့ကို ထမင်းကို တဝကျွေးတာပဲ။ ဒီတော့ အဲဒီကလေး၊ ဆင်းရဲတဲ့ ကလေး မာနေပြန်ရော။ ဒါလဲ သူ့ကံချင်းက မတူဘူး။

**ကျန်းမာ မကျန်းမာ** ကံရဲ့သတ္တိက ကလေးမှာ ငယ်ငယ်တုံးက အပြုအစုတွေ ဘာတွေ အမျိုးမျိုး ပြုပေမယ့်လို့ ကံရဲ့သတ္တိက ဟိုမှာ လိုက်တာပဲ။ အမေအဖေ ပြုစုတဲ့ သတ္တိကလဲ လိုက်တာပဲ။ အဲဒါ အရာဝတ္ထုရှိရဲ့လား ဆိုတော့ မရှိပါဘူး။ အမေအဖေပြုစုတဲ့ပစ္စည်းတွေလဲ အကုန်

လုံး ကုန်ပြီ။ ဒါပေမယ့် ၅ နှစ်ကျတော့ ထူးလဲမပြုစုပါဘူး။ ဒါပေမယ့်လို့ လူကျန်းမာတယ်။ တယောက်က ဟိုတယောက်က မမာဘူး။ တခါ ပြောင်းပြန် ပြန်လိုက်။ ဆင်းရဲတဲ့သူက ဟိုသွား ဒီသွား၊ ဒီက နေပူခံ၊ အအေးခံ။ ဒီတော့ မာလို့ ဒေါက်ဒေါက် ဒေါက်ဒေါက်။ ဟိုက ယုယတဲ့ ဥစ္စာက အယုအယ မတတ်ပဲကိုး။ တကတဲ့ အိမ်ရိပ်တင်မိပြီးတော့ လောင်းရိပ်မိပြီးတော့ ကလေးချူချာလို့။

**ဘာ့ကွာသလဲ** အဲဒါ ဘာကွာလို့တုံးဆိုတော့၊ ကံချင်းလဲ ကွာတယ်။ ပြီးတော့ ဘေးက ပတ်ဝန်းကျင်ရဲ့ မိဘအမှီအခိုကလဲ ကွာတယ်။ အဲဒါကြောင့် မတူကြတာ။ မတူတော့ကို၊ တူတူ မတူတူ၊ နဂိုကံကြောင့် ဆိုဆို၊ ကံပါသေးတယ်။ ဒီအထဲမှာ အရာဝတ္ထုရှိသလား၊ မရှိဘူး။ မရှိယင် ဒီလုံးလုံး သတ္တိမပါတော့ဘူးလား၊ သတ္တိပါတယ်။ တခါ မိဘများက ပြုစုတဲ့ အစာအာဟာရတွေရဲ့ သတ္တိက မပါဘူးလား၊ ပါတယ်။ ပါလို့ရှိယင် ပစ္စည်းလဲ မရှိပဲနဲ့ ဘယ့်နှယ် သူတို့မှာ ဒီမှာ ကျန်းမာတယ်၊ မမာဘူး။ ကွာနေတာ သတ္တိ။ သတ္တိ။ အရာဝတ္ထုမရှိပေမယ့်လို့ သတ္တိက လိုက်တယ်။

**အတတ်ချင်း မတူ** တခါ ပြောအုံးမယ်။ ငယ်ငယ်တုံးက မူလတန်းတို့ အလယ်တန်းတို့မှာ ဆရာကောင်းကောင်းနဲ့ သင်ပေးလိုက်တယ်။ ကောင်းကောင်း အခြေခံရအောင် သင်ပေးလိုက်တယ်။ တဦးက မူလတန်းမှာ ခပ်ညံ့

ညံ့ဆရာနဲ့သင်ခဲ့တယ်။ အထက်တန်းကျတော့ သူတို့နှစ်ယောက်ကိ ဉာဏ်ချင်းအတူတူ၊ သင်အားချင်းလဲ အတူတူ။ ဟိုမှာ အတတ် ချင်း မတူပြန်ဘူး။ ဘာလို့မတူတုံး၊ ဟိုတယောက်က ဆရာ ကောင်းကောင်းက သင်ပေးလိုက်တာ။ သင်ပေးလိုက်တဲ့ပညာ တွေ ကိုယ်မှာပါသလား၊ မပါဘူး။ ဘာပါတုံး၊ သတ္တိပါနေ တယ်။ အဲဒီတော့ သတ္တိဆိုတဲ့ဥစ္စာဟာ လိုက်နေတာပဲ။

**ပါရမီပြည့်ပြီဆိုတာ** ဘုန်းကြီးတို့ ဖြတ်ပြောလိုက်မယ်။ ဗုဒ္ဓ မြတ်စွာက လေးသင်္ချေနဲ့ ကမ္ဘာတသိန်း ပါရမီဖြည့်တော့မှ သဗ္ဗညုတဉာဏ်တော်ကို ရတယ်။ လေး သင်္ချေနဲ့ ကမ္ဘာတသိန်းဆိုတာ အင်မတန်ကြာတာ၊ အင်မ တန်ကြာတဲ့အခါတုံးက ဖြစ်–ဖြစ်–ဖြစ်–ဖြစ်ပြီးတော့ လာတဲ့ ဒါနပါရမီတို့၊ သီလပါရမီတို့၊ ခန္တီပါရမီတို့။ အဲဒီပါရမီတွေ ပစ္စည်းအဖြစ်နဲ့တော့ ကုန်သွားပြီ၊ ပျောက်သွားပြီ။ သတ္တိအဖြစ် နဲ့က အကုန်လုံး ပါလာလို့မို့၊ နောက်ဆုံးဘဝကျတော့ ပါရ မီပြည့်ပြီဆိုတာ ဒီသတ္တိတွေ ပြည့်တာပဲ၊ သတ္တိတွေပြည့်တော့ ဗုဒ္ဓမြတ်စွာရဲ့ဉာဏ်တော်ကို ရတာပဲ။ ဒီတော့ သတ္တိလိုက်တာ ကို သိပြီနော်။

**သေခါနီးမှာ** ကဲ–ခုနက ပြန်ပြောကြစို့။ သေခါနီးရောက် သွားပြီး သတ္တိတွေ မပါဘူးလား၊ ပါမယ်နော်၊ သတ္တိတွေ ပါနေပြီ။ သေခါနီးကို အင်မတန်ကပ်နေပြီ။ လက် ခဖြောက်တချက်တီး ကုဋေတသိန်းလို့ဆိုတော့ လက်ဖြောက်

တချက်တီးတော့ မကသေးဘူး၊ ကျန်တော့ ကျန်သေးတယ်၊ ကပ်တော့ ကပ်နေပြီ၊ သိပ်ကပ်နေပြီ။ သတ္တိတွေက ပါနေပြီ၊ ကံရဲ့ကမ္မသတ္တိတွေက ပါနေပြီ။ ဒီတော့ သေခါနီးကို ခုနက လက်ဖြောက်တချက်တီးလောက် လိုတဲ့အချိန်မှာ ပတ်ဝန်းကျင်က ဆွေတွေမျိုးတွေကငိုကြတယ်။ငိုသံသူ့နားထဲ နဲနဲဝင်လာတယ်၊ အသံလေး ဝင်လာတော့ သူ့စိတ်ဟာ ဆွေမျိုးတွေကို နဲနဲကလေးငဲ့စောင်းတဲ့စိတ် မဖြစ်ပေဘူးလား၊ ဖြစ်တယ်နော်။ အဲဒီအခါမှာ ခုနက သတ္တိကလဲ လိုက်ရက်နော်။

**အကျိုးပေးမယ်လို့ အပေါ်စောင့်** ကံတွေက အမျိုးမျိုး။ အကောင်းတွေလဲပါမယ်၊ မကောင်းတွေလဲပါတယ်။ ဒီအချိန်မှာလေ ကောင်းတဲ့ ကံတွေကလဲ အကျိုးပေးမယ်လို့ အဖော်ကောင်းကောင်း စောင့်နေတယ်။ မကောင်းတဲ့ကံတွေကလဲ အကျိုးပေးမယ်လို့ အဖော်ကောင်းကောင်း စောင့်နေတယ်။ ဒီတော့ သေတော့မယ်လို့ လောလောဆယ် ဆွေတွေမျိုးတွေရဲ့ငိုသံကလေး ကြားလိုက်တော့ စိတ်က အဲဒီထဲ ဝင်စားလိုက်တာ၊ တခါထဲ ဝင်စားပြီးတော့လဲ သေရော၊ ဆွေမျိုးသံယောဇဉ်က ဦးဆောင်သွားတာ ဖြစ်တော့၊ မကောင်းတဲ့ကံကလဲ အနားမှာရှိနေတာဖြစ်တော့ မကောင်းတဲ့ကံက အကျိုးပေးလိုက်တာ တစ္ဆေဖြစ်သွားတယ်။

**ထင်တဲ့အာရုံအလိုက်** မကောင်းတဲ့ကံက အကျိုးပေးတယ်ဆိုတာ ဟိုဘဝလဲ ရောက်ရော၊ ကမ္မပစ္စည်း၊ ခုနက ကမ္မဇရုပ်သုံးစည်းက ဟိုမှာ တခါထဲပေးတာပဲ၊

ပြီးတော့ သူ့ရဲ့စိတ်ဝိညာဉ်မှာလဲပဲ ဝိပါက်က တခါထဲ ပေးတာပဲ။ အဝေးကြီးပေးနေတာ မဟုတ်ဘူး၊ ကပ်ရက်။ စုတိစိတ်ရဲ့ရှေ့နားက ထင်တဲ့အာရုံ အလိုက် ကံက အကျိုးပေး ရတာ။ ဒီတော့ ကံတွေက လိုက်လာတယ်၊ ထင်တဲ့အာရုံ အတိုင်း အကျိုးပေးတယ်။ အဲဒီ ထင်တဲ့အာရုံက အကူအညီ ရလို့မို့၊ ဟိုဘဝကို လိုက်သွားတာမဟုတ်ဘူး၊ သတ္တိနဲ့ ဟိုမှာ အကျိုးပေးတာ။ ဒီကံအကောင်အထည်ကြီး လိုက်သွား တာမဟုတ်ဘူး၊ ကမ္မသတ္တိက ဟိုဘဝမှာ ဘဝစ္စဖြစ်ဖို့ရန် အကျိုးပေးတယ်။

**သေဝမှာ ကပ်နေတဲ့ကံ** တခါ တယောက်တော့ သေခါနီးကျ တော့ ဘေးကပေါ့လေ ကိုယ့်နည်း ကိုယ့်ဟန်နဲ့ တရားစကားတွေ ပြောနေကြတယ်၊ မေ့နေပြန် တော့လဲ အသံနဲ့နားနဲ့ စိတ်ထဲမှာ တရားစကားသံတွေကြား၊ အဲဒီလို ကြားနေတုံးမှာပဲ ခုနက ခုနက စုတိစိတ်ဆိုပြီးတော့ နောက်ဆုံး စိတ်၊ သေတဲ့စိတ်ပေါ့လေ၊ စုတိစိတ် ဖြစ်တယ်။ ကောင်းဘွဲ့ကံ အကျိုးပေးတာပဲ။ ဘာပြုလို့ အနားကပ်နေတဲ့ ကံက အကျိုးပေးဘာလဲ။ နွားခြံမှာ နွားတွေဘယ်လောက်များ နေပေမယ့် နွားအိုကြီးပင်ဖြစ်ဖြစ် ခြံတံခါးဝမှာ ကပ်နေတဲ့နွား က ဟိုက ခြံဖွင့်လိုက်တာနဲ့ အရင်ဆုံးထွက်တာပဲ။ အနားကပ် နေတဲ့ဥစ္စာက အရင်ထွက်တာပဲ။ ခုလဲပဲ ကံတွေအမျိုးမျိုးမှာ သေခါနီးသေပေါက်သေဝမှာ စုကိဆိုတာ သေပေါက်သေ ဝပဲ။ အဲဒီသေပေါက်သေဝမှာ ကပ်နေတဲ့ကံက အကျိုးပေး

တာပဲ။ ဒါကြောင့် ဘယ်လို အကျိုးပေးသတုံး၊ ဘယ်လို လိုက်သတုံးဆိုတာ အဲဒီနည်းနဲ့ လိုက်တယ်။

**သေခါနီးမှာ သတိထား** ဒါကြောင့်မို့လို့ ဗုဒ္ဓဘာသာရဲ့ ပညာရပ်က သေခါနီးနော်၊ သေခါနီး၊ ဘေးက အပေါင်းအဖော်တွေ ကောင်းဖို့လိုတယ်နော်။ သေခနီးနော်၊ဘေးက စကားအပြောတွေ လိုက်ိုလိုတယ်နော်။ မငိုကြနဲ့နော်၊ သူ့ဆီ မသွားကြနဲ့နော်နဲ့။ ဒီလိုသိပ်ပြီးတော့ သတိပေးနေတဲ့ ဥစ္စာဟာ အဲဒီအမှားအယွင်းတွေ ဖြစ်ပြီးတော့ မကောင်းကံတွေ အခွင့်ရမှာစိုးလို့၊ ဒီလို တားမြစ်နေကြတာ။ ဒါကြောင့် ဘာသာရေးတရားဖြစ်တဲ့ ဗုဒ္ဓတရားကို လိုက်စားစမ်းပါ။ ပညာတရပ်အနေနဲ့ အင်မတန်မှ သေချာပါတယ်လို့ ပြောနေတာ။ ကဲ ဒီတော့ ဒီဟာကို ထပ် စောဒနာချင် စောဒနာပါ။

## မေးခွန်း (၁၀)

မေး။ ။ ရုပ်ကကော ဘယ်လို ပြောင်းပါသလဲ။
ဖြေ။ ။ ရုပ်လဲ မပြောင်းဘူး၊ ရုပ်လဲ မပြောင်းဘူး။

**ကံကြောင့် ရုပ်သစ်ဖြစ်** ဒီလို ခုနက ကံရဲ့သတ္တိကို ဒီက လူပင်ဖြစ်သော်လဲ ခုနက တဏှာ၊ ပြိတ္တာ။ တဏှာကို ပြိတ္တာခေါ်တယ်၊ ပြိတ္တာဖြစ်မယ်ဆိုယင် ပြိတ္တာရုပ်၊

တခြားသပ်သပ် ဒီကံက အကျိုးပေးတယ်လေ။ ဈာံက ဝိပါက် ဝိညာဉ်ကိုလဲ အကျိုးပေးတယ်။ ခုနက ကမ္မဇကလာပ်သုံးစည်းဟာ သူ့ကြောင့် ပေါ်လာတာပဲ။ ဒီတော့ ရုပ်က ဆက်သွားတာမဟုတ်ဘူး။ သူ့ကြောင့် ပေါ်လာတဲ့ အတွက်ကြောင့်မို့လို့၊ ဒီက ရုပ်တွေ ပြောင်းသွားတယ်လို့ မဟုတ်ဘူး။ ဒါပေမယ့် ကံကြောင့် ရုပ်သစ်တွေ၊ ဒီက ကံပဲ၊ ဒီက ကံပဲ ရုပ်သစ်တွေ ဖြစ်တယ်။

**ဒီဘက်က ဓားခုတ်ရာ** တခါ ထပ်ပြီးတော့ မေးစရာရှိတယ်။

**ဟိုဘက်မှာပါနေ** တချို့မှာ ဒီကဆိုပါတော့ပေါ့၊ ဓားခုတ်ရာကြီးနဲ့ လူကြီးဟာ ဟိုဘက်ဘဝကျတော့ သူ့မှာ အဲဒီဓားခုတ်ရာ ပါသွားတယ်။ အဲဒီဟာက ဘုန်းကြီး သိပ်မမှိုဘူးနော်၊ သိပ်မမှိုပေမယ့်လို့ သူ့စိတ်က ဒီမှာ။ စိတ္တဇရုပ်က ဓာတ်ချင်းက ဆက်နေသေးတယ်။ ဒီစိတ်က ဟိုသယ်သွားတာတော့ မဟုတ်ဘူး။ မဟုတ်ပေမဲ့လို့ ဓာတ်ချင်းက ဆက်နေတော့ ဟိုဘက်ရုပ်မှာ ကလေးမှာ ခုနက ဓားခုတ်ရာလေးဘာလေး တွေ့နေတယ်။ ဘုန်းကြီးက အဲဒီထိအောင်တော့ ဘုန်းကြီး ပိုင်ပိုင်နိုင်နိုင် မပြောနိုင်ဘူး။ မပြောနိုင်ပေမယ့် အဲဒီလို ဆက်တဲ့ဥစ္စာ ဒီကရုပ် ပါသွားတာတော့ မဟုတ်ဘူး။

**ရုပ်ချင်း ကျေးဇူးပြု** ခုကိုယ်က ဆိုပါတော့ပေါ့၊ ခုဒီဘဝမှာပဲ ခု ဒီက ဓားခုတ်ရာနဲ့လက်ဟာ ၁၀ နှစ်သားတုံးက ဓားခုတ်ရာနဲ့လက်ဟာ ၁၁ နှစ်သားကျတော့

ဒီအရာက ပါလာတာ မဟုတ်ဘူး၊ ရုပ်သစ်ပဲ။ ၁၁နှစ်သားဖြစ်တဲ့ ရုပ်ကလဲ ရုပ်သစ်ပဲ။ ဒါပေမယ့် ခေတ်ချင်းဆက်တော့ ဟိုမှာ အရာကလေးကပါရက်ပါရက်ပဲ။ဒီလိုဖြစ်သွားတာ ဒီက ခေါးခုတ်ရာက ရုပ်တွေက ဟိုမှာ ခေါးခုတ်ရာအဖြစ်နဲ့ ဆက်တာမဟုတ်ဘူး။ရုပ်ချင်း ကျေးဇူးပြုလိုက်တော့ ဒီက အရာကလေးနဲ့ဆိုင်တဲ့ ရုပ်ကလေးတွေပဲ ဟိုမှာသွားပြီးတော့ ဖြစ်တယ်။ ဟိုဘက်ဘဝကျတော့လဲ ရုပ်တော့ ရုပ်သစ်ပဲ။ ရုပ်သစ်ပေမယ့်လို့ ဒီက စိတ်ခေတ်ကလဲ ဆက်ရက်ဖြစ်နေတယ်၊ ပြီးတော့ ဟိုမှာလဲပဲ ခေါးခုတ်ရာလေးဘာလေး ပါသွားတယ်ဆိုတာ ဖြစ်နိုင်လောက်တယ်လို့၊ ဒီလိုတော့ ဘုန်းကြီးက နားလည် ထားတယ်။ ဖြစ်နိုင်လောက်ဘယ်။

## မေးခွန်း (၁၁)

**မေး။ ။** ငယ်ရွယ်သော ကလေးအချို့သည် သင်ကြားခြင်းမရှိပဲ ကျမ်းစာများကို ရွတ်ဆိုနိုင်ခြင်း၊ အထက်တန်းကျသော အတွက်အချက်များကို ပြုလုပ်နိုင်ခြင်းတို့ကို မြန်မာပြည်၌လည်းကောင်း၊ နိုင်ငံခြား၌လည်းကောင်း၊ တွေ့ရပါသည်။ အဘယ်ကြောင့် မသင်ပဲ တတ်မြောက်ပါသလဲ။

**ဖြေ။ ။** ရှေးက ခုနက သူရဲ့အလေ့အကျင့်က ကမ္ဘသတ္တိက လိုက်လာတာဖြစ်တော့ ကံချင်းသိပ်ကွဲတာက မဟုတ်ပဲကိုး။ ခု ကိုယ်ပေါ့လေ၊ ၁၀ နှစ်သား

ဘုံးက သင်ထားတဲ့ ပညာဟာ ဆိုပါတော့ အသက် ၂၀ လောက်မှာ သူ တချို့ ရွတ်နိုင်တယ်၊ ဖတ်နိုင်တယ်။ ဒါဖြင့် ၁၀ နှစ်သားတုံးက ရုပ်ရှိသလားလို့ ဆိုတော့၊ အသက် ၂၀ မှာ မရှိဘူး။ ၁၀ နှစ်သားတုံးက စိတ်ရှိသလားလို့ ဆိုတော့ အသက် ၂၀ မှာ မရှိဘူး။ မရှိပေမယ့်လို့ သူ ရွတ်နိုင်တယ်၊ ဖတ်နိုင်တယ်၊ မှတ်နိုင်တယ်ပေါ့လေ။

**အဝိဇ္ဇာဖုံးတော့မှ မေ့** အဲဒီလိုပဲ၊ သေခါနီးမှာ သူ့အလေ့အကျင့် ကလဲ များလာတဲ့စာတွေ ဆိုတော့ကာ သေပြီးတော့ ဘဝကြီးတခုလို ချောင်း ခြားနေတာမဟုတ်ဘူး၊ စိတ်တခုနဲ့တခု ပြောင်းသလိုပဲ။ စုတိစိတ် ပဋိသန္ဓေစိတ် ဆက်ရက်ပဲ။ ဆက်ရက်ဆိုတော့ကာ အမှန် ကတော့ အများပဲ တတ်သင့်တယ်။ ရပြီးသားတွေကို ရသင့် တယ်။ သို့ပေမယ်လို့ စုတိတဲ့အချိန်မှာ ပဋိသန္ဓေရဖို့ရန် အချိန် မှာ အင်မတန် အဝိဇ္ဇာတဏှာတွေက လွှမ်းနေတာမို့ မေ့ ကုန်တာ။ အများစုကတော့ ရကို ရသင့်တယ်။ ဒီလိုရလောက် အောင်ကို သတ္တိက ဆက်နေတာ။ သို့ပေမယ့်လို့ အဝိဇ္ဇာက ဖုံးလွှမ်းထားတော့ အများစုတော့ မေ့သွားတယ်။

**ဇာတိဿရဉာဏ်** အနဲငယ် လူကတော့ ရတယ်၊ ရတာဟာ ဘာမှ မဆန်းဘူး။ ခုနက အဝိဇ္ဇာရဲ့ ဖုံး လွှမ်းမှု။ ဒီကိစ္စမှာပေါ့လေ၊ နဲလို့ သူ မှတ်မိနေတာပဲ။ ရွတ်နိုင် နေတာပဲ၊ တတ်နေတာပဲ။ ဘယ်သူမှ မပြောပဲနဲ့လဲ စာတွေကို နှုတ်တုံးက ဆိုပါတော့လေ၊ ဘုန်းကြီးဖြစ်လာတယ်ဆိုလို့ ရှိယင်

သူ ဒီစာတွေကို တတ်နေတာပဲ။ ဒီ့ပြင် နိုင်ငံခြားမှာလဲပဲ သူ နဂိုတုံးကပေါ့လေ၊ စာကို အလေ့အထများလို့ရှိယင် တတ်နေတာပဲ။ ဒါက အများစုက အဝိဇ္ဇာ သိပ်ဖုံးတယ်။ သဘာဝကတော့ ဘယ်လောက်မှ ပေးတာမဟုတ်ဘူး။ အများစုဟာ ပြန့်တတ်တယ်ဆိုတော့ ကောင်းတယ်။သို့ပေမယ့်လဲ အဝိဇ္ဇာက သိပ်ဖုံးသွားတော့ မတတ်ဘူး။ သူတို့ကျတော့ အဝိဇ္ဇာရဲ့အဖုံးလဲ နဲတယ်၊ ပြီးတော့ ကံကြောင့် ဇာတိဿရဉာဏ်ဆိုတဲ့ဉာဏ်ကလဲ သူတို့မှာ ရနေတယ်။ ဒီတော့ ဟိုဘဝကို အောက်မေ့နိုင်တာရော ဘာရော စုပေါင်းပြီးတော့ စာတွေကို မသင်ပဲနဲ့ တတ်တယ်၊ ရွတ်နိုင်တယ်၊ ဖတ်နိုင်တယ်။ ဒီလိုဖြစ်တယ်။

**ရွတ်နိုင်သလောက် ဉာဏ်မကြီး** ရွတ်နိုင်ဖတ်နိုင်သလောက်များ ဉာဏ်ကြီးမယ်ဒတော့ မထင်နဲ့၊ တခါတလေ ရွတ်နိုင်ဖတ်နိုင်တာပဲ ရှိတယ်။ ဉာဏ်ကတော့ ဒီလောက် စဉ်းစားဉာဏ်တွေဘာတွေ မရှိဘတ်ဘူး။ ကြီးယင် မေ့သွားမယ်၊ ကြီးယင် မေ့တယ်ဆိုတာ ကြားထဲမှာ ဟိုအာရုံ ဒီအာရုံတွေက ဖုံးသွားပြီ။ ဖုံးသွားတော့ ပြောစမ်းပါဆို မပြောနိုင်ဘူး။

**ကြာယင်မေ့တဲ့ထုံးစံ** တခါတလေ လူဝင်စားတွေပေါ့လေ၊ မွေးမွေးချင်း တနှစ်လောက် ဘယ်လောက် စကားပြောတတ်တဲ့ အချိန်မှာ သူ့ဟာသူ ဟိုတုံးက ဘယ်သူ၊ ဟိုတုံးက ဘယ်သူပဲ၊ ဒီပစ္စည်းတွေဟာ သူ့ပစ္စည်းတွေပဲ၊သူပြောနိုင်တယ်။ နောက်တော့ လေးနှစ် ငါးနှစ် ကြာ

တော့ မေးလို့မရဘူး။တချို့ကတော့ ရှက်လို့ မပြောဘူးလို့ပြော တယ်။ မဟုတ်ဘူး၊ မေ့ကို မေ့သွားတာ။ ကြာယင်မေ့တဲ့ ထုံးစံက ကြားထဲမှာ စိတ်တွေက အများကြီး ဖြစ်နေတာ ဖြစ်တော့ကို၊ ဒီအာရုံချည်း မဟုတ်တော့ဘူး။ဒီ ပြင်အာရုံတွေနဲ့ မေ့ကို မေ့လောက်တယ်။ပြီးတော့ ဖြစ်တဲ့အထဲမှာ အကုသိုလ် စိတ်တွေက များလို့ရှိယင် အဝိဇ္ဇာက အမြဲပါနေတာပဲ။ ဒီတော့ မေ့တာပဲ။

## မေးခွန်း (၁၂)

**မေး။** ။ စိတ်ရောဂါတွေမှာ စိတ်လှုပ်ရှားမှုက အလွန် များပါတယ်၊ အဲဒီတော့ စိတ်ငြိမ်ခဲ့လို့ရှိယင် နဲနဲပါးပါး ပုတီးစိပ်တာ တရားထိုင်တာ ကောင်းပါသလား၊

**ဖြေ။** ။ စိတ်လှုပ်ရှားမှုဆိုတဲ့ဥစ္စာက မငြိမ်သက်တာ။ ပုတီး စိပ်လိုက်တယ် ဆိုတော့ သူက အမှန်က တော့ စိတ်လှုပ်ရှားမှုဆိုဘာ အာရုံအမျိုးမျိုး လိုက်နေတာပဲ။ စိတ်က အာရုံအမျိုးမျိုး လိုက်နေတဲ့ဥစ္စာကို စိတ်လှုပ်ရှားတယ် လို့ ပြောတာ။ စိတ်က မလှုပ်ရှားဘူး၊ အာရုံတွေ အမျိုးမျိုး ရောက်နေတဲ့ဥစ္စာကို တင်စားပြီးတော့ စိတ်လှုပ်ရှားတယ်လို့ ပြောတာ။ စိတ်ကတော့ တစိတ်၊ တစိတ်ဟာ မလှုပ်ရှားပါဘူး။ နားလည်ပြီနော်။ အာရုံအမျိုးမျိုး ပြောင်း ပြောင်း ပြောင်း ပြောင်းပြီးတော့ အာရုံကို ယူနေတာဖြစ်တော့ကို စိတ်လှုပ် ရှားတယ်လို့ ပြောတာ။ အမှန်တော့ အာရုံတွေ ပြောင်း ပြောင်း ပြောင်း ပြောင်း နေတာ။

**စိတ်ငြိမ်တယ်လို့ဆိုတာ** အဲဒီလို အာရုံပြောင်းနေတဲ့ လူဟာ ယောက်ဟာ ပုတီး စိပ်လိုက်ပါဆို တော့ ဘာပဲဖြစ်ဖြစ်၊ ဘာပုတီးပဲ ဖြစ်ဖြစ်၊ ဘာတရားပဲ နှလုံး သွင်းသွင်း။ ဆိုပါတော့ ထာဝရဘုရား ကိုးကွယ်တဲ့ သူက ထာဝရဘုရားကို "ဘုရား ဘုရား ဘုရား" လို့ ဆိုပြီးတော့ စိပ် လိုက်လို့ သမာဓိက ဒီအာရုံဘခုထဲဖြစ်သွားပြီ။ ဗုဒ္ဓ ကိုးကွယ် တဲ့ သူကလဲ ဗုဒ္ဓကို "အရဟံ အရဟံ အရဟံ" လို့ ဆိုတော့ အာရုံက ဒီတခုထဲဖြစ်သွားပြီ။ ဒါ စိတ်ငြိမ်တယ်လို့ ဆိုတာပေါ့။ အဲဒီလိုသာ မဟုတ်ဘူး၊ တကယ်လို့များ သူ စာဝါသနာပါလို့ ရှိယင် အဲဒီစာလေး ဖတ်နေပါဆိုလဲ စိတ်ငြိမ်သွားမှာပဲ၊ အာရုံ များတာပါ၊ စိတ်က လှုပ်ရှားတာ မဟုတ်ပါဘူး။ အာရုံက များတော့ စိတ်လှုပ်ရှားသလို၊ ဟိုအာရုံရောက်၊ ဒီအာရုံ ရောက်နဲ့၊ စိတ်လှုပ်ရှားနေတာကို ပြောတာ။

## မေးခွန်း (၁၃)

**မေး။** ။ ကမ္မဋ္ဌာန်းထိုင်တော့ အာရုံများ နဲ့သွားပါ သလား။

**ဖြေ။** ။ ဒီလို ကမ္မဋ္ဌာန်းထိုင်ခိုင်းတော့ကာ လူတိုင်းက အလေ့အသ မရတော့လဲ မဖြစ်ဘူး။ သူတို့ရဲ့ အလေ့အထရနေတဲ့ နဂိုတုံးကပေါ့လေ၊ အလေ့အထ ရနေ တဲ့ အာရုံဘခုကို။ ဆိုပါတော့ပေါ့၊ ထာဝရဘုရားကို အာရုံ များနေတဲ့သူတယောက်ကို ဂေါတမဗုဒ္ဓကို အာရုံပြုပြီးတော့

ပုတီးစိပ်ပါဆိုလို့ မရဘူး။ အဲဒါ ပုတီးစိပ်စိပ်၊ ဘာစိပ်စိပ်။ ထာဝရဘုရားဟာ ဘယ်လောက်အကျိုးများတယ်၊ သူက အဲဒီဟာ ကိုးကွယ်နေတာဖြစ်တော့ကို အဲဒါလေးကို စိတ်ထဲ မှတ်နေစမ်းပါလားဆိုယင် ငြိမ်သွားတာပဲ။ ဒီမှတ်နိုင်တဲ့အချိန်မှာ ငြိမ်သွားတာပဲ၊ မမှတ်နိုင်ယင် မငြိမ်ဘူး။

**သမာဓိရလျှင် စိတ်ငြိမ်** ဒီလိုမှ မဟုတ်ပဲနဲ့၊ ထွက်သက် ဝင်သက်ကို၊ ထွက်သက်ဝင်သက်ဆိုတဲ့ ကမ္မဋ္ဌာန်းက စိတ်ငြိမ်အောင် လုပ်နေတာ။ ဒါလေးမှတ်နေစမ်းပါ၊ တမိနစ်မှာ ဘယ်နှစ်ခါလောက်များ ရှူသတုံးလို့၊ ဘယ်နှစ်ခါလောက်များ ရှိုက်သတုံးလို့ ဆိုတာ။ အဲဒါလေး မှတ်နေစမ်းပါ။ အဲဒါလေး မှတ်နေလို့ရှိယင် ဒီနေ့အဖို့ စိတ်တွေက အင်မတန်ချမ်းသာသွားမယ်လို့ ပြောတယ်လေ။ ဒီဟာ မှတ်လဲ စိတ်က ပြန့်ပြီးတော့ ဟိုအာရုံဒီအာရုံက ပြန်ဆုတ်လာတာပဲ။ ဒီမှာ အာရုံရောက်နေပြီ။ အာရုံတခုမှာ ကြာကြာ နေယင် ဒါသမာဓိရတယ်လို့ ဆိုတာပဲ၊ စိတ်ငြိမ်တယ်။

## မေးခွန်း (၁၄)

**မေး။** ။ တရားတော်မှာ စိတ်က တကြိမ်မှာ ၂ ခုဖြစ်ပါသလား။

**ဖြေ။** ။ မဖြစ်ဘူး။

## မေးခွန်း (၁၅)

မေး။ ။ ဒီ့ပြင် သာမန်အားဖြင့်တော့ တပည့်တော်တို့ တရားနားထောင်နေတဲ့ အခါမှာ အိမ်ကိုလဲ စိတ်ကူးလို့ရသလား။ ဒါ ဘယ်လိုများ စိတ်ကူးပါသလဲ။

ဖြေ။ ။ ဒီ–ဒီလို ခုနက စိတ်တွေက မြန်တယ်မဟုတ်လား။ စိတ်တွေက အင်မတန် မြန်တော့ကာ၊ တရားကိုပဲ အာရုံပြုပြီးတော့နေတာကို ထားတော့။ ခုနက ထွက်သက်ဝင်သက်ဆိုတဲ့ဥစ္စာ အင်မတန် ငြိမ်အောင်ကြိုးစားနေတာ မဟုတ်လား။ အင်မတန် ငြိမ်အောင် ကြိုးစားယင်းကပဲ ခုနက အိမ်ကို ရောက်နိုင်တာပဲ၊ စိတ်က မြန်လွန်းအားကြီးလို့ လက်ဖြောက်တချက်တီးမှာ ကုဋေတသိန်းမကဆိုတော့ ကုဋေတသိန်းမက ဆိုလို့ရှိယင် အာနာပါနကို ဆိုပါတော့၊ ကုဋေတရာလောက် အာရုံပြုတယ်ဆို၊ အိမ်မှာလဲပဲ ကုဋေတရာလောက် သွားနိုင်တာပဲ။

## မေးခွန်း (၁၆)

မေး။ ။ စိတ်ညို့တာ ဗုဒ္ဓဘာသာက ဘယ်လိုပါလဲ၊ အနောက်နိုင်ငံမှာတော့ ဒါ လုပ်နေကြတယ်။

ဖြေ။ ။ ဘုန်းကြီးက မဖြစ်ဘူးလို့ မဆိုလိုဘူး။ စိတ်ညို့တဲ့ကျမ်းကို ဘုန်းကြီးက မလေ့လာဖူးလို့။ ဒါ ဖြစ်နိုင်တာပေါ့လို့ ဘုန်းကြီးက ဝန်ခံတယ်။ ဘယ်လိုဖြစ်

နိုင်တယ်လို့ ဘုန်းကြီး မပြောနိုင်ဘူး။ ဗုဒ္ဓဘာသာကျမ်းကလဲ ကာန့်ကွက်မှာ မဟုတ်ပါဘူး။ ဖြစ်နိုင်တဲ့အရာမှန်သမျှကို ဗုဒ္ဓဘာသာက မကန့်ကွက်ဘူး။

## မေးခွန်း (၁၇)

**မေး။** ။ တချို့ ဒီဟာလဲ စာအုပ်ဘအုပ် ဖတ်ရတယ်၊ ဘုရားတပည့်တော်တို့ အနောက်နိုင်ငံမှာ စိတ်သို့ပြီးတော့ တဖြေးဖြေးငယ်ရွယ်တဲ့ဘဝ မေ့ပြီးတော့ နောင်ဘဝအထိ သုံးဘဝအထိ မေးခဲ့တာကို အနောက်နိုင်ငံမှာ တွေ့ရပါတယ်။ အဲဒီဥစ္စာတွေဟာ သူတို့က လက်တွေ့မှ ယုံဘယ်။ အဲဒါကို ကြည့်ခြင်းအားဖြင့် ဘဝကူးတယ်ဆိုဘာ ဘဝအဆက်ဆက် ရှိတယ်ဆိုတာ ယုံလောက်အောင် ဖြစ်နေပါဘယ်။ ရေးတဲ့ပုဂ္ဂိုလ်ကလဲ ဒါမျိုးမယုံဘဲ့သူက ရေးတာ။ ဒီဥစ္စာကို ဟုတ်မဟုတ် လိုက်စုံစမ်းတဲ့ဥစ္စာဟာလဲ မယုံဘဲ့သူက စုံစမ်းတာ။ သူတို့ကတော့ လက်တွေ့နဲ့ညှိပြီးတော့ ယုံဘယ်၊ ဘုရားတပည့်တော်တို့ ဗုဒ္ဓဘာသာကတော့ ဘဝကူးတယ်ဆိုဘာ ပြောလို့ မရဘူး၊ လက်တွေ့ ပြနိုင်ရမယ်။

**ဖြေ။** ။ ခုနက ဘုန်းကြီးတို့ လွန်ခဲ့တဲ့ဘဝကို အောက်မေ့တဲ့ ဇာတိဿရဉာဏ်ဆိုတာ ရှိတယ်။ ဘုန်းကြီးတို့ ဘုရားအလောင်း တေမိမင်းဘဝတုံးက တချိန်က ရှင်ဘုရင် လုပ်ခဲ့တယ်။ ရှင်ဘုရင်လုပ်ခဲ့တဲ့ဘဝ ပြီးတဲ့နောက် အတရားမှုတွေများလို့ ငရဲကိုကျတယ်။ နောက် ငရဲကလွတ်တော့

နတ်ပြည်မှာဖြစ်တယ်။ နတ်ပြည်ကပြန်တော့ ဒီမှာ တေမိမင်း
သား ဖြစ်တယ်။ သူ အဲဒီထီးဖြူအောက်မှာနေယင်း စောစော
စီးစီးကတော့ အမှတ်တမဲ့ပါ။ ထီးဖြူအောက်မှာနေယင်း
ထီးဖြူကြီး မြင်ရာက စပြီးတော့ ကြားထဲက ဘဝတွေ သူ
အကုန်လုံး သတိရသွားတယ်။ ရှင်ဘုရင်လုပ်တဲ့ဘဝအထိ သတိ
ရသွားတယ်။ ရှင်ဘုရင်လုပ်တဲ့ ဘဝတုံးက ဒီအမျိုးမျိုးသော
အမှုတွေ ပြုတဲ့အခါမှာ အကုသိုလ်တွေလဲ ပါလာတာမို့
ငရဲကျတယ်ဆိုတဲ့ ငရဲဒုက္ခတွေပါ သတိရတယ်။ အဲဒါကို
ဇာတိဿရဉာဏ်လို့ ခေါ်ပါတယ်။

ဇာတိဿရဉာဏ် လူတိုင်း ရသလားလို့ ဆိုတော့ လူတိုင်း
မရဘူး။ ခုနက စိတ်ညှို့ဆရာကြီးတွေရဲ့ ညှို့တဲ့ညှို့ခတ်
ကြောင့် တတိယဘဝအထိ ညှို့လို့ သူတို့ သိနိုင်တယ်လို့ ဆို
တယ်။ ဒါ ဖြစ်နိုင်တယ်။ ဖြစ်နိုင်ပေမယ်လို့ ဘယ်နှစ်ယောက်
စမ်းသပ်ယင် ဘယ်နှစ်ယောက်ဖြစ်တယ်ဆိုတာ လိုက်ဖို့ကောင်း
တယ်။ တချို့ ဖြစ်ကိုမဖြစ်နိုင်ဘူးလို့ ဘုန်းကြီးက ယူဆတယ်၊

## မေးခွန်း (၁၈)

**မေး။** ။ သူတို့မှာတော့ လူတိုင်းကို ညှို့လို့မရဘူး၊
ညှို့လို့ရပေတဲ့ လူတိုင်းဟာ အရှည်ကြီးမပြော
နိုင်ဘူး။ ဥပမာ လူတိုင်းကိုတောင် မိအောင် မညှို့နိုင်ဘူး၊
အညှို့ခံရတဲ့ ပုဂ္ဂိုလ်ကနေပြီးတော့ ခုနက စာအုပ်ထဲမှာ ပါ
လာတဲ့ ပထမတယောက်၊ သူ့မှာပဲ မေးလို့ရတယ်။ သူက

တော့ နဲ့နဲ့မေးကြည့်ပြီးတော့ နောက်ကျတော့ နောင်ဘဝ ပြီးခဲ့တဲ့နောက်ဘဝကို မေးတယ်။

**ဖြေ။** ။ ဒါဒါ-ဘုန်းကြီးတို့ ဇာတိဿရဉာဏ်ကို သူတို့က ဇာတိဿရသညာနဲ့ ကူးပေးနေတာ၊ ရပါတယ်။ ဒါကို ဗုဒ္ဓဘာသာကလဲ ဆန့်ကျင်ဘက် မဖြစ်ပါဘူး။ ခုနက မမြင်ဘူးလား။ တေမိမင်းသားဟာ ခုဘဝတောင် မဟုတ်ဘူး၊ လေးဘဝလောက်။ စာထဲမှာ ပါတာက လေးဘဝကို။ က-ချင်မှ ကမယ်။ ငရဲမှာ ခံရတာတွေ အကုန်လုံး သူမြင်တယ်။

**ဗုဒ္ဓဘာသာက မကန့်ကွက်**

အကုန်လုံး မြင်လို့မို့ ထီးနန်းကြီးထီးဖြူကြီး ရောက်လာတော့ လူကြီးပြော ပြောလို့ ရှိယင် ကြက်သီးတွေများ ထပြီးတော့ သိပ်ကြောက်ပြီးတော့ ဒီထီးဖြူကြီးကို သူဆောင်းရတဲ့ ထီးနန်းကို မလိုချင်ဘူးဖြစ်ပြီးတော့ တခါထဲ ထီးနန်းမရအောင် အ-အလေးလုပ်၊ လက်နဲ့ မလုပ်နိုင်တဲ့ အဆွံ့ကလေးလုပ်၊နားမကြား၊ ဘာပြောပြော မကြားတဲ့ နားထိုင်းကလေး လုပ်ပြီးတော့ မိဋ္ဌာန်လိုက်ပါတယ်။ အဲဒါ ငရဲခံရတာတွေပါ အကုန်လုံး သူမြင်တယ်။ ဘာဖြစ်လို့ ငရဲခံရတုံးဆိုတော့ ရှင်ဘုရင်လုပ်ခဲ့လို့။ လာပြန်ပြီ ဒီထီးဖြူ၊ ငါ ငရဲခံရတော့မှာ ဆိုပြီးတော့ တခါထဲ ထိပ်လန့်သွားတာပဲ။ အဲဒီတော့ မြင်နိုင်ပါတယ်။ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာက ခုနက စိတ်ညို့ဆရာတွေက သညာနဲ့ မှတ်ထားလို့ ဒါကို မကန့်ကွက်နိုင်ပါဘူး။

## မေးခွန်း (၁၉)

**မေး။** ။ ဗုဒ္ဓဘာသာမှာ အမျှဝေခြင်း၊ဆုတောင်းခြင်း၊ မေတ္တာပို့ခြင်း ဆိုတာ၊ အဲဒီဟာ ဘယ်လို အကျိုးရှိပါသလဲ။

**ဖြေ။** ။ နေအုံး၊မေတ္တာပို့တာ ပြောကြစို့။ မေတ္တာက ဘုန်းကြီးလဲ အင်မတန်အားကိုးတယ်။ ဆိုပါ တော့လေ ဒကာစိန်ဝင်းနဲ့ ဘုန်းကြီးပဲ၊ ဒကာစိန်ဝင်းက ဘုန်းကြီးကို တမင်တော့ ပို့ချင်မှပို့မယ်။ မြင်တယ်ဆို မေတ္တာ ရောက်နေပြီ။ ဘုန်းကြီးကလဲ ဒကာစိန်ဝင်းကို မြင်တယ်ဆိုယင် မေတ္တာရောက်နေပြီ။ ဒါ တမင်ပို့တာဘောင် မဟုတ်သေးဘူး။ ဒီတော့ စကားပြောတို့ဘာတို့မှာ အမှားပြောလဲ သည်းခံ တယ်။ အမှန်ပြောလဲ လက်ခံတယ်။ မေတ္တာဟာ ဒီလောက် သတ္တိရှိတယ်။

**ဗုဒ္ဓ၏မေတ္တာတော်** ဗုဒ္ဓမြတ်စွာတို့လို အလေ့အထ ရပြီးသား ပုဂ္ဂိုလ်ကတော့ မေတ္တာဟာ အလွန်ကို ကြီးကြီးကျယ်ကျယ် သတ္တိရှိတယ်။ ဒီ နာဠာဂီရိဆင်ကြီးက ဗုဒ္ဓ မြတ်စွာကို နင်းသတ်ဖို့ရန် ခါတိုင်း အရက်တလုံး တိုက်တဲ့ ဥစ္စာဟာ ၁၆-လုံးလောက်တိုက်ပြီးတော့ ဘုရားကြွလာမယ့် လမ်းကို လွှတ်ထားတယ်။ ဗုဒ္ဓမြတ်စွာက မေတ္တာ၊ မေတ္တာက ဟန်ဆောင်မေတ္တာ မဟုတ်ဘူးလေ၊ အင်မတန်ကြီးကျယ်တဲ့ မေတ္တာနဲ့ အာရုံပြုပြီးတော့ နေလိုက်တာ။ ဒီနားလဲရောက်ရော တခါထဲဒူးတုပ်ပြီးတော့ ဆင်တုပ်ပေါ့လေ။ ဆင်တုပ်-တုပ်ပြီး

တော့ နေရှာတယ်။ ဒီတော့ မေတ္တာဟာ အဲဒီလောက် သတ္တိရှိတယ်။ အဲဒီလောက် စွမ်းတယ်။ဒါဟာခုနက စေတနာရဲ့သတ္တိရှိသလိုပေါ့။ မေတ္တာလဲ မေတ္တာနည်းနဲ့ သတ္တိသိပ်ရှိတာပဲ။

**စာသင်သားဘဝက** ဘုန်းကြီးက မေတ္တာဟာ မေတ္တာစစ်မှ ကောင်းတယ်။ ဘုန်းကြီးက တရားကို တော့ ယုံကြည်တယ်ပေါ့လေ။ စာသင်သားဘဝတုံးက ဘုန်းကြီးက ဆွမ်းဟင်းမရဘူး။ မေတ္တာကိုတော့ သိပ်ယုံကြည်တယ်။ ဒီတော့ ဘုန်းကြီးက ညကျတော့ ဆွမ်းခံလမ်းက အိမ်တွေကို မှန်းပြီးတော့ မေတ္တာပို့တယ်။ ဘာဖြစ်လို့ ပို့တုံးလို့မေးယင်တော့ ဆွမ်းဟင်းလေးဘာလေး ။ရအောင်လို့ ပို့တာပဲနော်မေတ္တာပို့တယ် ။နက်ဖန်ကျတော့ အဲဒီလိုပဲ၊ ဆွမ်းလောင်းတဲ့တခါတရံ လောင်းတတ်တဲ့ သူက ဆွမ်းဟင်းလောင်းတယ်။ငါ့မေတ္တာတော်တော်စူးရှတာပဲ။နောက်တရက်ကျတော့ အဲဒီအိမ်ကို ဘုန်းကြီးကပို့တော့ပို့တာပဲ။ ဆွမ်းဟင်းလိုချင်လို့ ပို့တာ။ နောက်တရက်ကျတော့ အဲဒီအိမ်က မလောင်းဘူး။ ဘုန်းကြီးက ငါ့မေတ္တာဘယ်နှယ်ဖြစ်သွားပါလိမ့်၊ ဘယ့်နှယ်မှ မဖြစ်နဲ့လေ၊ ငါကလဲ သူတို့ ချမ်းသာစေဖို့ထက် ငါချမ်းသာစေဖို့က အရေးကြီးတဲ့ မေတ္တာ၊ ဘယ်တော့ စူးမှာတုံးလို့၊ အဲဒီလိုအနေမျိုးနဲ့ ဖြေခဲ့ဘယ်လေ။

**နွားမကြီး၏မေတ္တာ** မေတ္တာဟာ တကယ့် စေတနာနဲ့ပို့တဲ့ မေတ္တာဖြစ်ရမယ်။ ဒါကြောင့် မေတ္တာပို့တယ်ဆိုတဲ့ ဥစ္စာဟာ ဘယ်လိုအကျိုး ရတယ်ဆိုတာတော့၊

သိပ်အကျိုးရှိတာ။ တခါတုံးက နွားကြီးက နွားကလေးကို သူ့သားကလေးကို နို့တိုက်နေတယ်။ နို့တိုက်နေတဲ့ဥစ္စာဟာ သားကလေးအပေါ်မှာ မေတ္တာ အင်မတန် ကြီးကျယ်မနေပေဘူးလား။ အဝေးက လှံနဲ့လှမ်းပြီးတော့ ထိုးတာ၊ လှံရွက်ဟာ ထန်းရွက်များလို့ပဲ လျော့ကျသွားတယ်၊ မစူးဘူး။ ဒါ မေတ္တာရဲ့ အစွမ်းနော်၊ မေတ္တာရဲ့အစွမ်း။ ခုနက လိုပေါ့ခလ၊ မရိုး မသား ဆိုယင်တော့လဲ ဘုန်းကြီးလို ဖြစ်ချင် ဖြစ်မှာပေါ့ ဟုတ်လား။ ရိုးရိုးသားသားနဲ့ မေတ္တာတွေက တော်တော် စွမ်းပါတယ်။ တော်တော့်ကို စွမ်းပါတယ်။ အဲဒါ မေတ္တာကို ထားလိုက်တော့ ဟုတ်လား။

**အမျှဝေတယ်ဆိုတာ** ဘာလဲ၊ ခုနက ဆုတောင်းတဲ့၊ အမျှဝေတဲ့။ အမျှဝေတယ်ဆိုတဲ့ ဥစ္စာက ဒီလို၊ ဘုန်းကြီးတို့ စာထဲမှာ ပတ္တိဒါန၊ ကိုယ်ရတဲ့ အလှူဒါနကို ကိုယ်ပြုတဲ့ အလှူဒါနကို သူတို့လဲပဲ ကိုယ်ကုသိုလ်ရသလို ရကြပါစေတော့လို့ ဆိုတာကို အမျှဝေလို့ ခေါ်တယ်။ အဲဒီ အမျှဝေတာက ဒီလို၊ အရာရာ အကြောင်းညီညွတ်မှ အကျိုး ရတယ်။

**သီလမရှိသူကိုလှူပြီး အမျှမဝေနဲ့** လူတယောက် သူ့ရဲ့ဆွေးမျိုးက ဟိုဘက် ဘဝရောက်သွားပြီ၊ အိပ်မက်ကလေး ဘာလေး ပေးလို့မို့ ဘဝလွဲနေပြီဆိုတာလဲ သူသိပြီ၊ ဒါကြောင့် သူ့မိတ်ဆွေ ဘုန်းကြီးကို ပင့်ပြီး

ခေါ် ဆွမ်းကျွေးတယ်။ ဆွမ်းကျွေးတော့ အမျှ-အမျှလို့ ဆိုတော့ ဟိုကလဲ သေသေချာချာ သာဓုခေါ်မယ်လို့နေတာ၊ ဟိုက ဘာမှ မရဘူး။ ထပ်ပြီးတော့ အိပ်မက်ပေးပြန်တယ်။ ခုနလို သူကိုးကွယ်တယ်လို့ ဆိုချင်ဆိုပေါ့၊ မိဘ်ဆွေဘုန်းကြီးပဲ့ ပင့်ပြီးတော့ ဆွမ်းကျွေးပြီး အမျှဝေတယ်၊ မရဘူး။ တတိယ ခုလိုပဲ အိပ်မက်ပေးဟန်တူတယ်။ တတိယအဖြစ် အမျှဝေတော့ ငါ့အဘွက်ရမယ့်ပစ္စည်းကို ဒုဿီလကြီး စားသွားပြီလို့ အဲဒီလို အိပ်မက်ပေးတယ်တဲ့။ သူကိုးကွယ်တဲ့ဘုန်းကြီးက သီလမရှိဘူး။ သီလမရှိတဲ့သူကို လှူဒါန်းတော့ အမျှဝေလို့မို့ ဟိုမှာ အမျှ မရဘူး။ သာဓုခေါ်မယ်လို့ကို စောင့်နေတာ မရဘူး။

**သံဃာလှူပြီး အမျှဝေပါ** ဘုန်းကြီးကတော့ ဘာကို လေ့လာတုံး၊ ဘာကို ဟောတုံးဆိုယင် ပုဂ္ဂိုလ်ကိုလှူပြီးတော့ အမျှမဝေနဲ့။ ဘယ်ပုဂ္ဂိုလ်မှ စိတ်ချရဘူး။ ဒီတော့ သံဃာကိုလှူပေါ၊ သံဃဿဒေမ၊ ဆွမ်းတအုပ်နဲ့ သံဃဿ ဒေမ လုပ်ပေါ။ သံဃာကိုလှူပြီးတော့ အမျှဝေလို့ ရှိယင် အမျှရပါတယ်။ ဒီလို ဘုန်းကြီးက ပြောတယ်။

**တောင်သမန် ကျောင်းအမကြီး** ဒါနဲ့စပ်ပြီးတော့ ဝတ္ထုတခု ပြောမယ်။ မှတ်စရာတွေမို့လို့ အားလုံးမှတ်ရအောင်၊ ဘုန်းကြီးတို့ တောင်မြို့မှာပဲ၊ အနီးအပါးမှာ ဘုန်းကြီးတို့ အရင်က တံတားကူးပြီးတော့ ဟိုဘက်မှာ ကျောင်းတိုက်တတိုက် ရှိပါတယ်။ တောင်သမန်တိုက်လို့

ခေါ်ပါတယ်။ အဲဒီကျောင်းဒကာ ကျောင်းအမကြီးတွေက အင်မတန် သူတော်ကောင်းတွေ။ ကျောင်းဒကာကြီးက အစောကြီး ဆုံးတဲ့လက္ခဏာရှိတယ်။ ကျောင်းအမကြီးက အင်မတန် သူတော်ကောင်းတယ်။ သူတော်ကောင်းတော့ သူ ကျောင်းလဲဆောက်တယ်။ နွေအခါကျတော့ယင် ရေအိုးတွေလဲ တည်တယ်၊ အများသောက်ဖို့။ ဒါနဲ့ သူ့ကို ကျောင်းအမကြီး ဆိုတဲ့ နာမည်ထက် ရေချမ်းအမကြီးဆိုတာက နာမည်တွင် နေတယ်။

**သေခါနီးငိုကြွလို့ တစ္ဆေဖြစ်** နောက် ဒီဒကာမကြီး ဆုံးသွားတယ်၊ ဆုံးသွားတော့ ပထမ အသုဘပြုတဲ့ နေရာမှာ ကုသိုလ်တွေပြုတယ်။ နောက် တခါ ရက်လည်ဆွမ်းဆိုပြီးတော့ ကျွေးတယ်။ ကျွေးတော့ကာ ခုနက သူကိုးကွယ်တဲ့ ဆရာတော်ကြီးက ကြွလာပြီးတော့။ ခုနက တရားတွေဘာတွေ ဟောတယ်၊ ပြီးတော့ အလှူ ဒါနတွေကို ဗမာပြော ရေစက်ချတယ် ဆိုပါတော့ပေါ့။ ရေစက်ချပြီးတော့ အမျှဝေကြတယ်။ အဲဒီလို အမျှဝေပြီးတော့ ဆရာတော်ကြီး ပြန်သွားရော၊ ပြန်သွားတော့ ဘုန်းကြီးတို့ နားမှာ တံတားရှိတယ်မဟုတ်လား၊ အင်းကြီးကူးတဲ့ တံတား။ တံတားက တော်တော်သွားမိတဲ့ အခါကျတော့ 'ဆရာတော်ဘုရား ဆရာတော်ဘုရား' လို့။ ဟဲ့ ဒို့ကျောင်းအမကြီး အသံပါလားလို့၊ ဟုတ်တယ်ဘုရား၊ဟုတ်တယ်ဘုရား။ ဘာဖြစ်နေတုံး ကိုး။ တပည့်တော်သေခါနီးမှာ ဆွေမျိုးတွေက သားတွေ သမီး

တွေကပေါ့လေ ငိုကြလို့။ သေခါနီးနေ့ ငိုကြလို့၊ သူတို့ကို စွဲလမ်းသွားပြီးတော့ တပည့်တော် တစ္ဆေပြိတ္တာ ဖြစ်နေတယ်ဘုရား။ကျောင်းအမကြီး အင်မတန် သူတော်ကောင်းကြီး။ တစ္ဆေပြိတ္တာ ဖြစ်နေတယ်ဘုရား။

**ရေတံခွန်တောင် ခေါ်သွားလို့** သင်းချိုင်းမှာ လူကြတန်းကြတုံးက တပည့်တော် ဘာမှ မသိလိုက်ပါဘူး။ တပည့်တော် အဖော် တစ္ဆေတွေက ရေတံခွန်တောင်ကို ခေါ်သွားလို့မို့ တပည့်တော် ဘာမှ မသိလိုက်ပါဘူး။ တစ္ဆေတွေကလဲ အင်မတန်ညစ်တယ်။ ဒီလို ဂုဏ်ရှိသိန်ရှိ ကျောင်းအမကြီးက လိုချင်ယင် ဟိုက ဆွမ်းကပ်ကြ၊ ဘာလုပ်ကြ၊ အဲဒီလို ကျွေးကြမွေးကြမို့။ သူတို့လဲ စားရသောက်ရမယ် မဟုတ်လား။ ဒီလို ဂုဏ်ရှိသိန်ရှိတစ္ဆေကို ကျွတ်သွားမှာ သိပ်စိုးတယ်။ ပြိတ္တာပေါ့လေ၊ ကျွတ်သွားမှာ သိပ်စိုးတယ်။ ဒါကြောင့် ရေတံခွန်တောင် ခေါ်သွားကြတယ်။ ဒီလို သဘောထင်တယ် ဘုန်းကြီးက။ ရေတံခွန်တောင် သက်သက်ကို ခေါ်သွားတာ၊ သက်သက်ကို ခေါ်သွားတော့ ဒီက အလှူအဘန်းတွေ ဘာမှ မသိရှာကြဘူး။

**အမျှရလို့ကျွတ်သွား** နောက်တော့ ဒီနေ့တော့ သူတို့က မခေါ်ခင်ဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ်ပေါ့လေ၊ ဆွမ်းသွတ်မယ်လို့ ဆိုတော့ကာ အမကြွပါ-ဘာဘာ၊ ဖိတ်ချင်လဲ ဖိတ်မှာပေါ့လေ၊ အဲဒါနဲ့ သူရောက်တယ်။ အနားက

ကနေ့တော့ဘုရား ဆရာတော်ဘုရား ဟောတော်မူတဲ့ တရားတွေလဲကြားရပါတယ်၊ နာရပါတယ်၊ အမျှလဲရပါတယ်ဘုရား။ တပည့်တော် ခုပဲ ကျွတ်သော့မယ်ဘုရားလို့၊ အသံပျောက်သွားတာပဲ။ ဒီတော့ အမျှဝေတာက အကျိုးရှိတဲ့သူမှာတော့ သိပ်ရှိတယ်။ အကျိုးမရှိတဲ့သူတွေတော့ မရှိပါဘူး။

**စနစ်တကျ အမျှဝေ** ဝတ်ကျေတမ်းကျေ အမျှဝေပြီးတော့ တငိုင်ငိုင်တရိရိနဲ့ အမျှဝေ၊ စိတ်ကလဲ မပါတပါ။ ပြီးတော့ သားလဲမဟုတ်၊ သမီးလဲမဟုတ်တဲ့ လူတွေက ဝင်ပြီးတော့ အမျှခေါ်။ ဟိုကလဲ စိတ်ချမ်းသာချင်မှ ချမ်းသာမယ်။ တကယ်လို့ ပြိတ္တာဖြစ်နေယင်ပေါ့လေ၊ ပြီးတော့လဲ ပြိတ္တာ မဖြစ်လို့ လူ့ဘောင်ရောက်နေလို့ လူထဲမှာ ဝင်စားနေလဲပဲ ဒီအမျှတွေအပိုပါပဲ၊ မရပါဘူး။ ဒါကြောင့် ဘုန်းကြီးက အမျှဝေတယ်ဆိုတဲ့ ဥစ္စာကလဲ အခြေအနေ ကြည့်ပြီးတော့ ပေါ့လေ၊ အမျှဝေကြပါ။ ပြီးတော့ သံဃာကိုလှူပြီးတော့မှ အမျှဝေပါ။ ပုဂ္ဂိုလ်တပါးလှူယင် ကိုယ့်ကျောင်းထိုင်ဘုန်းကြီးက ဟန်ချင်မှ ဟန်မှာပါ။ အဲဒါကြောင့်မို့လို့ ပုဂ္ဂိုလ်ကို မရွေးပါနဲ့။ သံဃဿ ဒေမ-လို့ဆိုပြီးမှ အမျှဝေကြပါလို့ ဘုန်းကြီးက ပြောလေ့ရှိတယ်။ ကဲ အမျှဝေ၊ အမျှရတဲ့သူ ရတယ်၊ မရတဲ့သူ မရဘူး။

**ဆုမတောင်းပါဘူး ဓိဋ္ဌာန်တာပါ** ဆုတောင်းတာ ဗုဒ္ဓမြတ်စွာ ဘုရားဖြစ်ဖို့ရန်ဆုတောင်းတယ်လို့ သူတို့ဆိုတယ်။ အမှန် ကတော့ တပည့်တော် ဘုရား

ဖြစ်ချင်လို့ဆုတောင်းပါတယ်ဆိုရင် ဆုတောင်းပါဘူး။ အောက်ကျနောက်ကျ ဒီလို မလုပ်ပါဘူး။ ဒါပေမယ့်လို့ ဗုဒ္ဓါဟေသံ-ငါဘုရား ဖြစ်မယ်။ သတ္တဝါတွေကို ကယ်ဆယ်နိုင်တဲ့ အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်ဘဝပါးက သာမန် ကျွတ်တန်းဝင်ပြီးတော့ ရဟန္တာ ဖြစ်သွားလို့ ရှိယင် ဒီသူတွေမှာ အကျိုးမဲ့ ဖြစ်မှာပေါ့။ ငါ့လို အရည်အချင်း ရှိတဲ့ ပုဂ္ဂိုလ်ဘဝပါးက ကိုယ်လွတ်ရုန်း သွားယင် မတရားဘူး။ လမ်းမကျဘူး။ အများကို ကယ်ပြီး တော့မှ ဗုံဒ္ဓါဟေသံ-ဘုရား ဖြစ်မယ်။ ဒီလို မိဌာန်တဲ့ လက္ခဏာပါ။ တခါဘလေကို ဗုဒ္ဓါဘုရားသည်၊ ဘဝါမိ-ဖြစ်ရ ပါသို၏လို့ ဒီလိုဆုတောင်းမျိုးတော့ ဘယ်နည်းနဲ့မှ မတွေ့ဘူး။ ဖြစ်မယ်၊ ဖြစ်ရမယ်။ ဒီလိုပဲ တွေ့ပါတယ်။

**ဆုလဲတောင်း အလုပ်လဲလုပ်** ဒါကြောင့် ဆုတောင်းဟာ စိတ်ရဲ့အကြောင်း အရာကို ထုတ်ဖေါ်ပြီးတော့ ပြောတာပါ။

စိတ်ရဲ့အကြောင်းအရာကို ထုတ်ဖော်ပြီးတော့ ပြောတယ်ဆိုတော့ကာ မှားတော့ မမှားပါဘူး။ ရချင်မှ သဲရမယ်။ တချို့သူ အလုပ်လုပ်မှ ရမယ်။ ဆုတောင်းနဲ့တော့ မရပါဘူး၊ ဆုတောင်းရုံနဲ့တော့ ဘယ်သူမှ မရနိုင်ဘူး၊ သို့သော် လဲ ဆုလဲတောင်းပေါ့၊ အလုပ်လဲလုပ်ပေါ၊ ဘုရားဖြစ်ချင်လို့ ရှိယင် ဆုတောင်းချင်လဲ တောင်းလေ။ ဘုရားဖြစ်လောက်တဲ့ အလုပ်ကိုလဲ လုပ်ပါလေ။ အဂ္ဂသာဝက ဖြစ်ချင်လို့ရှိယင် ဆုတောင်းလဲ တောင်းပါလေ။ အဂ္ဂသာဝက ဖြစ်လောက်တဲ့ အလုပ်ကိုလဲ လုပ်ပါလေ။

**ယသောဓရာ၏ ရွေးကောင်းမှု** ဘုန်းကြီးတို့ ဗုဒ္ဓမြတ်စွာမှာ အတူပါလာတဲ့ ယသောဓရာဟာ ဘုရားအလောင်းက ဘုရားဖြစ်ဖို့လောက်တောင် ဆုလဲ မတောင်းသေးဘူး။ ဗျာဒိတ်လဲ မပေးသေးဘူး။ မြင်မြင်ချင်း၊ ရသေ့က ကောင်းကင်က ပျံလာတာနော်၊ တန်ခိုးဣဒ္ဓိပါဒ်နဲ့နော်။ သူနဲ့ဘာမှ မဆိုင်ဘူး။ ဒီဘဝမှာ ဘယ်နည်းနဲ့မှ မပေါင်းရဘူး။ အဲဒါပေမယ့်လို့ မြင်မြင်ချင်း သူ့မှာ ဘုရားပူဇော်ဖို့ ပါလာတဲ့ ကြာစည်း ၈-စည်းထဲက ၅-စည်းကို ရသေ့လက်ထဲထည့်ပြီးတော့ 'ဘုရားပူဇော်ပါ' အနေမျိုးနဲ့၊ သုံးစည်းကို သူယူပြီးတော့ ဘုရားလာတော့ ဒီပင်္ကရာဘုရားလာတော့ သူပူဇော်တယ်။

**စိတ်ကညွတ်နေတယ်** ဘုန်းကြီးက ကျေနပ်လိုက်တာ၊ ကြာလှူဘာတောင်မှ ဘုရားအလောင်းကို အသာပေးပြီးတော့ ငါးစည်းပေးတယ်။ သူက ၃-စည်းယူပြီးတော့ ဝေတယ်။ ပြီးတော့ သူက ဒီဘုရားအလောင်းရဲ့ အလုပ်အကျွေးဖြစ်ဖို့ရန် သူ့နှုတ်က ဆုတောင်းသလား၊ မတောင်းသလားတော့ မသိဘူး။ စိတ်က ကောင်းကောင်း ညွတ်နေတယ်။ ဗုဒ္ဓမြတ်စွာကို ကြာစည်းကို လှူပြီးတော့၊ ဗုဒ္ဓမြတ်စွာက ပဲ ဗျာဒိတ် ပေးတော်မူတယ်။ ဒီကြာစည်းလှူတဲ့ အမျိုးသမီးက ပါရမီကို အတူလိုက်ပြီး စောင့်ရှောက်ပြီးတော့၊ ပါရမီဆိုတာ သူက ဖြည့်ရတာမဟုတ်ဘူး။ ဖြည့်တဲ့ပါရမီကို မပျက်အောင် သူက စောင့်ရှောက်ပြီးတော့ လိုက်လာတဲ့ အမျိုးသမီး ဖြစ်လိမ့်

မယ်လို့ ဗုဒ္ဓမြတ်စွာကပဲ ဗျာဒိတ်ပေးတော်မူခဲ့တယ်။ သူကတော့ ဘယ်လိုဆုတောင်းသလဲတော့ မသိဘူး။ စိတ်ကတော့ သိပ်ညွတ်သွားတယ်၊

**ဆုတောင်းချည်း အားမကိုးနဲ့** ဒါကြောင့် ဆုတောင်းချည်းတော့ အားမကိုးနဲ့။ ဒီဆုတောင်းချည်း အားကိုးလို့ရှိယင် အများစုတွေဟာ ဘုရားတွေ သိပ်ဖြစ်ကြမှာပေါ့၊ ဘာမှ မဖြစ်ပါဘူး။ ဘုရားမပြောနဲ့၊ ဟိုဘဝ နတ်ပြည်ရောက်ဖို့တောင် ဆုတောင်းကြည့်ဖမ်း၊ ဆုတောင်းလို့လဲ မရပါဘူး။ အမှန်ကတော့ ဆုတောင်းဆိုတာ စိတ်ညွတ်တာပါ။ စိတ်ညွတ်တာကို နှုတ်နဲ့ထုတ်ဖော်ပြီး ပြောတာပဲရှိတယ်။ ထပ်မေးချင်လို့ရှိယင် ဘုန်းကြီးရောက်တဲ့အခါ မေးသာမေး။ ဘုန်းကြီးကလဲ ဒီလိုဖြေရတဲ့ဟာ ကြည့်စမ်း၊ သူတို့ဘယ်လောက် အကျိုးများသွားသလဲ။ ဒါကြောင့် မေးသာမေးပါ။

## မေးခွန်း (၂၀)

**မေး** ။ စိတ်ဟာ ဦးနှောက်မှာ ဖြစ်တယ်လို့ နိုင်ငံခြားပါရဂူများက ဆိုကြပါတယ်။ ဗုဒ္ဓဘာသာမှာ ဟဒယဝတ္ထု (နှလုံး) မှာ ဖြစ်တယ်လို့ ကြားဖူးပါတယ်။ ရှင်းပြပါ။

**ဖြေ** ။ သူတို့အယူကို ဘုန်းကြီးက မသိနိုင်ပဲနဲ့တော့ ဘုန်းကြီးက မရှင်းနိုင်ဘူး။ ဘုန်းကြီးတို့လဲ

ဘုန်းကြီးတို့နည်းနဲ့ပေါ့လေ။ ဟဒယဝတ္ထုဟာ ဒီမှာရှိတယ်လို့ ဆိုပေမယ့် စိတ်က ဒီမှာ အကောင်အထည်မှီသလို မှီနေတာတော့ မဟုတ်ဘူး။ ခုနက ဘုန်းကြီး ပြောပြီးပြီမဟုတ်လား။ ပဋိသန္ဓေနေကထဲက ဟဒယဆိုတဲ့ ဝတ္ထုရုပ် ပါလာတယ်၊ အဲဒီပဋိသန္ဓေနေတုံးက ဘယ်မှာ ဒီလို ဒီ ရင်တွေ ဘာတွေ ရှိအုံးမလဲ၊ အဲဒီတုံးက ဟဒယဝတ္ထု ပါလာတယ်၊ အဲဒီဝတ္ထုရုပ် ရှိလို့မို့ စိတ်က ဖြစ်နိုင်တယ်။ ဝတ္ထုရုပ် မရှိလို့ရှိယင် ကာမ ရူပဘုံမှာ စိတ် မဖြစ်နိုင်ဘူး။

**ဆရာရှိလို့ တပည့်ကြီးပွားသလို** ဒါကြောင့် ဆရာရှိလို့ တပည့် ကြီးပွားတယ်။ ဆရာမရှိယင် တပည့် မကြီးပွားဘူး၊ တခါ တပည့်က ဆရာကိုမှီနေတယ်။ မိဘရှိလို့ သားသမီး ကြီးပွားတယ်။ မိဘမရှိယင် သားသမီး မကြီးပွားဘူးလို့ ပြောတယ်၊ ဒီတော့ သားသမီးက မိဘရင်ခွင်ထဲမှာ နေတာမဟုတ်ဘူး။ သူ့ကိုမှီတယ်ဆိုတဲ့ ဥစ္စာကလဲ မှီကပ်နေတာ မဟုတ်ဘူး။ စကားသဘောအားဖြင့် ဖြစ်အောင် ပြောနေတာ။ အမှန်ကတော့ မိဘကို အကြောင်းပြုပြီးတော့ သားသမီး ကြီးပွားတယ်။

**ဒီလိုသာယူဆ** အဲဒါကြောင့် ဟဒယဝတ္ထုကို မှီတယ်ဆိုတာ ဟဒယဝတ္ထု၏အပေါ်မှာ စိတ်က တည်နေတာ မဟုတ်ဘူး။ ဟဒယဝတ္ထုရှိလို့ ဘုန်းကြီးတို့ နိဿယ ပစ္စည်းနဲ့ မှီရာလို့ခေါ်နေတာ။ သူမရှိလို့ရှိယင် မဖြစ်ဘူးလို့

ကာမရူပဘုံမှာ။ ဒါကြောင့် မှီတယ်လို့ ပြောတာ။ ဘုန်းကြီးက ဦးနှောက်ပဲဖြစ်ဖြစ်၊ ဦးနှောက်ထဲမှာ စိတ်က ရောက်သွား တာတော့ မဟုတ်ဘူး။ ဦးနှောက်ရှိလို့ စိတ်ဖြစ်နေတာပဲ။ ဒီလို သာ ဘုန်းကြီးက ယူဆရမယ်လေ။ ဟဒယဝတ္ထုရှိလို့ စိတ်ဖြစ် နေတာပဲ။

**ဆရာကိုတပည့်က မှီတဲ့သဘောမျိုး** ဟဒယဝတ္ထုပေါ်မှာ ခုနက ဆရာကို တပည့်က မှီတဲ့အမှီမျိုး သဘောထားပါ၊ ဆရာကို မှီနေတဲ့ဥစ္စာ၊ ဆရာပေါ်မှာ မှီပြီး တော့ ဘုန်းကြီး ဘယ်မှ မသွားနဲ့နော်၊ တပည့်တော် လဲသွား လိမ့်မယ်၊ ဒီလို မှီတာမျိုး မဟုတ်ဘူး။ ဆရာက ဟိုကျောင်း နေတယ်၊ သူက ဒီကျောင်းနေပေမယ်လို့ ဆရာကို မှီနေတာပဲ၊ ဆရာ့စကား နားထောင်နေတာပဲ။ အဲဒီလို မိဘကို မှီနေတယ် ဆိုတာ မိဘက ဟိုအိမ်နေတယ်၊ သူက ဒီအိမ်နေတယ်။ မိဘ မှီပြီးတော့ သူကြီးပွားရတာပဲလို့ ပြောတယ်။ ပြောပေမယ်လို့ မိဘပေါ်မှာ သူမှီနေတာ မဟုတ်ပါဘူး။ စိတ်ကလဲ ဒီလိုမှီ တာ မဟုတ်ဘူး၊ ဟဒယဝတ္ထုကို မှီပြီးတော့ နေတာမဟုတ်ဘူး။ ဟဒယဝတ္ထုရှိလို့ စိတ်ဖြစ်တာ။ ဦးနှောက်ပဲ ဆိုအုံးတော့၊ ဦးနှောက်ကို မှီနေတာမဟုတ်ဘူး။ ဦးနှောက်ရှိလို့ စိတ်ဖြစ် တယ်။ ဒီလိုပြောချင်ပြောပေါ့လေ။

**ဦးနှောက်** ဘုန်းကြီးကတော့ ဦးနှောက်တော့ ပုံမှန်မဟုတ် ဘူး။ ဘာဖြစ်လို့တုံးဆိုတော့ ဘုန်းကြီးတို့ ကဗန္ဓိုပြိတ္တာဆိုတာ ရှိတယ်။ ကဗန္ဓပြိတ္တာဆိုတာ ခေါင်းမပါ

ဘူး၊ ခေါင်းကို မပါတာ။ ခေါင်းကို မပါပဲနဲ့ သူ စိတ်တွေ ဖြစ်နေတာပဲ။ သူတို့ကတော့ တပိုင်းဘစ သူတို့ လေ့လာနေတာပဲ။ အမှန်ကတော့ ဒီဦးနှောက်ထဲမှာတော့ ဦးနှောက်ထဲမှာ မဟုတ်ဘူးလေ၊ ဦးနှောက်မှီတဲ့ စိတ်မျိုးတော့ မဟုတ်ပါဘူး။ ဒီလို ဘုန်းကြီးက ယူဆတယ်၊ ဒါ ဘုန်းကြီး ယူဆတာလေ။ ဒီ့ပြင်သူတွေကို ဘယ့်နှယ်ညာ့နှယ် မပြောချင်ပါဘူး။

**ဘုန်းကြီးတို့ လက်ခံထား** ဘုန်းကြီးတို့ ယူဆတာတော့ ဟဒယဝတ္ထုကို ဘုရားက၊ ဘုရားကဆိုတဲ့ဥစ္စာ၊ ဒါလဲဘုရားက ဝတ္ထုလို့သာ ဟောတာ၊ ဟဒယလို့ မဟောဘူး။ ဒီ ဓမ္မသင်္ဂဏီမှာ ဝတ္ထုရုပ်တခု ရှိတယ်။ မှီရာ ဝတ္ထုရုပ်။ ဒီ ဟဒယမှာတို့ဘာတို့ ဆိုတဲ့ဥစ္စာက ကျမ်းစာတွေက ဒီမှာသတ်မှတ်ပြီးတော့ထားတာ။ ဘုန်းကြီးတို့ကလဲ ဒီမှာ သတ်မှတ်ပြီးတော့ တခါတလေ ဒိန်းကနဲဆိုယင် ဒီထဲက နဲနဲ အသိမြန်သလိုလို ဘာလိုလို ရှိနေတယ် မဟုတ်လား၊ ဒါကြောင့် ဘုန်းကြီးတို့က လက်ခံထားတာပဲ။

**အကုသိုလ်မပြုဖို့ လိုတာပါ** ပြီးတော့ လက်ခံမထားလို့ ဘာလုပ်ချင်သလဲ၊ ဘာမှ မလုပ်ပါဘူး။ လက်ခံထားတော့လဲ အကုသိုလ် မပြုဖို့လိုတာပါ။ လက်မခံတော့လဲ အကုသိုလ်မပြုဖို့လိုတာပါ။ လက်ခံတော့လဲ ခုနက တရားနှလုံးသွင်းဖို့ လိုတာပါ။ လက်မခံတော့လဲ တရားနှလုံးသွင်းဖို့ လိုတာပါ။ ဒီလောက် အရေးကြီးတဲ့ပြဿနာတော့

ဒဟုတ်ပါဘူးလို့ ဘုန်းကြီးက ယူဆထားတယ်။ ကဲ ဒကာ မေးပါလေ။ မေးလက်စနဲ့တော့ မေးတာပဲ ကောင်းပါတယ်။

## မေးခွန်း (၂၁)

**မေး။** ။ တပါးသောရဟန်းက ဝိနည်းတော်နှင့် မအပ်သောနည်းဖြင့် ရရှိထားသော၊ ဥပမာ ဒကာ ဒကာမတို့ လှူချင်လာအောင် ဆွယ်တရားဟော၍ ရရှိထားသော ဆွမ်း ကျောင်း အစရှိသည်တို့ကို စားသုံးသူရဟန်းတိုင်း အပြစ်ရှိသည်ဟု ဆိုပါသည်။ တရားဘော်၌ 'စေတနာဆန္ဒ အဓိကပါ' ဆိုထားရာ မအပ်သောနည်းဖြင့် ရရှိထားသော ဆွမ်းမှန်းကျောင်းမှန်းမသိ၍ စားသုံးမိလျှင် စားသုံးနေသော ရဟန်းသည် စေတနာမပါ၍ အပြစ်ရှိသလား။

**ဖြေ။** ။ ဒီ–ဒီလို ရှိတယ်။ အပြစ်ရှိတာကို တခန်း၊ အာပတ်သင့်တာကို တခန်း။ အာပတ်သင့်တယ်ဆိုတာ အပြစ် အပြစ်ပဲ။ ပြီးတော့လဲပဲ အကုသိုလ်အပြစ် ရှိသလား၊ မရှိဘူးလား။ ဒါကို စဉ်းစားရမယ်။ အာပတ်သင့်တယ် စားယင်ဆိုပါတော့။ ဒီကျောင်းဟာ မအပ်မရာကျောင်းကြီးကို ဘုန်းကြီးတို့ နေမိယင် ဘုန်းကြီး အာပတ်သင့်တယ်။ အကုသိုလ်ပြစ် ရှိသလား၊ မရှိဘူးလားဆိုတော့ကာ၊ ယူဆနေကြတာက အာပတ်ရှိနေလို့ရှိယင် တရားအားထုတ်တဲ့ အခါမှာ တရား ထေင်နိုင်ဘူး။ ဒီလို ယူဆနေကြတယ်။ အဲဒီတော့ ဒါကို ဘုန်းကြီး ငြင်းလဲ မငြင်းပါဘူး။ ထောက်လဲ မထောက်ခံပါဘူး။

**အာပတ်နှစ်မျိုး** ဒါဖြင့် ဒီကျောင်းထဲ နေတာနဲ့ပဲ၊ သူဆိုပါတော့ ငရဲ-ပြိတ္တာ-တိရစ္ဆာန်တခုခု ဖြစ်ရတော့မလားဆိုတော့ အဲဒါကတော့ ဘုန်းကြီးတို့စာမှာ နိယတအာပတ်၊ အနိယတအာပတ် နှစ်မျိုးခွဲထားတယ်။ နိယတအာပတ်က မချွတ်ကေန် အမှန်ငရဲကျမယ်။ တိရစ္ဆာန်-ပြိတ္တာဖြစ်မယ်။ အနိယတအာပတ်က မသေချာပါဘူး။ သေခါနီးခုနက ထင်တဲ့အာရုံနဲ့ ဆိုင်ပါတယ်။ နိယတအာပတ်ကတော့ သေခါနီး ကေန်မုချ ဒီအာရုံကိုဆိုက်မှာ၊ နိယတအာပတ်က ဘယ်လိုအာပတ်မျိုး နိယတအာပတ်တုံးဆိုတော့ ဘုန်းကြီးတို့ အာနန္တရိယကံဆိုတဲ့ အမေကိုသတ်မိတဲ့ ပါဏာတိပါတဆိုတဲ့ အာပတ်မျိုး။ လူလဲ မထွက်ဘူး၊ လူထွက်လဲပဲ သူကတော့ ကျမှာပဲ။ အင်မတန်ဆိုးဝါးတဲ့ အကုသိုလ်မျိုးပြုထားတယ်၊ ပြုထားယင် သူသေခါနီး ထင်ကိုထင်မှာ။ အဲဒါ နိယတအာပတ်။

**အဲဒီလိုဟာကြောင့်လို့** တချို့အာပတ်တွေက ကိုယ်လဲသိဘူး၊ တရားအားထုတ်တော့ မရဘူးလို့ ဆိုထားတယ်။ ဒါဟုတ်ချင်လဲ ဟုတ်လိမ့်မယ်။ ဒီလိုပဲ ဘုန်းကြီးက လက်ခံတယ်လေ။ အပြစ်ဘယ်လောက်ကြီးသလဲဆိုတော့ နဂိုကမှ နိယတအာပတ်မှ မဟုတ်ပဲနဲ့။ သူ သေခါနီး ကုသိုလ် ကောင်းတဲ့အာရုံတွေ ထင်လာလို့ရှိယင် ကောင်းတဲ့ဂတိပဲ ရောက်မှာပဲ၊ အာပတ်သင့်ပေမယ့်လို့။ သို့သော်လဲ ဆယ်ရေးတရေး ကိုးရေးတရာ၊ ဒီလို အနိယတဖြစ်တဲ့ အာပတ်

တွေကြောင့်ကလဲ သေခါနီး ထင်လာတတ်တာဖြစ်တော့ ထင်လာတဲ့ ဝတ္ထုတွေကလဲရှိတော့ အဲဒီလိုဟာ ကြောက်လို့မို့ အာပတ်မသင့်အောင်ဆိုပြီးတော့ ကြိုးစားနေကြတော့တာပဲ။

## မေးခွန်း (၂၂)

**မေး။** ။ ကုသိုလ် အကုသိုလ်အရာမှာ အကုသိုလ်ကံကို မလုပ်ရုံမျှဖြင့် ကုသိုလ်ဖြစ်ပါသလား။ ဥပမာ- အသက်သတ်ခြင်းဆိုတဲ့ အကုသိုလ်ကို ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ခြင်းအားဖြင့် ကုသိုလ်ဖြစ်ပါသလား။

**ဖြေ။** ။ ဒါက သိမ်မွေ့တယ်။

**ကုသိုလ်ဝိရတီ** သူ့အသက်သတ်ဖို့လို့ ရှေ့ရောက်လာတယ်။ သတ်မယ်လို့လဲ စိတ်ကတော့ ကူးထားတယ်၊ နောက်တော့ တစုံတခုသော အဖြစ်ကြောင့် မသတ်ပါဘူးလေလို့ ရှောင်လိုက်ယင် အဲဒီရှောင်တဲ့စိတ်က ကုသိုလ်စိတ်- ဝိရတီ။ ဝိရတီစေတနာပါနေတဲ့ ကုသိုလ်စိတ် ရှောင်တာ မဟုတ်လား။ ရှောင်တော့ ရှောင်တဲ့ ဝိရတီစေတနာ ပါနေ၊ ဝိရတီတရားပါနေတဲ့ ကုသိုလ်စိတ် ဖြစ်တယ်။ ရှောင်တာနဲ့ကို ဖြစ်တာပဲ။

**ညစာမစားပဲ ရှောင်တဲ့စိတ်** ဘုန်းကြီးတို့ ဥပုသ်သည်တွေမှာ ဥပုသ်မှ ကုသိုလ်တွေ ဖြစ်နေတယ်ဆိုတဲ့ညစာ ရှောင်နေတာပဲ။ ငရဲလဲ သိပ်တော့ ကြီးတာမဟုတ်ဘူး။ သဘာဝကတော့လေ နဂိုတုံးက ဗုဒ္ဓမြတ်စွာရဲ့ တရား

တော်အရ ညစာမစားပါဘူးလို့ ရှောင်နေတာဖြစ်တော့ ညစာစားဖို့ရန် စားချင်လိုက်တာ။ စားချင်ပေမယ့်လို့ သီလ ပျက်မှာစိုးလို့ သူကရှောင်ဘယ်။ အဲဒီရှောင်တဲ့ ဝိရတိ စေတသိက် ဖြစ်တာပဲ။ အဲဒီဟာ ကုသိုလ်ခေါ်တာ။

## မေးခွန်း (၂၃)

မေး။ ။ ကိုယ့်ကိုယ်ကို သောတာပန်ဖြစ်ပြီ၊ ရဟန္တာ ဖြစ်ပြီ၊ မည်သို့ သိနိုင်ပါသလဲ။

ဖြေ။ ။ ဒါက အစစ်ဖြစ်လို့ ရှိယင်တော့ သူတို့ ပစ္စဝေက္ခဏာ ဆင်ခြင်ရသေးတယ်။ ဆင်ခြင်တဲ့ အခါမှာ တကယ့်ကို နိဗ္ဗာန်အာရုံကို ရနေတယ်။ တကယ့်ကို မဂ်ကို အာရုံရနေတယ်ဆိုယင်တော့ သူ သိတာပဲ။ ဒီလို မဟုတ် ပဲနဲ့ဆိုယင် သူ မသိနိုင်ပါဘူး၊ ပစ္စဝေက္ခဏာ မဆင်ခြင်ပဲနဲ့ ဆိုယင် သူ မသိပါဘူး။ သောတာပန်ဖြစ်မှန်းလည်း မသိပါ ဘူး။ မဖြစ်မှန်းလည်း မသိပါဘူး။

## မေးခွန်း (၂၄)

မေး။ ။ အပြင်လူကော သိနိုင်ပါသလား။

ဖြေ။ ။ အပြင်လူဆိုတာက တော့၊ တခါတုံးက ရဟန္တာ

**ရဟန္တာမှန်း သိဖို့သိပ်ခက်** အရှင်မြတ်ကြီးရဲ့ နောက်က တောထွက်ကြီး တပါး သပိတ်ယူပြီးတော့ လိုက်သွားတယ်။ လိုက်သွားတော့ သူက သူ့ဆရာဘုန်းတော်ကြီးကို လျှောက်တယ်။ အရှင်ဘုရား ရဟန္တာများ ဘယ့်နှယ်လုပ်ပြီးတော့ သိရပါမတဲ့တုံးကိုး။ ဦးပဥ္စင်းကြီး ရဟန္တာဆိုတာ အင်မတန် အသိခက်တယ်။ သပိတ်ကိုင်ပြီးတော့ နောက်က လိုက်တောင်မှ သိဖို့ ခဲယဉ်းတယ်လို့ အမိန့်တော်ရှိတော့၊ ရဟန္တာမှန်း သိဖို့ သိပ်ခက်တယ်။

**ကမ္မဋ္ဌာန်းဆရာလဲ မသိ** ရဟန္တာမှန်း သိဖို့ သိပ်ခက်တယ် ဆိုယင် သောတာပန်မှန်း သိဖို့ဆိုတာလဲ သိပ်ခက်တာပဲ။ ဘယ်လိုပုဂ္ဂိုလ်မှ သိတုံးဆိုတော့ ပရစိတ္တဝိဇာနန-သူတပါးစိတ်ကို သိတဲ့ဉာဏ်ကို ရနေတဲ့အချိန်ကျမှ အဲဒီ သောတာပန် ဟုတ်တယ်၊ မဟုတ်ဘူးဆိုတာ သိတယ်။ ပရစိတ္တဝိဇာနန အဘိညာဉ်ကို မရလို့ရှိယင် ကမ္မဋ္ဌာန်းဆရာကိုယ်တိုင်ကို သူ့တပည့် တရားပေါက်တယ်၊ မပေါက်ဘူးဆိုတာ မသိနိုင်ဘူး။

## မေးခွန်း (၂၅)

မေး။ ။ ရဟန္တာသည် သံဃာတော်များ လိုက်နာရန် ဘုရားရှင် ပညတ်တော်မူခဲ့သော ဝိနည်းသိက္ခာပုဒ်တော် အထူးသဖြင့် သံဃာများနည်းတူ

လိုက်နာရပါသလား၊ မလိုက်နာပဲ ရဟန္တာ ဖြစ်နိုင်ပါသလား။

ဖြေ။ ။ ပုထုဇဉ်ထက် ပိုပြီးတောင် လိုက်နာရမယ်၊ မလိုက်နာလို့ရှိယင် ရဟန္တာဆိုတာ ဝေးလို့ သောတာပန်တောင် မဖြစ်နိုင်ဘူး။

## မေးခွန်း (၂၆)

မေး။ ။ တပည့်တော် လျှောက်တာ တခြားကြောင့် မဟုတ်ပါဘူး။ အဲဒီလို ရဟန္တာတွေ အများကြီး ဖြစ်နေလို့။

ဖြေ။ ။ အဲ–နေပါစေ - နေပါစေ။ သူတို့ဟာသူတို့ နေပါစေ။

## မေးခွန်း (၂၇)

မေး။ ။ ဝတ္ထုရားအရ တရားစီရင်ရသော တရားသူကြီးသည် အပြစ်မရှိသောသူအား အပြစ်ပေးမိလျှင်၊ သို့မဟုတ် အဟုတ်အပြစ်ရှိသူအား အပြစ်ပေးမိလျှင်။ ဥပမာ–လူသတ်မှု စီရင်ရာတွင် မဆိုင်သူကို သေဒဏ်ပေးမိလျှင်၊ သို့မဟုတ် လူသတ်သမားအား သေဒဏ်ပေးမိလျှင် လောကုတ္တရာတွင် မည်သို့ အကျိုးပေးပါသနည်း။

ဖြေ။ ။ အဲဒါကတော့ တရားတော်အတိုင်း ဖြစ်မှာပါပဲ၊ ဒီသို လုပ်ကြသော်လဲ၊ တရားတော် အတိုင်း ဖြစ်မှာပါပဲ။

## မေးခွန်း (၂၈)

မေး။ ။ ဗုဒ္ဓဘာသာဝင်တဦးနှင့် ဘာသာခြား တဦး တို့သည် တူညီသော အလှူဒါန တခုစီကို စေတနာတူစွာဖြင့် အတူတူ ပြုလုပ်ကြပြီး အကျိုးပေးပုံ မည်သို့ ကွာခြားသွားသနည်း။

ဖြေ။ ။ ဒီလိုရှိတယ်၊ အဲဒါကတော့ စေတနာတူစွာဖြင့် ဆိုတဲ့ဥစ္စာကို လူဘာဘက်သားကို ရစေလိုတဲ့ စေတနာချင်းသာ တူနိုင်တယ်။ ကံနှင့်ကံရဲ့အကျိုးကို ယုံကြည်တဲ့သဒ္ဓါချင်း မတူနိုင်ဘူး။ ပြီးတော့ အခမြော်အမြင်ဆိုပါတော့၊ မဂ်ဖိုလ်နိဗ္ဗာန် ဆိုတာမျိုးက မတူနိုင်ဘူး။ မတူနိုင်လို့ ရှိယင် သာတာက အကျိုးကြီးမှာပါပဲ။

## မေးခွန်း (၂၉)

မေး။ ။ သေတဲ့အခါမှာ ရုပ်နဲ့စိတ်ဘို့ချုပ်ပုံ ရှင်းပြပါ။

ဖြေ။ ။ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူခါနီးမှာ အားလုံးကြာ ဖူးတဲ့အတိုင်း အပ္ပမာဒေနသမ္ပာဒေထ-လို့ မိန့်တော်မူလိုက်ပါတယ်။ မိန့်တော်မူပြီးတဲ့နောက်ကို နှုတ်တော်မှ စကားတလုံးမှ မြွက်တော်မမူပါဘူး။ ဈာန်ဝင်စား ပါတယ်

**ပရိနိဗ္ဗာန်စုတိစိတ်**

ချွန်ဝင်စားတဲ့အခါမှာ ပထမချွန်ဝင်စား၊ ချွန်မှထ ပစ္စဝေက္ခဏာဆင်ခြင်၊ ဒုတိယချွန်ဝင်စား၊ ဒီလို အပြန် အလှန် ချွန်ဝင်စားပြီးတော့ နောက်ဆုံး ချွန်လဲကျွန်ရော ပရိနိဗ္ဗာန်စုတိစိတ် ပေါ်လာပါတယ်။

**ဥတုဇရုပ် ကျန်နေ** စုတိစိတ် ပေါ်လာမယ်လို့ဆိုယင်ပဲ ကမ္မဇရုပ်က စုတိစိတ်မပေါ်ခင် ၁၇ ချက်လောက်က ကမ္မဇရုပ်က အသစ်မဖြစ်တော့ပါဘူး။ နောက်ဆုံး စုတိစိတ်လဲဖြစ်ရော ကမ္မဇရုပ်ကလဲ နောက်ဆုံးချုပ်တာပဲ။ ကမ္မဇရုပ် စုတိစိတ်နဲ့ တပြိုင်နက် ချုပ်ပါတယ်။ အရင်တွေ ဘာတွေ မရှိပါဘူး။ သို့သော်– ကျန်နေတဲ့ရုပ်က ဥတုဇရုပ် ကျန်နေပါတယ်။ ဥတုဇရုပ်ကတော့ ခု အလောင်းတွေလိုပဲ။ ဗုဒ္ဓမြတ်စွာရဲ့အလောင်းတော်မှာလဲ ဥတုဇရုပ် ကျန်တော်မူပါတယ်၊ ဒါကြောင့် အဲဒီရုပ်ကတော့ ပရိနိဗ္ဗာန်စံပြီးတဲ့ နောက်ပိုင်းမှာ ကျန်တော်မူပါတယ်။

**ဇီဝိတဆိုတဲ့ အသက် ကျန်နေသမျှ မသေ** အာဟာရဇရုပ်တို့ စိတ္တဇရုပ်တို့ဆိုတာက နဲနဲကလေး။ ဒါက အဘိဓမ္မာသင်္ဂြိုဟ် သင်ဘူးတဲ့သူမှ သိပါတယ်။ နဲနဲကလေးရယ်၊ ကျန်တယ်လို့ ဆိုရရုံကလေး ကျန်ပါတယ်။ ပြန်ချုပ်တာပါဘဲ။ ဥတုဇရုပ်သာ ကျန်နေပါတယ်။ ဆိုပါတော့ ကမ္မဇရုပ်ကတော့ တပြိုင်နက်ချုပ်ပါတယ်။ ဘုရားကိုသာ ကြည်ညိုစရာကောင်းအောင်လို့ ဘုရားကို ပြောရတယ်။ ဘုန်းကြီးသေ

လဲ တပြိုင်နက်ချုပ်မှာပဲ ကမ္မဇရုပ်။ ကမ္မဇရုပ် မချုပ်သမျှ ဇီဝိတဆိုတဲ့အသက် ကျန်နေသေးတယ်။ အသက်ကျန်နေသမျှ သေကိုမသေဘူး၊ စုတိစိတ်ကို မဖြစ်သေးဘူး။

## မေးခွန်း (၃၀)

**မေး။** ။ သံဃိကကျောင်းကို မိမိသေလျှင် ဘယ်သူ့ကို လွှဲနိုင်ပါသလဲ၊ ဝယ်ကော ဝယ်ကောင်းပါသလား။

**ဖြေ။** ။ ဘယ်ပုဂ္ဂိုလ်ကိုမှ လွှဲတယ်လို့ မလွှဲခဲ့ရဘူး။ သံဃိကကျောင်းဆိုလို့ရှိယင် ဆိုင်ရာက အုပ်ထိန်းမယ့် ဂေါပကတို့ ဘာတို့က ထိန်းထားပါ။ ဘယ်သူ့မှ မလွှဲပါနဲ့၊ ဒါမှ နောက်သံဃာကောင်းကောင်းရမယ်။

**ပုဂ္ဂလိကကျောင်း ဝယ်နိုင်ရောင်းနိုင်** သံဃိကမဟုတ်ဘူး၊ ပုဂ္ဂလိကပါ ဆိုယင် ရောင်းပါ။ ရောင်းပြီးဘော့ကာ သူ့လက်ထက်မှာ သူ သုံးနိုင်တယ်။ အမေအဖေ ပေးနိုင်တယ်။ အလိုရှိသလို သုံးနိုင်တယ်။ ဝယ်တဲ့သူတွေက ဝယ်ပါ။ဒါကို ဂေါပကအဖွဲ့တို့ ဘာတို့ကဝယ်ပါ။ဝယ်ပြီးတော့ ကျောင်းကို ရွှေ့တန်တာ ရွှေ့ပါ။ ဒီသို ဘုန်းကြီးက ပြောနေတယ်။ ဒါကြောင့် ဒကာမကြီးဝယ်ပါ။ ကိစ္စမရှိပါဘူး။ သံဃိကကို သွားမဝယ်နဲ့၊ အဲ....အဲ့။

**သံဃိကကိုမဝယ်နဲ့** ခုနက တခု ပြောစရာရှိတယ်။ သံဃိက သွားဝယ်လို့ရှိယင် ဒကာမကြီး ပိုင်မှာ မဟုတ်ဘူး။ သံဃိကဆို မဝယ်နဲ့။ ပုဂ္ဂလိကဆိုမှ ဝယ်ပါ။

ပုဂ္ဂလိကလဲပဲ သူကဆိုင်ရဲ့ မဝယ်ပါနဲ့။ လူတိုးက ဟုတ်သလား။ မဟုတ်ဘူးလား၊ စုံစမ်းပါအုံး။ လူတိုးက ဟုတ်ဘယ်၊ ပုဂ္ဂလိက လုပ်ထားတာပဲလို့ သူတို့ဆွေမျိုးတွေက ပြောယင်တော့ ဝယ် ပါ။ သံသယကကို မဝယ်လေနဲ့။ မသေချာတဲ့ ပုဂ္ဂလိကကိုလဲ မဝယ်နဲ့။ ဒါ ကိုယ်မပိုင်ဘူး။ ကိုယ့်ဘုန်းကြီးလဲ မပိုင်ဘူး။

## မေးခွန်း (၃၁)

**မေး။** ။ စူဠသောတာပန် အပါယ်တံခါးပိတ်တယ်ဆိုတာ တဘဝအဖြစ် ဆိုတာလား။ သံသရာတလျှောက် လုံး နိဗ္ဗာန်မရောက်မချင်း ဆိုတာပါလား။

**ဖြေ။** ။ ဒီလိုလေ၊ နိဗ္ဗာန်မရောက်မချင်း ပိတ်လို့ရှိယင် စူဠသောတာပန်ကို မခေါ်နဲ့တော့ကို သော တာပန်ခေါ်။ နိဗ္ဗာန် မရောက်မချင်း ပိတ်တာကတော့ သူကတော့ သူ့တာဝန်ကတော့ တဘဝပဲရှိတယ်။ ဘာဖြစ်လို့ တဘဝထဲရှိတယ်ဆိုတော့။ လာမယ့်ဘဝက ဘယ်လိုအဖြစ်မျိုးနဲ့ ဖြစ်မှန်းမသိလို့ တဘဝပဲရှိတယ်။ တသံသရာလုံးဆိုတာကတော့ စူဠသောတာပန်ရဲ့တာဝန် မရှိပါဘူး။ မတတ်နိုင်ပါဘူး။ ဒီလို ဆိုယင် မဟာသောတာပန်နဲ့ ဘာထူးတော့မှာလဲ။

## မေးခွန်း (၃၂)

**မေး။** ။ ဘုရား၊ ရဟန္တာများ စုတိစိတ်တော် ဖြစ်ပြီး နောက် ဘဝသစ်ခန္ဓာ မပေါ်တော့ဘူး။ ဘဝသစ်ခန္ဓာမပေါ်ပဲ ငြိမ်းသွားတာ နိဗ္ဗာန်ပဲမဟုတ်လား။

ဖြေ။ ။ ဒီလိုတော့ မဟုတ်ဘူး။ ဘဝသစ်ခန္ဓာမဖြစ်ပဲ ငြိမ်းသွားတာကို နိဗ္ဗာန်လို့ ဆိုချင်စရာကောင်း အောင် တရားဟောမှာ ရှိတယ်။ အယံပဒီပေါ-ဤဆီမီးသည်၊ နိဗ္ဗုတောယထာ-ငြိမ်းအေးသကဲ့သို့၊ ဓီရာ-ရဟန္တာ ပညာရှိတို့ သည်၊ နိဗ္ဗန္တိ-ငြိမ်းအေးတော်မူကြကုန်၏လို့ ပရိတ်ကြီးက။ ဒါ ကြောင့် ဘဝဆက်မရှိပဲနဲ့ကမ္မဇရုပ် စုတိစိတ်တော်များ ချုပ် သွားခြင်းသည်ပင် နိဗ္ဗာန်လို့ ဆိုတော့ နိဗ္ဗာန် ဘာမှမရှိဘူး။

## မေးခွန်း (၃၃)

မေး။ ။ မီးငြိမ်းသွားသလိုဆိုတော့ လုံးဝ ဘာမှ မရှိပါ ဘူးလား။

ဖြေ။ ။ ဒီ လို မဟုတ်ဘူး။ အဲဒါက ဗုဒ္ဓမြတ်စွာက ဘယ်မှ မရောက်ဘူးဆိုတဲ့ အင်္ဂပ္ပာယ်မျိုးကို ဥပမာပြတာ။ ဗုဒ္ဓမြတ်စွာ သဗ္ဗညုတဉာဏ်ရတော်မူတဲ့အချိန် တုံးက သစ္စာလေးပါးတရားကို သိတော်မူဘယ်။ ဒါကို နား လည်တယ်နော်။။ အဲ့ဒီအချိန်တုံးက နိရောဓသစ္စာကို သစ္ဆိကာတ ရ ဏီယ သစ္ဆိကတအဖြစ်နဲ့ မျက်မှောက် ပြုတော်မူတယ်။

**မျက်စိ အောက်ကို ရောက်နေသလိုမြင်** မျက်မှောက် ပြုတော်မူတယ် ဆိုတဲ့ ဥစ္စာ မျက်စိအောက်ကို ရောက်နေလိုကို မြင်တော်မူတယ်။ဒါကို သဘောပေါက် ပြီလား၊ နိရောဓသစ္စာကို မျက်စိအောက်ရောက်သလိုကို မြင် တော်မူတယ် ရဟန္တာဖြစ်လို့ ဘုရားဖြစ်တဲ့အချိန်တုံးက၊ ဒါကို

သဘောပေါက်သလား။ နိရောဓသစ္စာ နိဗ္ဗာန်၊ ဗုဒ္ဓမြတ်စွာ ဘုရားဖြစ်တဲ့အချိန်တုံးက အရဟတ္တမဂ်ဆိုပါတော့၊ နောက်ဆုံး မဂ်ကို ရတယ်။ အတူတူပဲ၊ သောတာပတ္တိမဂ်ရော ဘာရော၊ အဲဒီမဂ်ရတဲ့အချိန်တုံးက နိဗ္ဗာန်ကို မြင်တော်မူတယ်။

**မရှိနိဗ္ဗာန် မဟုတ်** အဲဒီရှိနိဗ္ဗာန်ဟာ မရှိနိဗ္ဗာန်မဟုတ်ဘူး။ ဘယ့်နှယ် နေတုံး၊ ရှိနိဗ္ဗာန်ဟုတ်လား။ အဲဒီ ရှိနိဗ္ဗာန်ဟာ ဗုဒ္ဓမြတ်စွာရဲ့ ဘုရားဖြစ်ပြီးတဲ့နောက် ပဌမ သတ္တာဟမှာ ပျောက်သွားသလား၊ အဲဒီရှိနိဗ္ဗာန် ပျောက်သွားသလား၊ အချိန်မရွေးဘုရားအာရုံပြုလို့ မရဘူးလား။ မပျောက်ဘူးနော်၊ ရှိတဲ့ဥစ္စာမှ လေလိုရှိနေတာ မဟုတ်ဘူး၊ အင်မတန် အသခ်တ ဓာတ် မြတ်သော ဓာတ်အဖြစ်နဲ့ ရှိနေတာနော်။ ဗုဒ္ဓမြတ်စွာ (၇) သတ္တာဟရှိတော့လဲ ဒီနိဗ္ဗာန်ဟာ အာရုံပြုယင် ရတယ် မဟုတ်လား၊ မပျောက်ဘူးနော်။ ကောင်းပြီ၊ ၄၅ ဝါ ကာလ ပတ်လုံး ပရိနိဗ္ဗာန် စံခါနီးမှာလဲ အဲဒီနိဗ္ဗာန် ပျောက်သွား သလား၊ မပျောက်ဘူးနော်။

**ဒီနိဗ္ဗာန်ပဲ ပျောက်မသွားပါဘူး** အဲဒီနိဗ္ဗာန်ကို ဘာခေါ်တုံး ဆိုတော့ သဉပါဒိသေ နိဗ္ဗာန်တဲ့၊ ခန္ဓာကမ္မဇရုပ် ရှိနေသေးတဲ့ နိဗ္ဗာန်၊ဒီနိဗ္ဗာန်ပဲ။နားလည် ပြီနော်။ ဒီနိဗ္ဗာန်ဟာ ဘယ်သူ့နိဗ္ဗာန်လဲလို့ဆိုယင် ဘယ့်နှယ် ပြောမတုံး။ ဘုရားရဲ့နိဗ္ဗာန် မဟုတ်လား၊ ဆိုပါတော့ပေါ့၊ ဒကာရဲ့ပစ္စည်းတခုကို ဒကာငယ်ငယ်တုံးက စပြီးကိုင်တဲ့ဥစ္စာ ဟာ ခုထိရှိနေသေးယင် ဒကာ့ပစ္စည်းပဲမဟုတ်လား။ဒီတော့ကာ

ဒကာသေသွားတဲ့အခါမှာ ဒကာသာ သေသာ၊ ဒကာ့ပစ္စည်း ဘယ်နှယ်နေတုံး၊ ကျန်ခဲ့မယ်နော်။ ဗုဒ္ဓမြတ်စွာရဲ့ ရုပ်နာမ်ခပ် သိမ်းသာ ချုပ်ငြိမ်းတော်မူတာ။ ခုနက နိရောဓဆိုတဲ့ နိဗ္ဗာန်က အဲဒီအချိန်မှာ အနုပါဒိသေသနိဗ္ဗာန်လို့ နာမည်သာ ပြောင်း လိုက်တာ၊ ဒီနိဗ္ဗာန်ပဲ။ ပျောက်မသွားပါဘူး။

## မေးခွန်း (၃၄)

မေး။ ။ ဘုရားရဟန္တာများ စုတိစိတ်ဖြစ်ပြီးနောက် ဥပ္ပါဒ နိရောဓ ပျောက်သွားတယ်၊အနုပ္ပါဒနိရောဓ ကျန်နေတယ်ဆိုပါတယ်၊ ဟုတ်ပါသလား။

ဖြေ။ ။ ဒကာကြီး စာတော်တော် လေ့လာဖူးသလား၊ စာတော်တော် လေ့လာဖူးလို့ရှိယင် အနုပ္ပါဒ နိရောဓကို ဟောတဲ့ဘုန်းကြီးကို သွားမေး၊ ဒီနိဗ္ဗာန်ပဲလားလို့။ နိရောဓဆိုတဲ့ဥစ္စာ ချုပ်တာကို ပြောတာ၊ အဲဒီ အနုပ္ပါဒ နိရောဓက နောက်ထပ်ဆက်မဖြစ်လို့ နောက်ထပ် ဆက်မဖြစ် တဲ့အချုပ်ကို အနုပ္ပါဒနိရောဓလို့ ခေါ်တာ။ ဟို နိဗ္ဗာန်ကို ခေါ်တာမဟုတ်ဘူး။

## မေးခွန်း (၃၅)

မေး။ ။ မတော်မလျော်နေသောရဟန်းသာမဏေများ ကို အပြစ်ပြောလျှင် အကုသိုလ်ဖြစ်ပါသလား။

ဖြေ။ ။ စိတ်ရင်းက သာသနာတော် ကောင်းစား စေလိုလို့၊ အဲဒီလို စေတနာ ကောင်းစားစေ လိုတဲ့ အချိန်မှာရှိယင် အကုသိုလ်မဖြစ်ဘူး။

**ကိုယ့်စိတ်ကိုဆုံးဖြတ်** သူ့ကို နှိပ်နှိပ်စက်စက် ပြောနေတဲ့ အချိန်မှာ ကောင်းစားစေလိုတဲ့ စေတနာက မူရင်းပါပေမယ့်လို့၊ သူ့ပြောနေတဲ့အချိန် အကုသိုလ်ဆိုတော့လဲ ဖြစ်မှာပဲ။ ကိုယ့်စိတ်ကို ကိုယ်ဆုံးဖြတ်ပေါ့။ ငါ ဒေါသဖြစ်လိုက်တယ်ဆိုယင်ပဲ အကုသိုလ်ပဲ။ ဒေါသမဖြစ်ဘူး၊ အရှင်ဘုရား ဒီဟာ သာသနာတော် ဆိုတဲ့ဥစ္စာဟာ အင်မတန် ခွန်မြတ်တာပဲနဲ့၊ ကိုယ့်အပြောနဲ့ ကိုယ့်စိတ်ကို ကိုယ်ထိန်းနိုင်လို့ ရှိယင် ကုသိုလ်တွေသာ ဆက်ဖြစ်သွားမယ်။ ကိုယ့်စိတ်ကိုသာ ဆုံးဖြတ်ပါ။ ကိုယ်က အင်မတန် ဒေါသနဲ့ ငါထိုးပြီးတော့ ချလိုက်ရ ဘယ့်နှယ်နေမလဲ–ဘာလဲဆိုယင် ဒါ အကုသိုလ်ဖြစ်မှာပဲ။ အကုသိုလ်မဖြစ်အောင် ကိုယ့်ဘာသာကိုယ် ထိန်းပြီးတော့ ချိုချိုသာသာ ပြောပေါ့။

**ဆိုးဆိုးဝါးဝါး ဘုရားလက်ထက်ကရှိခဲ့** သို့သော်လဲပဲ တခါတခါ ဗုဒ္ဓမြတ်စွာက တနေရာမှာ တော်တော်ဆိုးဆိုးဝါးဝါး ကိုယ်တော်တွေ ဘုရား လက်ထက်ကသဲက ရှိတယ်။ ဆိုးချက်ကတော့–လူတွေနားလည်ဖို့နဲ့၊ သာသနာကို သန့်ရှင်းအောင် လုပ်ဖို့ဆိုတာ လူတွေရော ဘာရော အစိုးရရော အကုန်လုံးဝိုင်းမှဖြစ်မယ်လို့ ဘုန်းကြီးက ယူဆတယ်။ ဘုရားလက်ထက်တော်တုံးက သာသနာ တနေရာမှာ မသန့်ရှင်းဘူး။ အဲဒီ မသန့်ရှင်းတဲ့ ကိုယ်တော်တွေက ဘယ်သူတွေတုံးဆိုတော့ အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလာန်ရဲ့ တပည့်တွေ။ တပည့်တွေဆိုတော့ တနေရာမှာ၊ သူတို့နေတဲ့ နေရာမှာ မဟုတ်ဘူး။ တနေရာမှာ ဟိုကလည်း လျှောက်ပြီ။ ဒီ ကို့မှာ

ဂိရိဇနပုဒ်မှာ ဘယ်လို ဖြစ်နေကြပါတယ်။ သာသနာဟာ သာသနာက ဖျက်ဆီးရုံသာမကဘူး၊ လူတွေကပါ အဲဒီဘုန်းကြီး တွေကို သိပ်အားပေးနေကြတယ်။ လူတွေက သိပ်အားပေး နေတော့ ကောင်းကောင်း ကိုယ်တော်တပါး လာတော့ ဆွမ်းကို မလောင်းကြဘူး။ ဒီလို လူတွေပါ ပျက်စီးကုန်ပြီ။

**မြတ်စွာဘုရားက နှင်ထုတ်ခိုင်း** ဒီဟာကို အဲဒီကိုယ်တော်က 'ဖြစ်ခဲ့တဲ့ အကြောင်းအရာ တွေကို ဒကာကြီးတာ ယောက်က ဘုရားကို လျှောက်ပေးပါ ဘုရား'လို့ဆိုတော့ ဘုရားကို လျှောက်တယ်။ လျှောက်တော့ ဗုဒ္ဓမြတ်စွာက 'သာရိပုတ္တရာ–မောဂ္ဂလာန်တို့ သင်တို့ရဲ့တပည့် တွေ၊ သွား၊ အဲဒီနေရာကို မနေဖို့ရန် နှင်ထုတ်လိုက်ကြ' ဆို တော့ အရှင်သာရိပုတ္တရာက 'သူတို့က နဲနဲကြမ်းပါတယ်ဘုရား' တဲ့။ ထွက်ချင်မှ ထွက်မှာကိုး။ ဗုဒ္ဓမြတ်စွာက များများခေါ် သွားတဲ့။ သူတို့က ကြမ်းယင် ဒီက ကြမ်းကြမ်းနဲ့ ချရတော့မှာ ပေါ့လား။ တခါတုံးကလဲ ဘုန်းကြီး သာသနာက အမျိုးစုံဖြစ် ခဲ့တာမို့ ဘုန်းကြီးတို့ကလဲ သိပ်ပြီးတော့ ဇဟုသုတလိုက်စား လာခဲ့တော့ သိနေတယ်။

**မသန့်ရှင်းတဲ့ ကိုယ်တော်ပါလို့ သြဝါဒမပေး** တခါတုံးက ဗုဒ္ဓမြတ်စွာ သြဝါဒပေးရဲ့ မယ့်အချိန် သြဝါဒ ပေးရမယ့် ထုံးစံ သြဝါဒပေးဖို့ရန် သီတင်းသုံးနေတော်မူ တယ်။ သံဃာများကလဲ စည်းဝေးပြီး တော့ နေတယ်။ ဗုဒ္ဓမြတ်စွာ ကြည့်တော့ မရှင်းတဲ့ပုဂ္ဂိုလ်က

ပါနေပြီ၊ မသန့်ရှင်းတဲ့ပုဂ္ဂိုလ် တပါး။ ဒီတော့ ဩဝါဒမပေးဘူး။ အရှင်အာနန္ဒာက မြတ်စွာဘုရား ပထမယံလဲ လွန်သွားပါပြီ၊ နေရတာလဲ သံဃာများမှာ အင်မတန်ကြာနေပါပြီ၊ ဩဝါဒချီးမြှင့်ပါလို့ လျှောက်ထားတယ်။ ဗုဒ္ဓမြတ်စွာက မလှုပ်ဘူး၊ ဘာမှ အမိန့်မရှိ။ ဒီလိုပဲ ထိုင်တော်မူနေတယ်။ သံဃာများကလဲ ငြိမ်လို့သာ ဖြစ်တယ်၊ ဘာဖြစ်ပါလိမ့်မတုံး၊ ဘာလုပ်ပါလိမ့်မတုံး၊ မသိဘူး။ နောက် ဒုတိယ သန်းခေါင်ယံ ကျော်လာရော။ သံဃာများ ထိုင်ရတာ ကြာပါပြီဘုရား၊ ဒုတိယ သန်းခေါင်ယံလည်း ကျော်လာပါပြီ။ ဩဝါဒပေးတော်မူပါ ဘုရား။ မလှုပ်ဘူး။

**ရှင်မောဂ္ဂလာန်က ဆွဲထုတ်ပစ်** နောက်တော့ အာရုဏ်တက်ခါနီးနေပြီ၊ အာရုဏ်လဲ တက်လုနေပါပြီ ဘုရား၊ သံဃာများလဲ ထိုင်ရတာ ကြာပါပြီ၊ ဩဝါဒပေးတော်မူပါလို့ လျှောက်တော့။ အာနန္ဒာ မစင်ကြယ်တဲ့ပရိသတ်ထဲမှာ ငါဘုရား ဩဝါဒပေးချိုး မရှိဘူး။ ဒီလို အမိန့်ရှိလိုက်တော့ အဲဒီမှာမှ ရှင်မောဂ္ဂလာန်က ကြည့်တာကိုး၊ ဉာဏ်နဲ့ကြည့်တာနော်။ ဉာဏ်နဲ့ကြည့်တော့ တနေရာမှာ သီလပျက်နေတဲ့ ကိုယ်တော်တပါး တွေ့ရော။ အဲဒီတင် ရှင်မောဂ္ဂလာန်က တခါထဲ ပုထုဇဉ်အသွားမျိုးဆိုယင် ဒုန်းဒုန်းလို့ နေမှာပေါ့လေ၊ ရှင်မောဂ္ဂလာန်က ဒေါသဖြစ်တာမှ မဟုတ်ပဲကိုး၊ မှန်မှန်သွား၊ မှန်မှန်သွားပြီးတော့ တခါထဲ ဘုန်းတော်ကြီးဘုရားက မစင်ကြယ်တဲ့ပရိသတ်ကို မပေးဘူး ဆိုပြီးတော့ ဩဝါဒမပေးပဲနဲ့ နေတဲ့ဥစ္စာ သင် ဒီလောက်

တောင် ကြာကြာကြီး နေရသလား ဆိုတော့ လက်ဆွဲပြီး တော့ကို ထုတ်ပစ်ရတာပဲ။

**အရေးရှိယင် ခပ်ကြမ်းကြမ်း လုပ်ရမှာပဲ** ပုထုဇဉ်တွေသာဆိုလို့ ရှိယင်တော့ ဟာ.... ရှင်မောဂ္ဂလာန်ကြီး သိပ်ကို စိတ်ဆိုးတာပဲ လို့ ပြောမှာပေါ့။ ရဟန္တာမို့လို့ စိတ်မဆိုး ပါဘူး။ နဲနဲလဲ စိတ်မဆိုးဘူး။ များများလဲ စိတ်မဆိုးဘူးလေ။ ဒါဖြင့် ဘာဖြစ်လို့ ဆွဲထုတ်ပစ်ရတာလဲ ဆိုယင် ဘုန်းကြီးတို့ သာသနာက ဒီလိုပါပဲ။ ပြင်းထန်တာ ကို ကြမ်းစေရတာပါပဲ။ ပုထုဇဉ်တွေကျတော့ ဒေါသဖြစ်တာ အမှန်ပေါ့။ ဒါပေမယ့်လို့ ဒေါသဖြစ်တဲ့ပုဂ္ဂိုလ်များလဲပဲ အရေး ရှိယင် ခပ်ကြမ်းကြမ်းပဲ အလုပ်လုပ်ကြရ မှာပဲ။

## မေးခွန်း (၃၆)

**မေး။** ။ စကျူပသာဒရုပ်က ကမ္မဇဘောန်သက်သက်သာ ဖြစ်သောကြောင့် အချို့ဆရာဝန်များ လူသေ မျက်စိကို လူကောင်းတယောက်ထဲ ထဲ့ကုလို့ မြင်တယ်ဆိုတာ ဖြစ်နိုင်ပါသလား။

**ဖြေ။** ။ ဒီလို ဘုန်းကြီး ဒါစဉ်းစားတယ်။ စကျူပသာ ဒက ဖြစ်ပျက်နေတာ၊ ဖြစ်ပျက်ဆိုတဲ့ စကျူ ပသာဒသာ အကယ်၍ သူဖြစ်လောက်အောင် ခုနကအရာဝတ္ထု လူတွေရဲ့မျက်လုံးက ရလာလို့ရှိယင် ဒီဖြစ်ပျက်ဆိုဘဲ့ ဥစ္စာ ရှေးကံကလဲရှိနေယင် ကမ္မဇရုပ် ပေါ်လာဘာပဲ။ကမ္မဇရုပ်ကလဲ ဖြစ်ပျက်နေတာ မဟုတ်လား၊ ရုပ်နေတဲ့ကမ္မဇရုပ် မဟုတ်၊ ပဋိသန္ဓေနေတုံးက ပါနေတဲ့ ကမ္မဇရုပ်ချည်းမဟုတ်။ နောက်

ထပ်ဖြစ်–နောက်ထပ်ဖြစ်၊ ဖြစ်ပျက်–ဖြစ်ပျက်–ဖြစ်ပျက်၊ အဲဒီ တော့ လူသေရဲ့ဟာကို ယူပြီးတော့ကာ ခုနက မျက်စိမြင်တယ် လို့ဆိုတာ ပသာဒရုပ်ရှိတာပဲ၊ ပသာဒရုပ်က ထပ်ဖြစ်လာပြီး

## မေးခွန်း (၃၇)

**မေး။** ။ လူတိုင်းတော့လဲ မရပါဘူး။

**ဖြေ။** ။ ဒါပေါ့၊ လူတိုင်းတော့ ရမလာဘူး၊ လူတိုင်း တော့ရမှာမဟုတ်ဘူး၊ ခုနက ကံအဆင်သင့်မှ ရမှာပဲ။ တခါတလေ မျက်စိဆရာဝန်တွေ ဒါကတော့ ကုလို့ မရတော့ဘူးလို့။ တဆင့် ပြောင်းတာတော့ မဟုတ်ဘူး။ ဒီ မျက်စိကိုပဲ ကုလို့မရတော့ဘူး။ သူတို့ ဘာမြင်သလဲတော့ မသိဘူးပေါ့လေ၊ သူတို့ပညာနဲ့။ အဲဒီတော့ ကမ္မဇရုပ် မဖြစ် နိုင်လောက်အောင် အခြေခံပျက်သွားချင် ပျက်သွားလိမ့်မယ်။

**ဒေါက်တာနေဝင်း။** ။ ဆရာတော်ကို အခုလို အကြာကြီး လျှောက်ရတာကို ခွင့်ပြုပါ။

**ဆရာတော်** ။ ။ ကိစ္စမရှိပါဘူး၊ ကိစ္စမရှိပါဘူး။ မနက်ဖြန်ခါ ဘုန်းကြီး ပြန်မှာပဲ။ မေးပေါ့။ မေးတဲ့သူကမေး၊ ဘုန်းကြီးက ကုလားထိုင်ပေါ် ထိုင်တဲ့ခါ ထိုင်ပြောပေါ့။ သီလမရှိယင် မဖြစ်ပါဘူး။ သီလကို ထိန်းကြပါ။ ကဲ–ပြန်ချင်တဲ့သူ ပြန်ရမှာပဲ၊ ကောင်းပါတယ်၊ ဝေးပါပြီ၊ နောက်လဲ မေးတဲ့မေးခွန်းက ကျသွားရတော့မှာပါ၊ ကဲ–ကဲ–သွားကြ–သွားကြ။ ငါးပါးသီလတော့ ထိန်းကြပေါ့။

## အမရပူရ
## မဟာဂန္ဓာရုံ-ဆရာတော်
# အရှင်ဇနကာဘိဝံသ ၏

## သာသနာတော် အရှည်သန့်ရှင်း တည်တံ့ ပြန့်ပွားရေး အတွက် ရေးသားပြုစုပြီးဖြစ်သည့် ကျမ်းစာများ

ပိဋကတ်တော်များကို အခက်အခဲမရှိ၊ အခြေခံမှစ၍ အထက်ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများအထိ အဆင့်ဆင့် လွယ်ကူစွာပေါက်မြောက်အောင် သင်ယူနိုင်ရန် စီစဉ် ရေးသားတော်မူခဲ့ပါသည်။

### (က) သဒ္ဒါကျမ်းများ၊

၁။ အခြေပြုနာမ်ဂိုဏ်း
၂။ မူလတန်း ပါဠိသိက္ခာနှင့် သဒ္ဒါကျဉ်း
၃။ အခြေပြုသဒ္ဒါ
၄။ ကစ္စည်းဘာသာဋီကာ(ပ)(ဒု)
၅။ ရူပသိဒ္ဓိဘာသာဋီကာ(ပ)(ဒု)
၆။ သဒ္ဒတ္ထဘေဒစိန္တာဘာသာဋီကာ
၇။ ကစ္စာယနသာရဘာသာဋီကာ
၈။ အလင်္ကာဘာသာဋီကာ
၉။ ကထာသလ္လာပသိက္ခာ။

### (ခ) ဝိနည်းဆိုင်ရာကျမ်းများ၊

၁၀။ ရုပ်ပုံရှင်ကျင့်ဝတ်
၁၁။ ဘုရားဥပဒေတော်ကြီး
၁၂။ ပါတိမောက်ဘာသာဋီကာ
၁၃။ ခုဒ္ဒသိက္ခာ ဘာသာဋီကာ
၁၄။ ကင်္ခါဘာသာဋီကာ(ပ)(ဒု)

၁၅။ ပါရာဇိကကဏ်ဘာသာဋီကာ ပါဠိနိဿယ(ပ)(ဒု)(တ)(စ)
၁၆။ ပါစိတ်ဘာသာဋီကာ
၁၇။ မဟာဝါဘာသာဋီကာနှင့်ပါဠိတော်နိဿယ(ပ)(ဒု)
၁၈။ စူဠဝါဘာသာဋီကာနှင့် ပါဠိတော်နိဿယ
၁၉။ ပရိဝါဘာသာဋီကာနှင့် ပါဠိတော် နိဿယ

## (ဂ) အဘိဓမ္မာဆိုင်ရာကျမ်းများ၊

၂၀။ သင်္ဂြိုဟ်ပါဠိ(ဂန္ထာရုံမှ)
၂၁။ အခြေပြုသင်္ဂြိုဟ်
၂၂။ သင်္ဂြိုဟ်ဘာသာဋီကာ
၂၃။ ဝီထိနှင့် သုံးချက်စုဘာသာဋီကာ
၂၄။ ဋီကာကျော်နိဿယ
၂၅။ အဋ္ဌသာလိနီဘာသာဋီကာနှင့် မူလဋီကာနိဿယ
ပါဠိတော်နိဿယ(ပ)(ဒု)(တ)(စ)
၂၆။ သမ္မောဟဝိနောဒနီဘာသာဋီကာနှင့် မူလဋီကာနိဿယ
ပါဠိတော် နိဿယ(ပ)(ဒု)(တ)
၂၇။ ပဋ္ဌာနပကရဏဘာသာဋီကာနှင့် မူလဋီကာနိဿယ
ပါဠိတော်နိဿယ–ကထာဝတ္ထုတွင် မြန်မာပြည်ပြန် နမူနာ
ပါသည်။ (ပ)(ဒု)(တ)(စ)(ပဉ္စ)

## (ဃ) သုတ္တန်ဆိုင်ရာကျမ်းများ၊

၂၈။ သီလက္ခန်ဘာသာဋီကာနှင့် ပါဠိတော်နိဿယ
(ပ)(ဒု)(တ)(စ)
၂၉။ သုတ်မဟာဝါဘာသာဋီကာနှင့် ပါဠိတော်နိဿယ
(ပ)(ဒု)(တ)
၃၀။ အဋ္ဌကထာအခြေပြု

၃၁။ ဗြဟ္မဇာလသုတ်မြန်မာပြန်

၃၂။ သာမညဖလသုတ် မြန်မာပြန်

## (င) ပကိဏ္ဏကကျမ်းများ၊

၃၃။ ရတနာ့ဂုဏ်ရည် (လက္ခဏာတော်ကြီး ဘုရားရှိခိုး၊ ဝိစိတြ ဝဏ္ဏနာ၊ သရဏဂုံစိစစ်ချက် တွဲရိုက်ထားသည်)

၃၄။ ကိုယ်ကျင့်အဘိဓမ္မာ

၃၅။ အနာဂတ်သာသနာ(က)သာသနာရေး လျှောက်ထားချက် (ခ) မော်ဘီ သံဃာ့အစည်းအဝေးမိန့်ခွန်း၊ (ဂ) ပဉ္စမပြန် စာမေးပွဲ ပြုပြင်ရေး အစီရင်ခံစာပါ တွဲရိုက်ထားသည်။

၃၆။ ဘာသာသွေး

၃၇။ ဘာသာရေး ပြဿနာများနှင့် စစ်ဘပ်တရားတော်

၃၈။ ဗုဒ္ဓါနုဿတိဘာဝနာ(ဗြဟ္မဇာလသုတ်နှင့် သာမညဖလသုတ် တွဲထားသည်)

၃၉။ အခြေပြုမင်္ဂလသုတ်

၄၀။ ဗုဒ္ဓဘာသာလက်စွဲ ၆-အုပ်၊ မူလတန်း(အစိုးရရိုက်)

၄၁။ ဗုဒ္ဓဘာသာသင်္ခန်းစာ(မူလတန်းမှ အဋ္ဌမတန်းအထိ) အကျယ်

၄၂။ ဗုဒ္ဓဝင်အမေးအဖြေ

၄၃။ ရုပ်စုံဗုဒ္ဓသာသနာဝင်

၄၄။ နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ

၄၅။ တဘဝ သံသရာ(ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ)

၄၆။ အခြေပြုပဋ္ဌာန်းတရားတော်

၄၇။ ဓမ္မစကြာတရားတော်နှင့် အနတ္တလက္ခဏာသုတ် တရားတော်

၄၈။ လူ့ချမ်းသာ(ရိုက်ဆဲ)

၄၉။ ဒုလ္လဘကထာ (ရိုက်ရန်စီစဉ်ပြီး)

၅၀။ သူတော်ကောင်းလက္ခဏာ သြဝါဒတရားတော်

၅၁။ ဝိုင်-အမ်-ဘီ-အေအနာဂါမိကသာသနာရေးဩဝါဒတရားတော်
၅၂။ သိပ္ပံအမြင်နှင့် ဗုဒ္ဓအဘိဓမ္မာ အဖြေများ(ဒေါက်တာဂနေဝင်း နှင့် ဂါဒီယံ ဦးစိန်ဝင်းတို့ လျှောက်ထားချက်)
၅၃။ မဟာဂန္ဓာရုံ ဝတ်ရွတ်စဉ်

**ကျမ်းစာများဈေးမှန်ဖြင့်ရနိုင်သောဌာန**

၁။ ကမ္ဘာအေး သာသနာရေးဦးစီးဌာန၊ စာအုပ်အရောင်းဆိုင်။
၂။ ရန်ကုန်မြို့၊ ပြည်သူ့ကုန်တိုက်(၁)
၃။ မန္တလေးမြို့၊ ပြည်သူ့ကုန်တိုက်(၁)
၄။ ဦးထိန်ဝင်း၊ ၁၀၇၊ စိန်ဂျန်းလမ်း၊ ရန်ကုန်မြို့။
၅။ ဦးထိန်ဝင်း၊ ၁၃၈၊ ဗိုလ်ချုပ်ဈေး အနောက်ဘက်တန်း၊ ရန်ကုန်မြို့။
၆။ ဒေါ်တင်တင်အေး၊ ၁၄၊ ရွှေတိဂုံဘုရားကြီးဈေး၊ တောင်ဘက် စောင်းတန်း၊ ရန်ကုန်မြို့။



## အမရပူရ မဟာဂန္ဓာရုံဆရာတော်
## အရှင်ဇနကာဘိဝံသ၏
## ယနေ့ ဝယ်၍ ရနိုင်သော ကျမ်းစာများ


၁။ ရတနာ့ဂုဏ်ရည် (အထူး) .. ၁၃ိ
၂။ ကိုယ်ကျင့်အဘိဓမ္မာ .... ၁၂ိ
၃။ အနာဂတ်သာသနာရေးကျမ်း (အထူးထုတ်)
စာမျက်နှာ တစ်ရာကျော်နောက်ဆက်တွဲများပါသည်.... ၁၈ိ
၄။ အနာဂတ်သာသနာအတွက် ဗုဒ္ဓဘာသာသင်ခန်းစာ .... ၁၅ိ
၅။ ဗုဒ္ဓါနုဿတိဘာဝနာ, ဗြဟ္မဇာလသုတ်, သာမညဖလသုတ်
မြန်မာပြန်တရားတော် ၃-အုပ်တွဲ .... ၁၅ိ
၆။ ရုပ်ပုံရှင်ကျင့်ဝတ် .... ၈ိ
၇။ ပါတိမောက် ဘာသာဋီကာ .... ၁၈ိ
၈။ ဓမ္မစကြာတရားနှင့် အနတ္တလက္ခဏသုတ်တရားတော် .... ၁၈ိ
၉။ အဋ္ဌကထာအခြေပြု .... ၈ိ
၁၀။ သင်္ဂြိုဟ်ဘာသာဋီကာ .... ၀ိ
၁၁။ ဘာသာသွေးနှင့် ဘာသာရေးပြဿနာများ
စစ်တပ်တရားတော် — ၁၀ိ
၁၂။ ရူပသိဒ္ဓိဘာသာဋီကာ(ပ တွဲ) .... ၂၇ိ
၁၃။ အခြေပြုပဋ္ဌာန်းတရားတော် .... ၂၅ိ
၁၄။ ဘုရားဥပဒေတော်ကြီး .... ၃၀ိ
၁၅။ ကထာသလ္လာပ .... ၇ိ
၁၆။ နောက်ဆုံးဆယ်လမြတ်ဗုဒ္ဓ .... ၈ိ
၁၇။ မြောင်းမြဆရာတော်ဘုရားကြီး သာသနာဘယ်လိုပြုခဲ့သလဲ ၃၀ိ
၁၈။ တဘာဝသံသရာ .... ၄၀ိ


၁။ ပဉ္စပကရဏ ဘာသာဋီကာ ၅-တွဲနှင့် အခြားရိုက်နှိပ်ဆဲများ
(က)ယမကဘာသာဋီကာ(ရမြို) (ခ)ကထာဝတ္ထုဘာသာဋီကာ ၁-တွဲ
(ဂ)ဓာတုကထာ ဘာသာဋီကာ (ဃ) ပုဂ္ဂလပညတ်ဘာသာဋီကာ
(င) ပဋ္ဌာန်း ဘာသာဋီကာ ၂။ သုတ်မဟာဝါ ဘာသာဋီကာ ၃-တွဲ
၃။ ကင်္ခါဘာသာဋီကာ ပ-ဒု ၄။ အခြေပြုသဒ္ဒါ
၅။ အခြေပြုသင်္ဂြိုဟ် ၆။ ရူပသိဒ္ဓိ ဘာသာဋီကာ-ဒုတိယတွဲ